# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၀၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်     ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ တနင်္လာနေ့။


**နိုင်ငံတော်ဝန်ကြီး အရေး(၃)ပါး**

✳ ပြည်ထောင်စု မပြိုကွဲရေး။

✳ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

✳ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော်  ဇန်နဝါရီ  ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt-Gen Neo Kian Hong ၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူသမ္မတနိုင်ငံသို့ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chua၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dr.Ahmad Faisal Bin Muhamad နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ✳

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်ရန် နေပြည်တော်လေဆိပ်မှထွက်ခွာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

၁၃-၁-၂၀၁၃

| | | |
|---|---|---|
| လွိုင်လင်မြို့ | -၂ | ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | -၁ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၁ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| သီပေါမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| လားရှိုးမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |

## ကျောင်းသင်ခန်းစာ အချုပ်ပိုသုံးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပထဝီဝင်ဘာသာရပ် ကျောင်းသင်ခန်းစာ အချုပ်ပို သုံးမျက်နှာ ပါရှိပါသည်။

# လက်ရှိချန်ပီယံ ရန်ကုန်နှင့်ဇေယျာရွှေမြေတို့ နိုင်ပွဲဆက်

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

ရန်ကုန်အသင်းနှင့် ရခိုင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။

**ရန်ကုန်  ဇန်နဝါရီ  ၁၃**

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက နှစ်ပွဲဆက် နိုင်ပွဲရရှိခဲ့သည်။

(YUSC ကွင်း)

**ရန်ကုန်ယူနိုက်တက် - လေးဂိုး**
**(ဆီဇာနှင့်ကိုနေးအဒမ်မာ)**

**ရခိုင်ယူနိုက်တက် - ဂိုးမရှိ**

ချန်ပီယံဆုအတွက် အဓိကပြိုင်ဘက်အသင်းများ အမှတ်များ ဆက်တိုက် ဆုံးရှုံးနေချိန်တွင် လက်ရှိ ချန်ပီယံရန်ကုန်အသင်းမှာ နှစ်ပွဲဆက်နိုင်ပွဲကို ရယူနိုင်ခဲ့သည်။ ဒဏ်ရာပြဿနာရှိနေသည့် ကြည်လင်းနှင့်ဒေးဗစ်ဒန်းတို့မှလွဲ၍ ရန်ကုန်အသင်းတွင် လူစုံခဲ့ပြီး အသစ်ခေါ်ယူထားသည့် ကျော်ကိုကို ကိုလည်း ပွဲစကတည်းက အသုံးပြုခဲ့သည်။ ရန်ကုန်အသင်း၏ ကစားပုံမှာ ဖွဲ့ကပင်နှင့်ပွဲထက် ပိုကောင်းခဲ့ပြီး ဆီဇာ၊ ကျော်ကိုကို၊ ကိုနေးအဒမ်မာတို့ သုံးယောက်ကို ရှေ့တွင်ထားကာ ၄-၃-၃- ပုံစံဖြင့် ကစားခဲ့သည်။ ရခိုင်အသင်းမှာ ရတနာပုံကို သရေကစားခဲ့သည့် ခြေစွမ်းမျိုး မတွေ့ခဲ့ရသလို ၃၂ မိနစ်တွင်

စာမျက်နှာ ၉ ကော်လံ ၇ ✳

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စိတ်ကောင်းနှင့် အကောင်းမြင်ဝါဒ

စေတနာဟူသည် စိတ်ကိုခြယ်လှယ်သော သဘောတစ်ခု ဖြစ်၏။ စေတနာဟုဆိုလျှင် သာမန်အားဖြင့် ကောင်းသည့် သဘောအဖြစ် မှတ်ယူကြသော်လည်း စင်စစ်အားဖြင့်မူ စေတနာကောင်းနှင့် စေတနာဆိုးဟူ၍ ကောင်းဆိုးနှစ်တန်ရှိသည်ဟု မှတ်ယူသင့်၏။ ကောင်းသောစေတနာကြောင့် စိတ်ကောင်း စိတ်မြတ်ကို ဖြစ်စေကာ ဆိုးသောစေတနာကြောင့် စိတ်ညံ့ စိတ်ဆိုးတို့ကို ဖြစ်စေသည်ဟု ဆိုရမည်ဖြစ်သည်။

စေတနာကောင်းသည် စိတ်ကောင်းကိုဖြစ်စေ၏။ စိတ်ကောင်းသည် ကိုယ်ချင်းစာစိတ်ကို အခြေခံ၏။ လူ့လောက ကြီးပွားတိုးတက်ရေးတွင် စိတ်ကောင်းစေတနာသည် အရေးကြီး၏။

တစ်ဖန် စေတနာ ဘိက္ခဝေ ကမ္မံဝဒါမိ ဟူ၍လည်း ဆိုထားသည်။ စေတနာကောင်းလျှင် ကံကောင်းသည်။ စေတနာသည် တူသောအကျိုးပေးသည်ဟု ဆို၏။ ထို့ကြောင့် စေတနာကောင်းကောင်းထားချေက စေတနာနှင့်တူသော အကျိုးကိုရနိုင်၏။ စေတနာဆိုးလျှင် ကံဆိုးမည်ဖြစ်ပြီး စေတနာကောင်းလျှင် ကံကောင်းမည်သာဖြစ်၏။ စေတနာသည်သာ ပဓာနအကျဆုံးဖြစ်၏။

မျက်မှောက်ခေတ်ကြီးသည်ကား အပြိုင်အဆိုင်ခေတ်ကြီး ဖြစ်လာသည်။ ပါရမီဓာတ်ခံမရင့်သန်သေးသည့် ပုထုဇဉ်တို့၏ သဘာဝအရ စိတ်ကောင်း စိတ်မြတ်တို့ကို အချိန်နှင့်အမျှ ထာဝရဆိုသလို မွေးမြူသိမ်းပိုက်မှု မပြုနိုင်ကြသေးသည့်တိုင် လူအချင်းချင်း လိမ်လည်လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ မနာလိုဝန်တိုခြင်း၊ သိမ်ဖျင်းသောစကားများ ပြောဆိုခြင်း၊ ချောက်တွန်းခြင်း စသော မကောင်းသောစိတ်များ မွေးမြူမှုကို ရှောင်ရှားကြရမည် ဖြစ်၏။

မကောင်းစိတ်ထားများ တိုးလာခြင်းသည် ကျွန်ုပ်တို့လူ့ဘောင်တစ်ခုလုံး ကောင်းမွန်ရေးအတွက် ကြိုးပမ်းကြရာတွင် များစွာအနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။ ဤစိတ်ညစ် စိတ်ဆိုးတို့သည် အမြဲတစေအကောင်း မြင်ဝါဒကို အခြေခံလေ့မရှိပါ။ အဆိုးမြင်ဝါဒဖြင့်သာ ကြည့်တတ်ကြပါသည်။ အမြဲတမ်းအပြုသဘောဆောင် ပြောဆိုလေ့မရှိ။ အဖျက်သဘောဖြင့်သာ ပြုမူပြောဆိုလေ့ရှိကြပါသည်။ ထိုသို့ မကောင်းမြင် အဆိုးမြင်ဝါဒီများ တိုးပွားလာမည်ဆိုပါက ကောင်းရာကောင်းကြောင်း၊ တိုးပွားစည်ပင်ရာစည်ပင်ကြောင်း ကြိုးစားအားထုတ်မှုများကို အနှောင့်အယှက် အဟန့်အတားများ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် လူတိုင်း လူတိုင်းသည် စိတ်ကောင်း စိတ်မြတ်များထားပြီး အရာရာအပြုသဘောဆောင် အကောင်းမြင်ဝါဒဖြင့် လုပ်ကိုင်နိုင်ကြခြင်းဖြင့် ကြီးပွားတိုးတက်ခြင်းသို့ အမှန်ပင်ရောက်ရှိစေနိုင်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

### သူ့အတွေး သူ့အမြင်

# သူ့အကျိုး ကိုယ့်အကျိုး

**မြင့်ဝေလှိုင်**

လူတိုင်းသည် လူ့ဘောင်လောကကို ငြိမ်းချမ်းသာယာဝပြောစေလိုသော ဆန္ဒရှိကြသည်။ အဆိုပါ ငြိမ်းချမ်းသာယာလိုသော ဘဝကြီးထဲတွင် လူအများစုသည် မိမိကိုယ်ကျိုးကို အဓိကထားလျက် အများအကျိုးကို ပေါင်းစပ်သယ်ပိုးလေ့ရှိကြသည်။

လူအများသည် ဘဝသံသရာအဆက်ဆက်ပါရှိလာသော ဗီဇ၊ ဉာဉ်၊ စရိုက်များ အရလည်းကောင်း၊ ပစ္စုပ္ပန်၊ ကံ၊ ဉာဏ်၊ ဝီရိယ စိတ်နေစိတ်ထားအပေါ် မူတည်၍လည်းကောင်း သူ့အကျိုး ကိုယ့်အကျိုး သယ်ပိုးဆောင်ရွက်ပုံချင်း မတူကြချေ။

မည်သို့ပင်ဖြစ်စေ ဖော်ပြပါ အကြောင်းရပ်အချင်းအရာများကို အခြေခံလျက် လူလေးမျိုး လေးစားခွဲခြားနိုင်သည်ကို တွေ့ရသည်။ ၎င်းတို့မှာ-

(၁) မိမိကိုယ်ကျိုး၊ မိသားစုအကျိုးအတွက် ရှေးရှုဆောင်ရွက်နေသူ၊
(၂) မိမိကိုယ်ကျိုး၊ မိသားစုအတွက်သာမက အများအကျိုးကိုပါ ရှေးရှု ဆောင်ရွက်နေသူ၊
(၃) ကိုယ့်အကျိုးကိုရော သူ့အကျိုးကိုပါ ဆောင်ရွက်နိုင်ခြင်းမရှိသူ၊
(၄) မည်သူ့အကျိုးကိုမျှ မဆောင်ရွက်နိုင်သည်သာမက သူတစ်ပါးအကျိုးကိုပင် ထိခိုက်အောင် ကျူးလွန်ဆောင်ရွက်သူဟူ၍ ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလက-

"စွမ်းဆောင်နိုင်ခဲ့ရင် မိမိအကျိုး၊ သူတစ်ပါးအကျိုး နှစ်မျိုးစလုံးကျင့်ပါ၊ ဒါက ပထမတန်းစား ပုဂ္ဂိုလ်။ သည်နှစ်မျိုးစလုံး မပြည့်စွမ်းနိုင်ခဲ့ရင် ကိုယ့်အကျိုးတစ်မျိုးတည်းကိုကျင့်ပါ၊ ဒါက ဒုတိယတန်းစား ပုဂ္ဂိုလ်။ သူ့အကျိုး ကိုယ့်အကျိုးနှစ်မျိုးစလုံးလည်းမကျင့်၊ ကိုယ့်အကျိုးတစ်မျိုးတည်းလည်းမကျင့်နိုင်ရင် အပြစ်ကင်းအောင်နေပါ၊ ဒါက တတိယတန်းစား ပုဂ္ဂိုလ်။ အဲ- ကိုယ့်အကျိုးတစ်မျိုးတည်းလည်းမကျင့်နိုင်၊ ကိုယ့်အကျိုး၊ သူ့အကျိုး နှစ်မျိုးစလုံးလည်းမကျင့်နိုင်၊ အပြစ်ကင်းအောင်နေတဲ့ တတိယတန်းစားထဲမှာလည်း မပါဘဲ ဘယ်သူ့အကျိုးမှလည်းမကျင့်နိုင်ရုံမက အပြစ်ကင်းအောင်လည်းမနေနိုင်ဘူးဆိုရင် ဘယ်ကောင်းတော့မလဲ"ဟု မိန့်ကြားခဲ့ဖူးသည်။

ရွှေဟင်္သာဆရာတော်ကြီး၏ အဆုံးအမမိန့်ကြားချက်မှာ မှတ်သားဖွယ်ကောင်းလှသည်။ ယနေ့ကာလတွင် လူတိုင်းသည် အဆိုပါ လူလေးမျိုးအနက် မိမိသည် မည်သည့်အမျိုးအစားတွင် ပါဝင်သနည်းဟူ၍ မိမိကိုယ်မိမိ ပြန်မေးသင့်သည်။ ပြန်လည်သုံးသပ်သင့်သည်။ သို့မှသာ လူ့ဘောင်လောက ငြိမ်းချမ်းသာယာဝပြောရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အဆိုပါ လူလေးမျိုးတွင် ဆရာတော်ကြီးဟောကြားခဲ့သော ပထမတန်းစားဖြစ်သည့် "မိမိကိုယ်ကျိုး၊ မိသားစုအကျိုးအတွက်သာမက အများအကျိုး (သူ့အကျိုး) ကိုပါ ရှေးရှုဆောင်ရွက်နေသူ" သည် အမြတ်ဆုံးဟု ဆိုချင်သည်။ သို့သော် ယင်းကို လူတိုင်းမလုပ်နိုင်၊ အနို ပုဂ္ဂိုလ်အချို့သည် အဆိုပါ ပထမတန်းစား ပုဂ္ဂိုလ်မျိုးဖြစ်လျှင် ကောင်းလေစွဟု တွေးခေါ်နိုင်သော်လည်း ဘေးမျှော်ကာ တစ်လွဲလုပ်တတ်ကြသည်။ ထို့နောက် ပိုဆိုးသည်မှာ စတုတ္ထတန်းစားပုဂ္ဂိုလ်ဖြစ်နေသူများအတွက်ပင်ဖြစ်သည်။ မည်သူ့အကျိုးကိုမျှ မဆောင်ရွက်နိုင်သည်သာမက အများအကျိုး (သူ့အကျိုး) ကိုပင် ထိခိုက်အောင် ဆောင်ရွက်တတ်ကြသောကြောင့်ဖြစ်သည်။

ထိုသို့ အများအကျိုးကို ထိခိုက်အောင် ဆောင်ရွက်တတ်သူများထဲတွင် သာမန်အားဖြင့် နှစ်မျိုးခွဲနိုင်ပြန်သေးသည်။ တစ်မျိုးမှာ ရန်ငြိုးရှိသဖြင့် လက်တုံ့ပြန်သည့်အနေဖြင့် သူ့အကျိုးကို ဆုတ်ယုတ်ပျက်စီးအောင် ပြုမူဆောင်ရွက်ခြင်းဖြစ်သည်။ ကျန်တစ်မျိုးမှာကား ပိုဆိုးသည်။ လူတစ်ဦးနှင့်တစ်ဦး မသိပါဘဲ၊ ရန်ငြိုးမရှိပါဘဲ၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု မသိပါဘဲ၊ တစ်ဦးတစ်ဖွဲ့၏ လုပ်ဆောင်ချက်ကြောင့် အခြားတစ်ဦးတစ်ဖွဲ့၏ အကျိုးစီးပွားကို ထိခိုက်ဆုတ်ယုတ်ပျက်စီးစေခြင်းဖြစ်သည်။

ဆုတ်ယုတ်ပျက်စီးခြင်း အကြောင်းတရားနှင့်စပ်လျဉ်း၍ ဗုဒ္ဓရှင်တော်မြတ်က ဤသို့ဟောကြားတော်မူခဲ့ဖူးသည်။

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူနေစဉ် နတ်သားတစ်ပါးသည် လှပတင့်တယ်သော အသွင်ဖြင့် သန်းခေါင်ယံအချိန်၌ ဗုဒ္ဓရှင်တော်မြတ်ထံ ချဉ်းကပ်လာသည်။ ထိုနတ်သားသည် ဗုဒ္ဓရှင်တော်မြတ်ထံ ရောက်လျှင် သင့်တင့်သောအရပ်၌ နေ၍-

"အရှင်ဂေါတမ၊ ကျွန်ုပ်အား ဆုတ်ယုတ်ပျက်စီးခြင်း အကြောင်းတရားများကို ဟောကြားတော်မူပါ" ဟု တောင်းပန်လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က-

"အသင်နတ်သား ကြီးပွားမည့်သူကိုလည်းကောင်း၊ ဆုတ်ယုတ်ပျက်စီးမည့်သူကိုသော်လည်းကောင်း သိရန်ကားလွယ်ကူလှပေသည်။ တရားမျှတမှုကို လိုလားနှစ်သက်သူသည် ကြီးပွားချမ်းသာ၏။ တရားမျှတမှုကို လိုလားနှစ်သက်ခြင်းမရှိသူသည် ဆုတ်ယုတ်ပျက်စီး၏"

"အကြင်သူသည် သူယုတ်မာတို့ကို ချစ်ခင်မြတ်နိုး၏၊ သူတော်ကောင်းတို့ကို ချစ်ခင်မြတ်နိုးခြင်းမရှိ၊ သူယုတ်မာတို့၏ တရားကို လိုလားနှစ်သက်၏။ သူတော်ကောင်းတရားများကို လိုလားနှစ်သက်ခြင်းမရှိ၊ ထိုသူသည် ဧကန်စင်စစ် ဆုတ်ယုတ်ပျက်စီးမည့်သူဖြစ်၏" ဟု ဟောကြားတော်မူခဲ့လေသည်။

ဤနေရာတွင် ဘုရားဟောနှင့် ယှဉ်ပြီး မိသားစုများ၊ လူ့အဖွဲ့အစည်းများဖြင့် တည်ဆောက်ထားသော လူ့ဘောင်လောကကို ယှဉ်ထိုးကြည့်မိသည်။

မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခုအတွင်း တိုးတက်မြင့်မားအောင် စွမ်းဆောင်လေ့ရှိကြသည်။ ထိုသူများ အရင်းအနှီးများ စိုက်ထုတ်ကြရသည်။ အရင်းအနှီးဟု ဆိုရာတွင် လူသားအရင်းအမြစ်နှင့် ငွေကြေးတို့က အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ငွေကြေး အရင်းအနှီး တိုးပွားရေးတို့မှာ အချိန်ယူတည်ဆောက်ကြရသည်။

ထိုသို့တည်ဆောက်ရာတွင် လုပ်ငန်းစဉ်ဆက်မပြတ် တိုးတက်လည်ပတ်နိုင်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် အထူးအရေးပါလှသည်။ အချို့အဖွဲ့အစည်းများသည် လူ့စွမ်းအားအရင်းအမြစ် မြင့်မားခိုင်မာရေးအတွက် အပုံသင်စင့်ကအသွင်ဖြစ်သည့် အလုပ်သင်ဘဝကပင် ပြုစုပျိုးထောင်ပေးခဲ့ကြရသည်။ အချိန်ယူ၍ လေ့ကျင့်သင်ကြားပေးခဲ့ကြရသည်။ ထိုသို့ အချိန်ယူ၍ သင်ကြားတတ်မြောက် ကျွမ်းကျင်ပြီးခါမှ လူ့စွမ်းအားအရင်းအမြစ်များကို လုပ်ငန်းတူအဖွဲ့အစည်းအချို့က မက်လုံးပေးစည်းရုံးဆွဲယူခြင်းမျိုးများ ဖြစ်လေ့ဖြစ်ထ ရှိသည်။ စီးပွားရေးအခွင့်အလမ်းများ ပွင့်နေသည့် ယခုလို အချိန်အခါတွင် တွေ့ရနိုင်သည်။ ဤသည်ကား လုပ်ငန်းလုပ်ဆောင်နေကြသူများ သတိပြုသင့်သည့်အချက် တစ်ချက်ဖြစ်သည်။

အချို့ဝန်ထမ်းများသည် လူ့သဘောသဘာဝအရ မိသားစုသဖွယ် ဖြစ်နေသော မူလအဖွဲ့အစည်းထက် ဝင်ငွေပိုသာကာ အကျိုးအမြတ်ပိုမိုမည်ထင်သော နေရာ၊ ဌာနများဆီသို့ ကူးပြောင်းလုပ်ကိုင်ချင်တတ်ကြသည်။ သို့သော်လည်း ငယ်စဉ်ကာလမှ ပြုစုကျွေးမွေးပျိုးထောင်လာသော ကျေးဇူးတရားများသည် ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သည်ကို သတိချပ်သင့်သည်။ အရေးကိစ္စရှိသော် နှစ်ပေါင်းများစွာ တွယ်ငြိလာသောသံယောဇဉ်တရားများ ၊ ကျေးဇူးတရားများကသာ မိမိဘဝကို ကူညီစောင့်ရှောက်မှုပေးသွားနိုင်မည်ကိုလည်း သတိချပ်သင့်သည်။ အလိုရှိသည့် အဖွဲ့အစည်း၏ အခြေအနေအမှန်နှင့် မိမိအတွက် အလားအလာကို ချင့်ချိန်တွက်ဆရမည်။

ယနေ့ကာလ ဒီမိုကရေစီစနစ် ခေတ်ပြောင်းစနစ်ပြောင်းကာလတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ထည့်ဝင်ပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန် ကြိုးပမ်းလာလျက်ရှိရာ လုပ်ငန်းတူစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများသည်လည်း အပြိုင်အဆိုင်ဖြစ်လာကြမည် ဖြစ်ပေသည်။

ထို့ကြောင့် စီးပွားပြိုင်ဘက်အချင်းချင်း လုပ်ငန်းဆောင်ရွက်ရာတွင် အတ္တရှေ့တန်းတင်ပြီး တစ်ဘို့တည်းသာ မကြည့်ဘဲ ကိုယ့်အကျိုး သူ့အကျိုးရေရှည်မျှော်ကိုး၍ ဗုဒ္ဓရှင်တော်မြတ်တရားတော်နှင့်အညီ တရားမျှတမှုကို လိုလားနှစ်သက်စွာ စွမ်းဆောင်သွားပါက ထိုသူ၊ ထိုအဖွဲ့အစည်းသည် ကြီးပွားချမ်းသာခြင်းသို့ အမှန်ရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း အတွေးအမြင်တစ်ရပ်အဖြစ် ထင်ဟပ်ရေးသားလိုက်ရပါသည်။

# ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း လိုက်နာစေလို

နေပြည်တော်တွင် ဆိုင်ကယ်မောင်းနှင်သူ၊ စီးနင်းလိုက်ပါသူများအနေဖြင့် ဆိုင်ကယ်မောင်းနှင်၊ စီးနင်းချိန်တွင် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ မောင်းနှင်ရန်နှင့် နှစ်ဦးထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရန် ဖော်ပြ၍ အသိပညာပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကျင်းပ၍ အသိပညာပေးခြင်းများကို ဆောင်ရွက်နေသော်လည်း ယာဉ်မောင်းသူ၊ စီးနင်းသူများအနေဖြင့် လိုက်နာမှုနည်းပါးနေကြောင်း တွေ့မြင်ရသည်။

ပုံမှာ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက နေပြည်တော်ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီး ရာဇဌာနီလမ်းမကြီးပေါ်တွင် ဆိုင်ကယ်တစ်စီးပေါ်၌ လူလေးဦးမောင်နှင်စီးနင်းနေသည်မှာ အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့သော မြင်ကွင်းအဖြစ် သတင်းမှတ်တမ်းဓာတ်ပုံဖြင့် ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ ရေးသားဖော်ပြလိုက် ရပါသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

### ထင်သာမြင်သာ ပြုပြင်စရာ

Since 1989
SAYA-TONY
O.B.F Language School
အင်္ဂလိပ်စကားပြန်ဟောင်း
ဘာသာပြန်ဆရာ ( SHELL ) ဦးစီးသော
အင်္ဂလိပ်စကားပြော (အခြေခံ၊ အဆင့်မြင့်)
သဒ္ဒါ၊ အရေး (အခြေခံ၊ အဆင့်မြင့်)
General English
(ရေး၊ ဖတ်၊ ပြော၊ ဘာသာပြန်)
နိုင်ငံခြားစေ့စပ်သွား အင်္ဂလိပ် (အမြန်)
နိုင်ငံတကာစာမေးပွဲများ
I.E.L.T.S — Foundation + Exam
T.O.E.F.L — Foundation + Exam
တိုက်အမှတ်(၂၀၀/၂၀၈)၊ (၅)လွှာ၊ ၃၅လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ☎ 249178, 09-5061343, 09-5138867

GOLDEN PASS
TRAVELS & TOURS CO.,LTD
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကျူးလစ်(ပ်)ပန်းရဲ့ အနွှင်းမဲ့ဖွေးရနံ့နဲ့အတူ အသားအရေကို ဖြူဝင်းလှပစေပါသည်...
အရည်အသွေးကို ဦးစားပေးလို့ပဲဖြစ်ဖြစ်...
ဈေးနှုန်းချိုသာမှုကို အဓိကထားလို့ပဲဖြစ်ဖြစ်...
တစ်မိသားစုလုံး ဖြူဝင်းလှပဖို့ ရွေးချယ်မယ်ဆိုရင်တော့...
Anytime ပဲဖြစ်မှာပေါ့၊
Anytime
Whitening Cream
Face & Body

# အရေးပေါ်အခြေအနေဖြင့် ဆေးရုံသို့ရောက်ရှိလာသော လူနာများအား ဝယ်ယူထားသော ဆေးဝါးများဖြင့် ဦးစားပေးကုသနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

မိမိတို့ဆေးရုံများ၏ ဆေးဝါးလိုအပ်ချက်များကို ဆေးရုံအုပ်ကြီးများနှင့် ဆရာဝန်ကြီးများက သေချာစွာစိစစ်တွက်ချက်၍ စနစ်တကျ စာရင်းပြုစုထားရန်၊ စံညွှန်းကုထုံးများ မပြုစုရသေးသော ရောဂါများအတွက် စံညွှန်းကုထုံးများ ပြုစုထားရှိရန်ဖြစ်ကြောင်းဖြင့် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁)ရန်ကုန် ဇီဝကခန်းမ၌ ကျင်းပသော ဆေးဝါးများဝယ်ယူရေး၊ စနစ်တကျ အသုံးပြုရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ရန်ကုန်မြို့ရှိ ဆေးရုံကြီးများမှ ဆေးဝါးဝယ်ယူရေးကော်မတီဝင်များ၊ တာဝန်ခံဆရာဝန်ကြီးများ၊ သူနာပြုအုပ်များအား ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဗဟိုအဆင့်ဆေးရုံကြီးများအနေဖြင့် ဆေးဝါးများဝယ်ယူရာ၌ အရည်အသွေးပြည့်ဝသော ဆေးဝါးများဖြစ်ရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကနှင့် အခြေခံဆေးဝါးများစာရင်းကိုလည်း update ပြုလုပ်ရန် လိုကြောင်း၊ ဆေးရုံသို့ အရေးပေါ်အခြေအနေဖြင့် ရောက်ရှိလာသောလူနာများအား ဝယ်ယူထားသောဆေးဝါးများဖြင့် ဦးစားပေးကုသနိုင်ရေး ဆောင်ရွက်ထားရန်ဖြစ်ကြောင်း၊ မိမိဆေးရုံကိုအားကိုး၍ ရောက်ရှိလာသော လူနာများအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး အစဉ်အမြဲတိုးတက်နေစေရန် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဆေးဝါးဝယ်ယူရေးကော်မတီဝင်များဖြစ်ကြသည့် ဆေးရုံအုပ်ကြီးများ၊ တာဝန်ခံဆရာဝန်ကြီးများက ဆေးဝါးဝယ်ယူရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပညာရေးစုံညီပွဲတော် သီပေါမြို့၌ကျင်းပ

**သီပေါ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်မင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ (ခေတ္တ) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဝင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်ဇင်မင်း၊ အထကကျောင်းအုပ်ကြီးနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် သူငယ်တန်းမှ ဒသမတန်းအထိ ပညာရည်ချွန်ဆုများကို တာဝန်ရှိသူများက တစ်ဦးချင်းချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသားကျောင်းသူများက ရှမ်းရိုးရာယဉ်ကျေးမှုနှင့် အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **(၀၇၂)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

ပြည်တွင်းသတင်း

# သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံနိုင်ရေးလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြု မေတ္တာယျသက်သတ်လွတ်ဘုရားကျောင်းများ အဖွဲ့ချုပ် ဂိုဏ်းချုပ်ဦးမြင့်ဝင်းနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ရက် နံနက် ၉ နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုမေတ္တာယျ သက်သတ်လွတ်ဘုရားကျောင်းများအဖွဲ့ချုပ်က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဝန်ကြီးဌာနပိုင် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံနိုင်ရေးအတွက် ငွေကျပ်သိန်း ၃၀ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်ပြည်လုံးတွင် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

**ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း) နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင်-၂ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင်-၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့နှင့်လားရှိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

နောက် နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတကာသတင်း

# ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အမျိုးသမီးကြီး ကွယ်လွန်

**တိုကျို ဇန်နဝါရီ ၁၃**

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီးဖြစ်သည့် အသက် ၁၁၅ နှစ်အရွယ် ဂျပန်အမျိုးသမီးကြီး ကိုတိုအိုကူဘိုသည် တိုကျိုမြို့အနီး သူမနေထိုင်ရာ ကာဝါစကီမြို့၌ ဇန်နဝါရီ ၁၃ ရက်တွင် ကွယ်

လွန်သွားပြီဖြစ်ကြောင်း ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။

ဂျပန်အမျိုးသမီးကြီး ကိုတိုအိုကူဘိုသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ကမ္ဘာပေါ်တွင် အသက်ရှင်နေထိုင်လျက်ရှိသည့် အသက်အကြီးဆုံး အမျိုးသမီးကြီးအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။ သူမသည် ၁၈၉၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်၌ မွေးဖွားခဲ့သူဖြစ်ရာ ပြီးခဲ့သည့်လ ၂၄ ရက်က အသက် ၁၁၅ နှစ်ပြည့်ခဲ့သူဖြစ်သည်။

သူမသည် အမေရိကန်နိုင်ငံမှ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီး ဒီနာမင်ဖရက်ဒီနီနှင့် တစ်လခန့် အသက်ငယ်သူဖြစ်ပြီး ဒီနာဖရက်ဒီနီမှာ မကြာမီက သေဆုံးသွားခဲ့ပြီးနောက် ကိုတိုအိုကူဘိုမှာ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီး ဖြစ်လာခဲ့သည်။

ဂျပန်အမျိုးသမီးကြီး ကိုတိုအိုကူဘိုသည် ဂျပန်နိုင်ငံ ကာဝါစကီမြို့၌ သူမ၏ သားတစ်ဦးနှင့်အတူ နေထိုင်စဉ် ဇန်နဝါရီ ၁၃ ရက်က ကွယ်လွန်သွားခြင်းဖြစ်သည်။

(ရိုက်တာ)

# အာဖဂန်စစ်ပွဲတစ်ခုမှ သူရဲကောင်း အမေရိကန်နိုင်ငံ၏ ဂုဏ်ပြုဆုတံဆိပ် ရရှိမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များအား အကျအဆုံးများစေသည့် ဆန့်ကျင် တိုက်ခိုက်မှု တစ်ခုကို ရဲဝံ့စွန့်စားစွာ ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့သူ ဝါရင့်တပ်ကြပ်ကြီးဟောင်းတစ်ဦးသည် အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ပြု ဆုတံဆိပ် ရရှိမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက်က အေဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကလင်တန်ရိုမီရှာအမည်ရှိ အသက် ၃၁ နှစ်အရွယ် အဆိုပါ တပ်ကြပ်ကြီးသည် အီရတ်နှင့် အာဖဂန်တို့တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများတွင် ရဲစွမ်းသတ္တိပြောင်မြောက်မှုအတွက် အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးဆုကို လေးဦးမြောက် သက်ရှိထင်ရှားအပ်နှင်းခံရသူ ဖြစ်လာမည်ဖြစ်သည်။

**ထုတ်ပြန်**

တပ်ကြပ်ကြီး ရိုမီရှာသည် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၃ ရက်က သေဆုံးမှုများသော အာဖဂန်အရှေ့ပိုင်းရှိ အမေရိကန် ကိတင်းအခြေစိုက်တပ်စခန်းကို တာလီဘန်တို့ ထိုးစစ်ဆင်တိုက်ခိုက်ခံရချိန်တွင် ၎င်း၏ ရဲဝံ့ပြောင်မြောက်သော ခုခံတိုက်ခိုက်မှုအတွက် အဆိုပါ အမြင့်ဆုံးဂုဏ်ပြုဆုတံဆိပ်ကို လာမည့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရရှိမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဇန်နဝါရီ ၁၁ ရက်က ထုတ်ပြန်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း အစွန်အဖျားရှိ ယင်းအမေရိကန် အခြေစိုက်တပ်စခန်းကို တာလီဘန်တိုက်ခိုက်ရေးသမား ၃၀၀ ကျော်တို့က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့မှုကြောင့် အမေရိကန်စစ်သား ရှစ်ဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိသည်။

(အင်တာနက်)

# အက်ဖ်-၃၅ တိုက်လေယာဉ်များဝယ်ယူမှု တူရကီနိုင်ငံက ရွှေ့ဆိုင်းခဲ့

**အင်္ကာရာ ဇန်နဝါရီ ၁၃**

တူရကီနိုင်ငံသည် အမေရိကန်နိုင်ငံမှ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် နှစ်စင်း ဝယ်ယူမှုအစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း တူရကီစက်မှုကာကွယ်ရေး ဆိုင်ရာအထွေထွေ အတွင်းရေးမှူးရုံး (အက်စ်အက်စ်အမ်)က ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ ဂျက်တိုက်လေယာဉ်များ၏ မျှော်လင့်မထားသော နည်းပညာဆိုင်ရာ လုပ်ဆောင်မှုများနှင့် ကုန်ကျစရိတ်မြင့်တက်လာခြင်းကြောင့် ယင်းဝယ်ယူမှု အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း အက်စ်အက်စ်အမ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

**ဆုံးဖြတ်**

တူရကီအစိုးရက ၎င်း အက်ဖ်- ၃၅ ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၅ ရက်က ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

တူရကီအစိုးရသည် လက်ရှိလေယာဉ်များကို အသစ်ပြန်လဲရန်အတွက် ကနဦးက ဂျက်တိုက်လေယာဉ် အစင်း ၁၀၀ ဝယ်ယူရန် စီစဉ်ထားသည်ဟု ဆိုသည်။

တူရကီနိုင်ငံသည် အမေရိကန်နိုင်ငံလုပ် အက်ဖ်-၃၅ စစ်လေယာဉ်များ မျိုးဆက်သစ် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ၎င်းအနေဖြင့် ပါဝင်မှုကို ၂၀၀၇ ခုနှစ်က နားလည်မှု စာချုပ်မှုကြမ်းတစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

အခြားပါဝင်သူများမှာ ဗြိတိန်၊ ကနေဒါ၊ အီတလီ၊ နယ်သာလန်၊ ဩစတြေးလျ၊ နော်ဝေနှင့် ဒိန်းမတ်တို့ ဖြစ်ကြသည်။

(ဆင်ဟွာ)

**တင်မောင်လွင် - စုစည်းသည်**

# ဘာရိန်းနိုင်ငံတွင် မီးလောင်မှုဖြစ်ပွားသည့် အဆောက်အအုံ ပြိုကျ၍ ၁၃ ဦးသေဆုံး

**မာနာမာ ဇန်နဝါရီ ၁၃**

ဘာရိန်းနိုင်ငံမြို့တော် မာနာမာတွင် ဇန်နဝါရီ ၁၁ ရက်က အဆောက်အအုံတစ်လုံး ပြိုကျပြီးနောက် ၁၃ ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

အထပ်သုံးထပ်ရှိအဆိုပါအဆောက်အအုံအတွင်း မီးလောင်မှုဖြစ်ပွားပြီးနောက် အဆောက်အအုံမှာ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမီးလောင်မှုကို သုံးနာရီကျော်ကြာ ငြိမ်းသတ်ခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

၎င်းအဆောက်အအုံ ပြိုကျမှုဖြစ်ပွားပြီးနောက် အာရှနိုင်ငံသားများ၏ ရုပ်အလောင်း ၁၃ ခုကို တွေ့ရှိခဲ့ကြောင်း၊ သို့သော်လည်း ၎င်းတို့၏ မိခင်နိုင်ငံ အသီးသီးသို့ သတင်းမပို့ရသေးကြောင်း၊ အသက်ရှင်ကျန်ရစ်သူများကို ဆေးရုံသို့ ရွှေ့ပြောင်းပို့ဆောင်ပေးထားကြောင်း ဒေသဆိုင်ရာ အရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် မေလကလည်း အရှေ့ရီဖားရှိ ယာယီအလုပ်သမား စခန်းတစ်ခု၌ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားသောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၀ ဦး သေဆုံးခဲ့သည်။

(ဆင်ဟွာ)

# ပါလက်စတိုင်းအိမ်ရာများ အစ္စရေးရဲတပ်ဖွဲ့က ဖယ်ရှားရှင်းလင်း

**ဂျေရုဆလင် ဇန်နဝါရီ ၁၃**

အနောက်ဘက်ကမ်းဒေသရှိ နေရာတစ်နေရာတွင် အခြေချနေသည့် ပါလက်စတိုင်းများနှင့် နိုင်ငံတကာမှ တက်ကြွလှုပ်ရှားသူများကို အစ္စရေး ရဲတပ်ဖွဲ့များက ဖယ်ရှားနှင်ထုတ်နေကြောင်း ဘီဘီစီသတင်းတွင် ဇန်နဝါရီ ၁၃ ရက်က ဖော်ပြသည်။

ဂျေရုဆလင်နှင့်ဂျူးအခြေစိုက်အိမ်ရာ ဖာဘာလီအက်ဒူမင် အရပ်ကြားတွင် ရှိသည့် ယင်းနေရာကို $E_1$ဟု သတ်မှတ်ထားပြီး အစ္စရေးတို့က အခြေစိုက်အိမ်ရာသစ်များ တည်ဆောက်ရန် ပြင်ဆင်ထားသည့်နေရာဖြစ်သည်။

ထိုအရပ်တွင် နေထိုင်ခွင့်ကို ခြောက်ရက်သာအချိန်ပေးမည်ဟု အစ္စရေးတရားရုံးချုပ်က ဇန်နဝါရီ ၁၁ ရက်တွင် အမိန့်ထုတ်ပြန်ထားသည်။ အဆိုပါ $E_1$အရပ်တွင် ပါလက်စတိုင်းတို့ အခြေချနေထိုင်သည့် ရွက်ဖျင်တဲအိမ် ၂၀ နီးပါး ရှိနေသည်။

$E_1$ အရပ်တွင် ပါလက်စတိုင်းတို့ လာရောက်အခြေချခြင်းသည် အနာဂတ်ပါလက်စတိုင်းနိုင်ငံ တည်ထောင်ရေး အလားအလာကို နိမိတ်ပြနေခြင်း ဖြစ်သည်ဟုလည်း သတင်းတွင် ဖော်ပြသည်။

အစ္စရေးရဲများ၏ ဖယ်ရှားရှင်းလင်းမှုတွင် ဒဏ်ရာရမှုများပင်ဖြစ်ပေါ်ကြောင်း၊ ခြောက်ဦးဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ပါလက်စတိုင်းအရေးတက်ကြွလှုပ်ရှားသည့် အဖွဲ့တစ်ဖွဲ့ကဆိုသည်။ အခင်းဖြစ်ပွားရာတွင် ဒဏ်ရာရသူ တစ်ဦးတစ်ယောက်မျှမရှိဟု အစ္စရေးရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြန်လည်ချေပလိုက်သည်။

(ဘီဘီစီ)

# နှစ်ပေါင်း ၈၅၀၀ သက်တမ်းရှိ လူ့အရိုးစုများ ရှာဖွေတွေ့ရှိ

**အစ္စတန်ဘူလ် ဇန်နဝါရီ ၁၃**

တူရကီနိုင်ငံ ပင်ဒရှ်ပြည်နယ် အစ္စတန်ဘူလ်မြို့၌ ကျောက်ခေတ်နှောင်းပိုင်း ကာလမှ လူ့အရိုးစုများ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသတွင်း ရာဒီကယ်လ်သတင်းစာမှ ဇန်နဝါရီ ၁၀ ရက်က ဖော်ပြသည်။

**တူးဖော်**

အစ္စတန်ဘူလ် ရှေးဟောင်းသုတေသန ပြတိုက်မှ ဦးဆောင်သော ရှာဖွေတူးဖော်ရေးလုပ်ငန်းသည် ကမ်းရိုးတန်းမှ မီတာ ၅၀ ခန့်အကွာနေရာတွင် အဆိုပါ လူ့အရိုးများအား တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းလူ့အရိုးစုများရှိနေသော အုတ်ဂူများဘေးတွင် ရှေးခေတ်လူသားတို့ နေထိုင်ခဲ့သော အိမ်၏အောက်ခြေပိုင်းများ၊ မိလ္လာတွင်းများလည်း တွေ့ရှိခဲ့သည်။

၎င်းအပြင် ယင်းနိုင်ငံ၏ ဗိသုကာလက်ရာများနှင့် ဆက်စပ်လျက်ရှိသော လူသားတို့သုံးစွဲခဲ့ကြသည်ဟု ယူဆနိုင်သော ချုပ်အပ်၊ ဇွန်းများ၊ ကျောက်တုံးကျောက်ခဲများနှင့် မြေနီထည်များကိုလည်း တွေ့ရှိခဲ့သည်။

အစ္စတန်ဘူလ် ကျောက်ခေတ်နှောင်းပိုင်းရှိ ဒေသခံလူမျိုးများသည် ပင်လယ်အစားအစာများကို စားသောက်သုံးစွဲခဲ့ကြသည်ဟူသော အထောက်အထားတစ်ရပ်အဖြစ် ၎င်းတို့၏အညစ်အကြေးစွန့်ပစ်နေရာများတွင် ပင်လယ်သတ္တဝါတို့၏အခွံများအား တွေ့ရှိရသည်ဟုလည်း ဆိုထားသည်။

အဆိုပါ ရှေးဟောင်းအရိုးများနှင့် ပစ္စည်းများကို ယီနီကာပီ-ပင်ဒရှ်ရထားလမ်းဖောက်လုပ် တည်ဆောက်နေစဉ်အတွင်း တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ယခု အချိန်ထိ ရှေးဟောင်း သုတေသနပညာရှင်များသည် ယီနီကာပီ-ပင်ဒရှ် ဒေသတွင်း ရှေးခေတ်လူသားတို့ ပျံ့နှံ့စိမ့်ဝင်လာမှုများအား ကြိုးစားရှာဖွေလျက်ရှိနေဆဲဖြစ်သည်။

(ဆင်ဟွာ)

Congratulations Rag & Denim — By THE AVENUE —

13.1.2013 တွင် THE AVENUE Company ၏ ဒုတိယ မြောက်ဆိုင်ခွဲ Rag & Denim — By THE AVENUE — Yankin Center အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် ဆိုင်ခွဲပေါင်း များစွာ ထပ်မံဖွင့်လှစ်နိုင်ရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Home Plus Company Ltd.

# ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းကျော်လွှားရန် တာစူနိုင်ပြီ

**တိုး - ရေးသည်**

**ဗဟိုအာဖရိကသမ္မတနိုင်ငံ(စီအေအာရ်) အတွင်း ဒေသအနှံ့ အစိုးရလိုလားသည့်တပ်များနှင့် ဆီလီကာသူပုန်များ ဆက်ဆံရေးပိုမိုတင်းမာလာသည့်အတွက် ပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးကြရသည်။ စီအေအာရ်သမ္မတ ဖရန်ဆွာဘိုဇစ်သည် ၂၀၀၈ ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဖောက်ဖျက်ပြီး အတိုက်အခံမှန်သမျှ လိုက်လံချေမှုန်းနေသည်ဟုစွပ်စွဲကာ ဆီလီကာသူပုန်များက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလဆန်းမှစ၍ အရှိန်မြှင့် တိုက်ခိုက်လာသဖြင့် ပြည်သူအများအပြား အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရပြီး ယာယီစခန်းများတွင် ဖြစ်သလိုနေထိုင်ကြရသည်။**



ပြည်တွင်းစစ်မီး ထိုမျှတောက်လောင်နေသည့် နိုင်ငံမှ ကလေးသူငယ်များ၏ နေ့စဉ်ဘဝမှာ ရင်လေးဖွယ်ဖြစ်သည်။ လယ်တော သို့မဟုတ် ယာယီစခန်းများ၌ နေထိုင်ကြရသည့် ကလေးသူငယ် ထောင်ပေါင်းများစွာတို့သည် စာသင်ကျောင်းသို့ သွားခွင့်မရ၍ စာပေသင်အံတတ်မြောက်ရေးမှာ ဝေးစွ၊ ထိုမျှမက ဖျားနာနေမကောင်းသော်မှ ဆေးဝါးကုသမှု မခံကြရသည့်အဖြစ်မှာ စဉ်းစားကြည့်လျှင် ရတက်မအေးစရာဖြစ်ကြောင်း ဗဟိုအာဖရိကသမ္မတနိုင်ငံမှ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ဌာနခွဲမှူး ရှန်နွန်စထရိုသာက ပြောကြားလိုက်သည်။

ဆီလီကာသူပုန်များသည် နိုင်ငံတစ်ဝန်းရှိ မြို့သုံးလေးမြို့ကို တိုက်ခိုက်ပြီး မြို့တော်ဘန်ဂူးသို့ချီတက်ခဲ့ရာ ဘန်ဂူးမြို့တော်၏ လမ်းမကြီးများပေါ်မှကလေးများမှာ မိသားစုနှင့်ကင်းကွာလျက် အုပ်ထိန်းမှုမဲ့၊ ကာကွယ်စောင့်ရှောက်မှုကင်းမဲ့သည့်အခြေသို့ ဆိုက်ရောက်နေသည့် ထိုကလေးများကို လက်နက်ကိုင်အုပ်စုများက အခမ့်ခေါ်ဆောင်ပြီးထမင်းချက်၊ အထမ်းသမားအပြင် တိုက်ခိုက်ရေးနှင့် လိင်ကျေးကျွန်အဖြစ်ပါအသုံးချခြင်းမှာ မဖွယ်ရာကြောင်း မစ္စတာ ရှန်နွန်စထရိုသာက ပြောကြားသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံ (စီအေအာရ်)၌ တိုက်ခိုက်မှုများကို နှစ်ဖက်စလုံးကရပ်ကြရန် နိုင်ငံတကာအသိုက်အဝန်းက တိုက်တွန်းသဖြင့် မြို့တော်ဘန်ဂူးသို့ ချီတက်မှုကို သူပုန်များက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင်ရပ်လိုက်သည်။ ဆီလီကာသူပုန်များသည် ငြိမ်းချမ်းရေးသဘောတူညီချက်ကို သမ္မတကချိုးဖောက်ပြီး အတိုက်အခံများကို လိုက်လံချေမှုန်းသည်ဆိုကာ သမ္မတ ဖရန်ဆွာဘိုဇစ်အား ရာထူးမှဖယ်ရှားရေးသဘောထားကို ဆက်လက်ကိုင်စွဲထားသည်။ သို့သော် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရန်ဆုံးဖြတ်သည့်အလျောက် ဂါဘွန်နိုင်ငံသို့ ကိုယ်စားလှယ်စေလွှတ်သည်။

သမ္မတဖရန်ဆွာဘိုဇစ်သည် ငြိမ်းချမ်းရေးဆွေးနွေးရန် သူပုန်များဘက်သို့ ကမ်းလှမ်းစဉ် ၎င်းအနေဖြင့် ၂၀၁၆ ခုနှစ် သမ္မတသက်တမ်းကုန်ဆုံးသည့်အထိ ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရလျှင် သူပုန်များပါဝင်သည့် အစိုးရအဖွဲ့ကို ဖွဲ့ပေးမည်ဟုလည်း ကတိပြုသည်။ ဗဟိုအာဖရိကနိုင်ငံများကလည်း အစိုးရတပ်ကို အားဖြည့်ပေးရန် ဒါမာရာမြို့သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ပေးသည်။

**တက်ရောက်**

သမ္မတဘိုဇစ်သည် ၎င်းအစိုးရကိုပင် ဖယ်ရှားရန်ခြိမ်းခြောက်လာသော ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ နိုင်ငံရေးနှင့်စစ်ရေး အကျပ်အတည်းကို ဆွေးနွေးမည့် ဗဟိုအာဖရိကနိုင်ငံများ ဘုံဈေးအဖွဲ့ (အီးစီစီအေအက်စ်)နိုင်ငံ အကြီးအကဲများ၏ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဂါဘွန်နိုင်ငံ လိုက်ဘရီဗီးမြို့တော်သို့ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က ရောက်ရှိသည်။ ထိပ်သီးအစည်းအဝေးတက်ရန် ကွန်ဂိုသမ္မတနိုင်ငံ သမ္မတ ဒင်းနစ်ဆက်ဆိုးဘင်ဂွက်ဆိုး၊ ချက်သမ္မတ အိုင်ဒရစ်ဒက်ဘီ၊ အီကွေတိုရီယယ် ဂီနီနိုင်ငံသမ္မတ တီကိုဒိုရိုဘိုဘလန်အင်ဂွဲမားတို့ကလိုက်ဘရီဗီးသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိပ်သီးအစည်းအဝေးသို့ ကင်မရွန်းနိုင်ငံကိုယ်စား ဒုတိယဝန်ကြီးချုပ်၊ ဘူရွန်ဒီနိုင်ငံကိုယ်စား နိုင်ငံခြားရေးဝန်ကြီး၊ စောတော်မီနှင့် ပရင်စီပီနိုင်ငံကိုယ်စား ကာကွယ်ရေးဝန်ကြီးတို့ အသီးသီးတက်ရောက်သည်။

ဗဟိုအာဖရိက သမ္မတနိုင်ငံ(စီအေအာရ်) ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လိုက်ဘရီဗီးမြို့တော်၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် စတင်ကျင်းပရာ ဆီလီကာသူပုန်၊ အစိုးရနှင့် အမည်မဖော်လိုသည့်အတိုက်အခံနှင့် အရပ်ဘက်အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထိုဇန်နဝါရီ ၉ ရက် ဆွေးနွေးပွဲသည် ညပိုင်းရောက်သည့်တိုင် အပြီးသတ်ကြေညာချက်မထုတ်နိုင်ဘဲရှိသည်။

**တောင်းဆို**

ဆွေးနွေးပွဲ ပြန်စလျှင်စချင်း ဆီလီကာ သူပုန်အုပ်စုကိုယ်စားလှယ်များက အံ့အားသင့်ဖွယ်အဆိုတစ်ရပ်ကို စတင်သည်။ သမ္မတဖရန်ဆွာဘိုဇစ်အနေဖြင့် သမ္မတရာထူးမှနုတ်ထွက်ပေးရုံမျှမက ၎င်းကို ယခင်ကျူးလွန်ခဲ့သမျှသော စစ်ရာဇဝတ်မှုများအတွက် နိုင်ငံတကာရာဇဝတ်ရုံး(အိုင်စီစီ)သို့လွှဲအပ်ရန် ဆီလီကာ သူပုန်ကိုယ်စားလှယ်များက တောင်းဆိုကြသည်။ သမ္မတဖရန်ဆွာဘိုဇစ်သည် နိုင်ငံ၏ အကြီးဆုံးပြဿနာမျှသာမဟုတ်၊ ဗဟိုအာဖရိကဒေသကြီး တစ်ခုလုံးအတွက် ပြဿနာဖြစ်နေကြောင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲခန်းမမှ သပိတ်မှောက် ထွက်ခွာစဉ် ဆီလီကာ သူပုန်ကိုယ်စားလှယ်တစ်ဦးက အော်ပြောသွားသည်။

အစိုးရကိုယ်စားလှယ်အဖွဲ့ကလည်း သူပုန်နှင့်အတိုက်အခံတို့ ဖန်တီးသည့် အခြေအနေကို ဒေါသဖြစ်မိကြောင်း ထုတ်ဖော်ပြောကြားပြီး သမ္မတဘိုဇစ်အနေဖြင့် ၎င်း၏သမ္မတသက်တမ်းကုန်ဆုံးမည့် ၂၀၁၆ ခုနှစ်အထိ ရာထူးမှထွက်ပေးမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။ ထို့နောက် ဆွေးနွေးပွဲခန်းမမှ တည်းခိုရာဟိုတယ်သို့ ပြန်သွားကြပြီး ဘန်ဂူးသို့ ဆက်သွယ်တင်ပြပြီး ဆွေးနွေးပွဲခန်းမသို့ ပြန်မလာကြတော့ပေ။

**ငြင်းဆို**

စေ့စပ်ရေးအဖွဲ့ကမူ တစ်ဖွဲ့ချင်းနှင့် သီးသန့်တွေ့ကာ ညှိနှိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်မြောက်ရေး ကြိုးပမ်းကြသည်။ သို့သော် ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ရှေ့မတိုးနိုင်အောင်ပင် လိပ်ခဲတည်းလည်းဖြစ်သွားသည်။ တစ်ချိန်တည်းမှာပင် ဆီလီကာသူပုန်တို့က အပစ်အခတ်သဘောတူညီမှုကို လက်မှတ်ထိုးရန် ငြင်းဆိုလိုက်သည်ဟုဆိုသည်။

သို့သော် စေ့စပ်ရေးအဖွဲ့၏ကြိုးပမ်းမှုကြောင့် အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ဆန့်ကျင်ဘက်အုပ်စုတို့ ပြန်လည်ဒူးတိုက်ဆွေးနွေးကာ ဗဟိုအာဖရိကသမ္မတနိုင်ငံ (စီအေအာရ်)၏ နိုင်ငံရေးအကျပ်အတည်း အဆုံးသတ်ရေးအတွက် အပစ်အခတ်ရပ်စဲပြီး အမျိုးသားညီညွတ်ရေး အစိုးရဖွဲ့စည်းရေး သဘောတူညီချက်များကို နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဂါဘွန်နိုင်ငံ၌ ဇန်နဝါရီ ၁၁ ရက်က သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီး နောက်တစ်ရက်တွင် သမ္မတက အစိုးရအဖွဲ့ကို ဖျက်သိမ်းကြောင်း အမိန့်ထုတ်လိုက်သည်။

အစိုးရအဖွဲ့၌ ဝန်ကြီးချုပ်သစ်ကို အတိုက်အခံများအနက်မှ ရွေးချယ်ခန့်အပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲကိုလည်း တစ်နှစ်အတွင်း ကျင်းပနိုင်တော့မည်ဖြစ်ရာ ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းကို တစ်စိတ်တစ်ပိုင်း ပြင်ဆင်နိုင်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ။

## လုံခြုံရေးတင်းကျပ်ရန် ပြင်သစ်သမ္မတအမိန့်ထုတ်

ပြင်သစ်တပ်ဖွဲ့ဝင်များ အာဖရိက စစ်ဆင်ရေးတွင် ပါဝင်တိုက်ခိုက်လာခြင်းကြောင့် ပြင်သစ်နိုင်ငံရှိ အများပြည်သူများနှင့်ဆိုင်သော အဆောက်အအုံများနှင့် ပို့ဆောင်ရေးနေရာများတွင် လုံခြုံရေးတင်းကျပ်ရန် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က အမိန့်ထုတ်ပြန်လိုက်သည်။ ပြင်သစ်တပ်ဖွဲ့ဝင်များ ဆိုမာလီ စစ်ဆင်ရေးတွင်ပါဝင်တိုက်ခိုက်ခဲ့ပြီးနောက်အစ္စလာမ်မစ် စစ်သွေးကြွများ၏ တုံ့ပြန်တိုက်ခိုက်လာမည့်အရေးကို ကာကွယ်သည့်အနေဖြင့် လုံခြုံရေးတင်းကျပ်ရန် အမိန့်ထုတ်ရခြင်းဖြစ်ကြောင်း ပြင်သစ်သမ္မတက ပြောကြားသည်။

## ရုရှားလေယာဉ်ပေါ်တွင် ကလေးမွေးဖွား

ရုရှားမှ အာမေးနီးယားနိုင်ငံသို့ ပျံသန်းလာသော လေယာဉ်တစ်စင်းပေါ်တွင် အမျိုးသမီးတစ်ဦးက မိန်းကလေးမွေးဖွားခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ဇန်နဝါရီ ၁၂ရက်သတင်းတွင် ဖော်ပြသည်။ ယင်းကလေး၏ အမည်ကို ကလေးမွေးဖွားရာတွင် ကူညီပေးခဲ့သော လေယာဉ်မယ် ဟက်စမစ်ဂေးမွန်းကို အစွဲပြု၍ ဟက်စမစ်ဟု အမည်ပေးခဲ့ကြောင်း သိရသည်။

ကလေးနှင့်မိခင်ကျန်းမာလျက်ရှိပြီး မိခင်က ၎င်း၏အမည်ကို ထုတ်ဖော်ပြောကြားခြင်းမပြုရန် မေတ္တာရပ်ခံထားသည်။ ၎င်းကလေးမွေးဖွားရာတွင် လေယာဉ်အမှုထမ်းအားလုံးက ဝိုင်းဝန်းကူညီပေးခဲ့သည်ဟုဆိုသည်။

## ဂျော်ဂျီယာ၌ အကျဉ်းသား ၃၀၀၀ လွှတ်မည်

ဂျော်ဂျီယာပါလီမန်က အကျဉ်းသား ၃၀၀၀ လွှတ်ပေးရန်နှင့် ထောင်ပေါင်းများစွာသော အကျဉ်းသားများအား အကျဉ်းကျနှစ်လျှော့ပေါ့ပေးရန် သဘောတူညီလိုက်ကြောင်း ဇန်နဝါရီ ၁၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယခင် ဂျော်ဂျီယာအစိုးရကလည်း အကျဉ်းသားများကို လွှတ်ပေးရန် ထောက်ခံတင်ပြခဲ့သည်။ အကျဉ်းသားအများစုသည် တရားသဖြင့်မဟုတ်ဘဲ အကျဉ်းချ ခံနေကြရကြောင်း သမ္မတ၏ အတိုင်ပင်ခံအစိုးရသစ် ဝန်ကြီးချုပ် ဘစ်ဇင်မာအီးဗနစ် ဗီလီက ပြောကြားသည်။ ပထမဆုံးအကျဉ်းသားများကို ဇန်နဝါရီ ၁၃ ရက် နှောင်းပိုင်းတွင် လွှတ်ပေးမည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြသည်။

**မြင့်မောင်စိုး - စုစည်းသည်။**

## နယူးယောက်မြို့၌ ကြက်ငှက်တုပ်ကွေး အရေးပေါ်အခြေအနေကြေညာ

**နယူးယောက် ဇန်နဝါရီ ၁၃**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိရာ မြို့တော်ဝန်အင်ဒရူးကိုယ်ိုက ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ် ကြေညာလိုက်ကြောင်း ဇန်နဝါရီ ၁၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အဆိုပါ ကြေညာချက်တွင် ကလေးများအား ကာကွယ်ဆေးများ ပိုမိုထိုးနှံပေးရန်လည်း ဖော်ပြထားသည်။

နယူးယောက်မြို့တွင် ယခုနှစ်စတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၂၀၀၀၀ နီးပါးရှိပြီး ယမန်နှစ် ဆောင်းရာသီကထက် လေးဆပိုများကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ အမေရိကန် ပြည်နယ် ၄၇ ပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါများ ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။ **(အင်တာနက်)**

**Congratulations** Rag & Denim — By THE AVENUE —

13.1.2013 တွင် **THE AVENUE** Company မှ ဖွင့်လှစ်ခဲ့သော ဒုတိယမြောက်ဆိုင်ခွဲ Rag & Denim By THE AVENUE အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆိုင်ခွဲပေါင်းများစွာ ထပ်မံဖွင့်လှစ်နိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**999 TIGER Company**

ပြည်တွင်းသတင်း

# (၆၅)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း ထုတ်ပြန်

*(ယမန်နေ့မှအဆက်)*

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင် ဥပတောဝိဘင်္ဂရေ(၄၂)ပါးအဆက်**

၉။ ပလ္လင်အမှတ်(၁၀၁) အရှင်သောဘိတ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၁၀၈) အရှင်ဇောတိက၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၁၀၉) အရှင်သီလာနန္ဒ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၁၁၀) အရှင်ဩသဓာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၆)ဝါ ၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၁၁၁) အရှင်ပညေသိက၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ သာသနဇ္ဇအလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့ နယ် ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၁၁၂) အရှင်ဇောတိက၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၁၁၄) အရှင်လူခဝံသာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထူးအောင်)

၁၆။ ပလ္လင်အမှတ်(၁၁၆) အရှင်သူရိယာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ အသောကာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၁၁၇) အရှင်ခမာဝုဓ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ ပဥ္စနိကာယသာသနဇ္ဇဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၁၁၈) အရှင်ခေမိကာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့နယ်၊ ပဲခူး တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ်(၁၁၉) အရှင်ကုမာရသက္ကာလင်္ကာရ၊အသက်(၂၅)နှစ်၊ သိက္ခာ (၂)ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ်(၁၂၁) အရှင်ကုန္ဒကာလင်္ကာရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ ဝေဠုဝန်ကျောင်းတိုက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ်(၁၂၇) အရှင်နန္ဒာစာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ မာဂဓေယျပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ်(၁၃၃) အရှင်ဝိလာသ၊ အသက်(၂၇)နှစ်၊သိက္ခာ(၇)ဝါ၊ သူငယ်တော် တောရကျောင်းတိုက်၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ်(၁၃၅) အရှင်ပညိန္ဒ(ရွှေဘို)၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ်(၁၃၆) အရှင်ခေမာစာရ၊အသက်(၂၇)နှစ်၊သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ်(၁၄၀) အရှင်သုဇာတ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ်(၁၄၁) အရှင်ဇာဂရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၆)ဝါ၊ ရတနဇ္ဇဗိမာန်ကျောင်းတိုက်၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ်(၁၄၃) အရှင်ဝရဉာဏ(ကျိုက်လတ်)၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ်(၁၄၆) အရှင်ဇိနာနန္ဒာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ်(၁၄၇) အရှင်သောပါက၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံ(မြို့သစ် အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ်(၁၅၀) အရှင်ကုန္ဒဝံသ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ်(၁၅၆) အရှင်ဝိလာသာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ်(၁၅၇) အရှင်ကုန္ဒာသဘ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ်(၁၅၈) အရှင်ဇယသေန၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ်(၁၆၃) အရှင်သောဘနာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ်(၁၆၄) အရှင်ဥတ္တရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ်(၁၆၇) အရှင်ကဝိနန္ဒ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ်(၁၈၆) အရှင်မဟိန္ဒာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၆)ဝါ၊ ရတနဇ္ဇဗိမာန်ကျောင်းတိုက်၊ ဗဟန်းမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ်(၁၉၀) အရှင်ကိတ္တိသာရ၊ အသက်(၂၈)နှစ်၊သိက္ခာ (၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ်(၁၉၃) အရှင်ကုန္ဒာစာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၀။ ပလ္လင်အမှတ်(၁၉၇) အရှင်ဓမ္မိသရာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ်(၂၀၁) အရှင်တိက္ခာစာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃) ဝါ၊ ညောင်ရမ်း(ပါ)သိန်းသန်းရတနာကျောင်း၊ မိုးကောင်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ်(၂၀၃) အရှင်သောဘနာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ပိုးသတ်ဆေးနှင့် မြေဩဇာဆိုင်ရာ သာယာဝတီမြို့၌ ရှင်းလင်းဆွေးနွေး

**သာယာဝတီ ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုးသတ်ဆေး ဥပဒေ၊ မြေဩဇာဥပဒေနှင့်အညီ သိရှိလိုက်နာဆောင်ရွက်သင့်သော အချက်အလက်များရှင်းလင်းဆွေးနွေးပွဲကို သာယာဝတီမြို့ဆရာစခန်းမ၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ပညာရှင်များ၊ သာယာဝတီခရိုင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ သာယာဝတီခရိုင် ရှစ်မြို့နယ်မှ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးကုမ္ပဏီများနှင့် အရောင်းဆိုင်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ခရိုင်ဥပဒေအရာရှိဦးမောင်ရွှေက ပိုးသတ်ဆေးနှင့်မြေဩဇာဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးသည်။ ပညာပေးပြခန်းများတွင် ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ၊ မြေဩဇာဥပဒေ၊ နည်းဥပဒေစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ ဥပဒေနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ပိုးသတ်ဆေး၊ မြေဩဇာပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**(စိုက်/ဦးစီး)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ဇန်နဝါရီ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်က ဆုရရှိသောကလေးများအား ဆုချီးမြှင့်စဉ်။ (၁၂၂)**


# Rag & Denim

— By THE AVENUE —

## ဆိုင်သစ်ဖွင့်ပွဲကျေးဇူးတင်လွှာ

13.1.2013တွင် THE AVENUE မှ ဖွင့်လှစ်ခဲ့သော Rag & Denim (Yankin Center)၏ ဒုတိယမြောက်ဆိုင်ခွဲသို့ ကြွရောက်ချီးမြှင့်အားပေးခဲ့သော၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ Customers များ၊ အနုပညာရှင်များ၊ Media များနှင့် Journalist များ၊ မိတ်ဆွေအပေါင်း အသင်းများအားလုံးနှင့် ဆိုင်ဖွင့်ပွဲအား အထူးကူညီဆောင်ရွက်ပေးခဲ့သော LAVAZZA ITALY 'S COFFEE အား ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**THE AVENUE Co., Ltd**

# “ရာဇသတ်ကြီး” လော (သို့မဟုတ်) “ပြစ်မှုဆိုင်ရာဥပဒေ” လော “ရာဇဝတ်ကျင့်ထုံးဥပဒေ” လော(သို့မဟုတ်) “ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ” လော

ကိုကိုနိုင်

၂၉-၁၁-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် “ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း” ဟူ၍ ဖော်ပြပါရှိသကဲ့သို့ ၉-၇-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း “ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”ဟူ၍ ဖော်ပြပါရှိသည်။ ယင်းဥပဒေကြမ်းများ၏ အောက်တွင် “ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်” ဟူ၍ ပါရှိသည်။

ယင်းဥပဒေကြမ်း (၂)ခုကို ဖတ်ရှုလေ့လာရာတွင် ဥပဒေကြမ်းများ၏ အမည်နှင့် စပ်လျဉ်း၍ပင် “ရာဇသတ်ကြီး”လော (သို့မဟုတ်) “ပြစ်မှုဆိုင်ရာဥပဒေ” လော၊ “ရာဇဝတ်ကျင့်ထုံး ဥပဒေ” လော(သို့မဟုတ်) “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ”လောဟူ၍ မေးခွန်းထုတ်စရာဖြစ်လာရသည်။

တကယ်တော့ ရာဇသတ်ကြီးဆိုသည်မှာ ပင်ရင်းပြဋ္ဌာန်းထားသည့် ဥပဒေ၏ အမည်မဟုတ်ပါ။ မြန်မာဘာသာပြန်ဆိုချက် တစ်ရပ်သာဖြစ်သည်။ ပင်ရင်း ဥပဒေ၏ အမည်မှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားပြီး The Penal Code (India Act 45/1860) ဖြစ်သည်။ ထို့အတူ ရာဇဝတ်ကျင့်ထုံး ဥပဒေဆိုသည်မှာလည်း ပင်ရင်း ပြဋ္ဌာန်းထားသည့် ဥပဒေ၏ အမည် မဟုတ်ပါ။ မြန်မာဘာသာပြန်ဆိုချက် တစ်ရပ်သာဖြစ်သည်။ ပင်ရင်းဥပဒေ၏ အမည်မှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားပြီး The Code of Criminal Procedure (India Act 5/1898)ဖြစ်သည်။

The Penal Code ကို အိန္ဒိယရာဇသတ်ကြီး ကိုဍဥပဒေ၊ ရာဇသတ်ကြီး ကိုဍဥပဒေ၊ ရာဇသတ်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ စသည်ဖြင့် ခေတ်အချိန်ကာလနှင့် လိုက်လျောညီထွေ မြန်မာဘာသာပြန်ဆို၍ ကျင့်သုံးလာခဲ့ကြသည်။ သို့ရာတွင် ယင်းဥပဒေ၏ ပင်ရင်းအမည်ဖြစ်သည့် The Penal Code သည် ပြောင်းလဲခဲ့ခြင်း မရှိပါ။

The Code of Criminal Procedure ကိုလည်း ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေစသည်ဖြင့် ခေတ်အချိန်ကာလနှင့် လိုက်လျောညီထွေ မြန်မာဘာသာ ပြန်ဆို၍ ကျင့်သုံးလာခဲ့ကြသည်။ သို့ရာတွင် ယင်းဥပဒေ၏ ပင်ရင်းအမည်ဖြစ်သည့် The Code of Criminal Procedure သည် ပြောင်းလဲခဲ့ခြင်း မရှိပါ။

အင်္ဂလိပ်တို့အုပ်စိုးစဉ် မြန်မာဘာသာဖြင့် အဆုံးအဖြတ်ပြုခဲ့သော အောက်မြန်မာပြည် ဖြတ်ထုံးများ (၁၈၉၃-၁၉၀၀ ပြည့်နှစ်) စာအုပ်မှ အချို့သောအမှုများကို ကောက်နုတ်ဖော်ပြရသော်-

(က) ၁၈၉၄ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုနံပါတ်၊၃၆၅ (စာမျက်နှာ၂၅) တရားလို ဧကရီဘုရင်မနှင့်တရားခံ ငထွန်းသာအမှုတွင် “အိန္ဒိယရာဇသတ်” ပုဒ်မ၇၅ ဟူ၍ တွေ့ရသည်။

(ခ) ၁၈၉၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုနံပါတ်၊ ၂၀၄ (စာမျက်နှာ ၃၉) တရားလို ဧကရီဘုရင်မနှင့် တရားခံ ဗငြိမ်းအမှုတွင် “အိန္ဒိယရာဇသတ်” ပုဒ်မ ၆၅ ဟူ၍ တွေ့ရသည်။

(ဂ) ၁၈၉၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု နံပါတ်၊ ၉၁၇ (စာမျက်နှာ ၅၀) တရားလို ငထွန်းအောင်ကျော်နှင့် တရားခံ ဧကရီဘုရင်မအမှုတွင် “အိန္ဒိယရာဇသတ်ကြီး” ပုဒ်မ ၃၅၃ နှင့် ၃၂၄ ဟူ၍ တွေ့ရသည်။

(ဃ) ၁၈၉၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုနံပါတ်၊ ၁၀၂၄ (စာမျက်နှာ ၄၅၂) ဧကရီဘုရင်မနှင့် ငစံဝင်းအမှုတွင် “ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေ” ပုဒ်မ ၄၇၀၊ ၄၇၁ ဟူ၍လည်းကောင်း၊ “အိန္ဒိယရာဇသတ်ကိုဍဥပဒေ” ပုဒ်မ ၄၃၆ ဟူ၍လည်းကောင်း တွေ့ရသည်။

(င) ၁၈၉၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုနံပါတ်၊ ၉၄၂ (စာမျက်နှာ ၄၉၆) တရားလို မသာဖြူ တရားခံ မောင်ဘုံ အမှုတွင် “ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေ” ပုဒ်မ ၄၃၉ ဟူ၍ လည်းကောင်း၊ “ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေ” ပုဒ်မ ၄၈၈ ဟူ၍ လည်းကောင်း တွေ့ရသည်။

မြန်မာဘာသာဖြင့် အဆုံးအဖြတ်ပြုခဲ့သော“မြန်မာနိုင်ငံတော်အထက်ပိုင်း စီရင်ထုံးများ (၁၈၉၇ ခုနှစ်မှ ၁၉၀၁ ခုနှစ်ထိ) ပဋ္ဌမတွဲ၊ ရာဇဝတ်စာအုပ်မှ အချို့သောအမှုများကို ကောက်နုတ်ဖော်ပြရသော်-

(က) ၁၈၉၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုနံပါတ် ၅၇၉၊ ဘိုးမှီးနှင့် ဧကရီဘုရင်မဘုရား (စာမျက်နှာ ၁၃၄)အမှုတွင် “ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေ” ပုဒ်မ ၁၆၀/၁၇၂ ဟူ၍ တွေ့ရသည်။

(ခ) ၁၈၉၇ ခုနှစ်၊ ရာဇဝတ် အယူခံမှုနံပါတ် ၆၅၊ ငဘိုးကဲနှင့် ဧကရီဘုရင်မဘုရား (စာမျက်နှာ ၁၃၇) အမှုတွင် “ရာဇဝတ်ကျင့်ထုံးကိုဍဥပဒေ” ပုဒ်မ ၁၆၀/၁၅၄ ဟူ၍ လည်းကောင်း၊ “ရာဇသတ် ကိုဍဥပဒေ” ပုဒ်မ ၁၉၃/၄၀၉ ဟူ၍လည်းကောင်း တွေ့ရသည်။

(ဂ) ယင်းစာအုပ်၏ စာမျက်နှာ (၃၄၂ မှ ၅၅၆)အထိ “ရာဇသတ် ကိုဍဥပဒေ” ဟူ၍ ခေါင်းစဉ်တပ်ထားသည်ကို တွေ့ရသည်။

(ဃ) ယင်းစာအုပ်တွင် အထူးနှင့် အထွေထွေ ဥပဒေများဖြစ်သည့် လက်နက်အက်ဥပဒေ၊ လောင်းတမ်းကစားခြင်း အက်ဥပဒေ၊ သစ်တောနည်းဥပဒေ၊ သူငယ်ထောင်ကျောင်း အက်ဥပဒေအရ ကျူးလွန်သော ပြစ်မှုများကိုလည်း ရာဇဝတ်မှုများအဖြစ် ဆုံးဖြတ်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်၊ ၁၉၅၇ ခုနှစ်အထိ “ရာဇသတ်ကိုဍဥပဒေ” ဟူ၍ လည်းကောင်း၊ “ရာဇဝတ်ကျင့်ထုံးကိုဍဥပဒေ” ဟူ၍ လည်းကောင်း၊ မြန်မာဘာသာပြန်ဆို၍ သုံးစွဲမှုရှိခဲ့သည်ကို ၁၉၅၇ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ (တရားလွှတ်တော်) စီရင်ထုံးများ စာအုပ်၏ စာမျက်နှာ XI အက်ဥပဒေများ အညွှန်းအောက်တွင် “ရာဇသတ်ကြီး ကိုဍဥပဒေ”၊ “ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေ” ဟူ၍ ဖော်ပြထားသည်ကိုကြည့်က သိနိုင်ပါသည်။

၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ (တရားလွှတ်တော်) စီရင်ထုံးများ စာအုပ်တွင်မူ စာအုပ်၏ နောက်ပိုင်းစာမျက်နှာ 1XXXVi အက်ဥပဒေများအညွှန်းအောက်၌ “ရာဇဝတ်ကျင့်ထုံးဥပဒေ”၊ “ရာဇသတ်ကြီးဥပဒေ” ဟုဖော်ပြထားသဖြင့် “ကိုဍ” ဆိုသည့် စကားရပ်ကို သုံးစွဲခြင်း မရှိသည်ကိုတွေ့ရသည်။ ၁၉၅၈ ခုနှစ်မှစ၍ ၁၉၇၃ ခုနှစ်အထိ မြန်မာဘာသာဖြင့် ဆုံးဖြတ်ခဲ့သော စီရင်ထုံးများတွင် “ရာဇသတ်” ပုဒ်မ ဟူ၍လည်းကောင်း၊“ရာဇသတ်ကြီး” ပုဒ်မ ဟူ၍လည်းကောင်း “ရာဇဝတ်ကျင့်ထုံး ဥပဒေ” ဟူ၍ လည်းကောင်း ကျင့်သုံးခဲ့သည်။

၁၉၇၄ ခုနှစ်မှ ယနေ့အချိန်ထိ နှစ်ပေါင်း ၄၀ နီးပါးတိုင်အောင် ကျင့်သုံးလာခဲ့သည်မှာ “ပြစ်မှုဆိုင်ရာဥပဒေ” ဟူ၍လည်းကောင်း၊ “ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ” ဟူ၍လည်းကောင်း ခေါ်ဝေါ်ကျင့်သုံးလျက်ရှိသည်။ ၁၉၇၄ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ်အထိ နှစ်စဉ်ထုတ်ဝေပြီးဖြစ်သော မြန်မာနိုင်ငံတရားစီရင်ထုံးစာအုပ်များ၏ ဥပဒေများအညွှန်းတွင် “ပြစ်မှုဆိုင်ရာဥပဒေ”၊ “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ” ဟူ၍သာ သုံးစွဲထားသည်။ စီရင်ထုံးစာအုပ်များတွင် ပါရှိသော အမှုများကို ဖတ်ကြည့်သည့်အခါတွင်လည်း “ပြစ်မှုဆိုင်ရာဥပဒေ”၊ “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ” ဟူ၍သာ ခေါ်ဝေါ် သုံးစွဲထားသည်။ “ရာဇသတ်ကြီး ကိုဍဥပဒေ”၊ “ရာဇသတ်”၊ “ရာဇသတ်ကြီး”၊ “ရာဇဝတ်”၊ “ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေ”၊ “ရာဇဝတ်ကျင့်ထုံးဥပဒေ” ဟူ၍ ယခင်က မြန်မာဘာသာပြန်ဆို၍ အသုံးပြုခဲ့သော စကားရပ်များသုံးစွဲထားခြင်းမရှိသည်ကို တွေ့ရသည်။

ဥပဒေ၏အမည်ကို “ပြစ်မှုဆိုင်ရာဥပဒေ”ဟူ၍ မြန်မာဘာသာဖြင့် ပြန်ဆိုသုံးစွဲခဲ့သည်သာမက ယင်းဥပဒေတွင်ပါရှိသော ပုဒ်မအချို့၌ “ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု” ဟူ၍ ယခင်က မြန်မာဘာသာပြန်ဆိုသုံးစွဲခဲ့ခြင်းကို “ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု” ဟူ၍လည်းကောင်း “ရာဇဝတ်မကင်းသော ကျော်နင်းမှု”ကို “ပြစ်မှုမကင်းသော ကျော်နင်းမှု” ဟူ၍လည်းကောင်း ပြောင်းလဲ၍ သုံးစွဲထားသည်။ သာဓကအချို့ ကောက်နုတ်တင်ပြရသော်-

(က) ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (ဗဟိုတရားရုံး) စာမျက်နှာ (၅)။ ၁၉၈၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (ဗဟိုတရားရုံး) စာမျက်နှာ (၁၄)။ ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ (၁၄၉)။ ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ (၈၅) အမှုများတွင် Criminal breach of trustကို“ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု” ဟူ၍ သုံးစွဲပါသည်။ ယခင်က မြန်မာဘာသာ ပြန်ဆို၍ သုံးစွဲခဲ့သော “ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု” ဟူ၍ မသုံးစွဲပါ။

(ခ) ၁၉၇၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(ဗဟိုတရားရုံး) စာမျက်နှာ (၁၇)။ ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (ဗဟိုတရားရုံး) စာမျက်နှာ (၁၁၉)။ ၁၉၈၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (ဗဟိုတရားရုံး) စာမျက်နှာ (၁၀)။ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ (၇၈) အမှုများတွင် Criminal trespass ကို “ပြစ်မှုမကင်းသော ကျော်နင်းမှု” ဟူ၍ သုံးစွဲသည်။ ယခင်က မြန်မာဘာသာပြန်ဆို၍ သုံးစွဲခဲ့သော “ရာဇဝတ် မကင်းသော ကျော်နင်းမှု” ဟူ၍ မသုံးစွဲပါ။

စာရေးသူတက္ကသိုလ်မှာ ဥပဒေပညာသင်ယူစဉ်က ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေဟူ၍သာ ဆရာမကြီးက ရှင်းလင်းသင်ပြသည်။ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဟူ၍ ယခင်က ခေါ်ဝေါ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဆရာမကြီး၏ ရှင်းလင်းသင်ပြမှုကို အပြည့်အစုံမမှတ်မိတော့ပါ။ မှတ်မိသမျှ အကျဉ်းချုပ်ကို ပြောရလျှင် ရာဇာ-မင်းတို့၏ သတ်မှတ်ချက်ကျင့်ဝတ်ကို ဖောက်ဖျက်သောကြောင့် ရာဇဝတ်မှုဟု ခေါ်ဆိုခဲ့ကြောင်း၊ ယခုခေတ်နှင့်မလျော်ညီတော့၍ ရာဇဝတ်ဆိုသောစကားလုံးကို မသုံးတော့ကြောင်း အကျယ်တဝင့် ရှင်းပြပါသည်။ ဆရာမကြီး ရှင်းပြပေးသည်ကို အပြည့်အစုံ ပြန်မပြောနိုင်သည့်အတွက် ခွင့်လွှတ်ပေးပါရန် ဆရာမကြီးအား တောင်းပန်အပ်ပါသည်။ တက္ကသိုလ်တွင် ဥပဒေပညာကို သင်ယူစဉ်က“ ပြစ်မှုဆိုင်ရာဥပဒေ”၊ “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ” ဟူ၍ သင်ယူခဲ့ရသကဲ့သို့ အလုပ်ခွင်ဝင်ရောက်သည့်အခါတွင်လည်း “ပြစ်မှုဆိုင်ရာဥပဒေ”၊ “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ” ဟူ၍ပင် ပြောဆိုသုံးစွဲခဲ့ကြပါသည်။ “ရာဇဝတ်”၊ “ရာဇသတ်” ဆိုသော စကားရပ်များ ပြောဆိုသုံးစွဲခြင်းမရှိကြပါ။ ၁၉၇၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နှစ်စဉ်တရားရုံးချုပ်မှ ထုတ်ဝေခဲ့သော “မြန်မာနိုင်ငံတရားစီရင်ထုံးများ” စာအုပ်များကို ဖတ်ရှုပါက အထင်အရှားတွေ့မြင်နိုင်ပေမည်။

၁၉၈၉ ခုနှစ်တွင် The Code of Criminal Procedure ကို တရားရုံးချုပ်က မြန်မာဘာသာပြန်ဆို၍ စာအုပ်ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်မျက်နှာဖုံးမှာ အစိမ်းရောင်ဖြစ်သည်။ စာအုပ်၏မျက်နှာဖုံးတွင်-

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**တရားရုံးချုပ်**
**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ**
**THE CODE OF CRIMINAL PROCEDURE**
**(မြန်မာဘာသာပြန်ဆိုချက်)**
**တရားရုံးချုပ်၏ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်**

ဟူ၍ ပါရှိသည်။ စာအုပ်အတွင်းရှိ ပုဒ်မများကို ဖတ်ရှုရာတွင်လည်း “ရာဇသတ်ကြီး” ဟူ၍ လည်းကောင်း၊ “ရာဇဝတ်ကျင့်ထုံးဥပဒေ”ဟူ၍ လည်းကောင်း ဘာသာပြန်ဆိုထားခြင်းမရှိပါ။ “ပြစ်မှုဆိုင်ရာဥပဒေ”၊ “ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ”ဟူ၍ ဘာသာ ပြန်ဆိုထားသည်။ အသေးစိတ်ကောက်နုတ်မတင်ပြတော့ပါ။ ယင်းစာအုပ်တွင်ပါရှိသည့် မြန်မာဘာသာပြန်ဆိုချက်များအတိုင်း ယနေ့တိုင်သုံးစွဲလျက်ရှိသည်။ တရားရုံးချုပ်က ဘာသာပြန်ဆိုထားကြောင်း အမှာစာကို ဖတ်ရှုက သိနိုင်ပါသည်။

The Penal Code ကို ၁၉၆၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်အထိ ပြင်ဆင်ထားသည့်အတိုင်း မြန်မာဘာသာပြန် ဥပဒေကော်မတီက ဘာသာပြန်၍ စာအုပ်ထုတ်ဝေခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ပြန်လည်ပုံနှိပ်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင်လည်း ယခင်မူအတိုင်း ပြန်လည်ပုံနှိပ်၍ စာအုပ်ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်၏ မျက်နှာဖုံးတွင်-

**ပြည်ထောင်စုမြန်မာနိုင်ငံ**
**၏**
**ရာဇသတ်ကြီး**
**(၁၈၆၀ ခုနှစ်၊ မေလ ၁ ရက်)**
**၁၉၆၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်အထိ**
**ပြင်ဆင်ထားသည့်အတိုင်း**
**မြန်မာဘာသာပြန်ဥပဒေကော်မတီက**
**ဘာသာပြန်သည်။**
**၁၉၇၆ ခုနှစ်တွင် ယခုမူအတိုင်း**
**ပြန်လည်ပုံနှိပ်သည်။**
**၁၉၇၆**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး**
**ကော်ပိုရေးရှင်း**

**ဟူ၍ ပါရှိသည်။**

၁၉၇၆ ခုနှစ်တွင် ထုတ်ဝေခဲ့သော်လည်း ယခင်မူအတိုင်း ပြန်လည်ပုံနှိပ်သည်ဟူ၍ အတိအလင်းဖော်ပြထားသည်။ ယခင်မူသည် ၁၉၇၄ ခုနှစ် မတိုင်ခင်က ရာဇသတ်ကြီးဟူ၍ ဘာသာပြန်ခဲ့သည့်မူဖြစ်သည်။ ၁၉၇၄ ခုနှစ်မှစ၍ “ရာဇသတ်ကြီး” ဟူ၍ ဘာသာပြန်ဆိုခဲ့သည့်မူ မရှိတော့ပါ။ ပြစ်မှုဆိုင်ရာဥပဒေဟု ဘာသာပြန်ဆို သုံးစွဲလျက်ရှိနေသည်ကို အထက်တွင် ရှင်းလင်းဖော်ပြပြီးဖြစ်သည်။

ရွှေနေချုပ်ရုံးက ထုတ်ဝေသော အင်္ဂလိပ်-မြန်မာ ဥပဒေဝေါဟာရ အဘိဓာန်စာအုပ်တွင် "Penal Code" ကို “ပြစ်မှုဆိုင်ရာဥပဒေ”၊ “ရာဇသတ်ကြီး” ဟူ၍ ဘာသာပြန်ဆိုထားသည်။

၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ဝေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ရဲလက်စွဲ (ဒုတိယတွဲ)ဒသမအကြိမ် ပုံနှိပ်ခြင်းစာအုပ်တွင်လည်း “ရာဇသတ်ကြီး”၊ “ရာဇဝတ်ကျင့်ထုံးဥပဒေ”ဆိုသော စကားရပ်များ မပါရှိတော့ပါ။ “ပြစ်မှုဆိုင်ရာဥပဒေ”၊ “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ” ဟူ၍သာ ရေးသားဖော်ပြထားသည်။ ယခင် ရာဇဝတ်မှုဆိုသည့် စကားရပ်အစား ပြစ်မှုဆိုသော စကားရပ်ကို သုံးစွဲသည်။ ယခင် ရာဇဝတ်ပုံစံအသီးသီးကိုလည်း ပြစ်မှုပုံစံများအဖြစ် ပြောင်းလဲဖော်ပြ သုံးစွဲထားသည်ကို တွေ့ရသည်။

The Penal Code နှင့် The Code of Criminal Procedure ဥပဒေများကို ယခင်က မည်ကဲ့သို့ ပြင်ဆင်ခဲ့သနည်း။ နည်းလမ်း(၂)သွယ်ဖြင့် ပြင်ဆင်ချက်ပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိချက်အချို့ကို ကောက်နုတ်ဖော်ပြရသော်-

**နည်းလမ်း(၁)**

ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်သက်သက်ကိုသာ ပြင်ဆင်သည့်အခါ-

- "The Penal Code (Amendment) Act, 1951"
- "The Penal Code (Amendment) Act,1960 (The 5th October 1960)"
- "The Penal Code (Amendment) Act,1960 (The 15th December 1960)"
- "The Penal Code (Amendment) Act,1961

စသည်ဖြင့် ပြင်ဆင်ခဲ့သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်သက်သက်ကိုသာ ပြင်ဆင်သည့်အခါ-

- "The Code of Criminal Procedure (Amendment) Act, 1940"
- "The Code of Criminal Proce -dure (Amendment) Act, 1951"
- "The Code of Criminal Procedure(Amendment)Act,1956"
- “ The Code of Criminal Proce -dure (Amendment) Act, 1961
- “ The Code of Criminal Procedure Amending Law, 1973

စသည်ဖြင့် ပြင်ဆင်ခဲ့သည်။

**နည်းလမ်း(၂)**

ပြစ်မှုဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက် ပုဒ်မတစ်ခုခုကို ပြင်ဆင်လိုသည့်အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် နောက်ဆက်တွဲ ဇယားပါ ပြဋ္ဌာန်းချက်ကိုလည်း ပြင်ဆင်ရန် လိုအပ်သည့်အခါ ယင်းဥပဒေ နှစ်ခုကို ပေါင်း၍ ဥပဒေတစ်ခုတည်း ပြဋ္ဌာန်းခြင်းဖြင့် ပြင်ဆင်ချက်ပြုလုပ်ခဲ့သည်။

ဥပမာ-

- “ The Penal Code and The Code of Criminal Procedure (Amendment) Act. 1940 ”
- “The Criminal Law (Amendment) Act, 1951 ”
- “The Criminal Law (Amendment) Act, 1953 ”
- “The Criminal Law (Amendment) Act, 1957”
- “The Criminal Law (Second Amendment) Act,1957”
- “The Criminal Law Amending Law, 1963 ”

စသည့် ပြင်ဆင်ချက်ဥပဒေများ ဖြစ်ပါသည်။ ပြင်ဆင်ချက် ဥပဒေများ ပြဋ္ဌာန်းလျှင် ထည့်သွင်းစဉ်းစားသင့်သည့် ကောင်းသောသာဓကများဖြစ်သည်။

ခြုံ၍ သုံးသပ်ရမည်ဆိုလျှင် ၁၉၇၄ ခုနှစ်မတိုင်မီက The Code of Criminal Porcedure ကို ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ကိုဍဥပဒေဟူ၍ မြန်မာဘာသာပြန်ဆိုပြီး သုံးစွဲခဲ့သည်။ The Penal Code ကို အိန္ဒိယရာဇသတ်ကြီးကိုဍဥပဒေ၊ ရာဇသတ်ကြီး ကိုဍဥပဒေ၊ ရာဇသတ်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေ ဟူ၍ မြန်မာဘာသာပြန်ပြီး သုံးစွဲခဲ့သည်။ ယင်းဥပဒေအရ ကျူးလွန်သောအမှုများနှင့် အထူးနှင့် အထွေထွေဥပဒေများအရ ကျူးလွန်သော အမှုများအားလုံးကို ရာဇဝတ်မှုများအဖြစ် စစ်ဆေးခဲ့သည်။ ရာဇဝတ်ပြင်ဆင်မှု၊ ရာဇဝတ်အယူခံမှု ဟူ၍ သုံးစွဲခဲ့သည်။

၁၉၇၄ ခုနှစ်မှစ၍ ယနေ့အချိန်အထိ The Penal Code ကို ပြစ်မှုဆိုင်ရာဥပဒေဟု လည်းကောင်း The Code of Criminal Procedure ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေဟု လည်းကောင်း ဘာသာပြန်ဆိုကာ ဥပဒေရေး၊ တရားစီရင်ရေး နယ်ပယ်တစ်ခုလုံးတွင် ကျင့်သုံးလျက်ရှိသည်မှာ အထင်အရှား မြင်တွေ့နိုင်ပေသည်။ ပြစ်မှုဆိုင်ရာဥပဒေအရ ကျူးလွန်သောအမှုများနှင့် အထူးနှင့် အထွေထွေဥပဒေအရ ကျူးလွန်သော အမှုများအားလုံးကိုလည်း ပြစ်မှုများအဖြစ် စစ်ဆေးလျက်ရှိသည်။ ပြစ်မှုဆိုင်ရာပြင်ဆင်မှု၊ ပြစ်မှုဆိုင်ရာအယူခံမှုဟူ၍ သုံးစွဲလျက်ရှိသည်။ သို့ဖြစ်သောကြောင့် အဆင့်ဆင့်ပြောင်းလဲခဲ့သည့် ဖြစ်စဉ်အရ ယနေ့အချိန်အခါတွင် “ရာဇသတ်ကြီး”လော သို့မဟုတ် “ပြစ်မှုဆိုင်ရာဥပဒေ”လောဟု မေးမြန်းလာလျှင် “ပြစ်မှုဆိုင်ရာဥပဒေ”ဟုပင် ဖြေဆိုရပါမည်။ ‘ ‘ရာဇဝတ်ကျင့်ထုံးဥပဒေ”လော သို့မဟုတ် “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ” လောဟု မေးမြန်းလာလျှင် “ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ” ဟုပင် ဖြေဆိုရပါမည်။ The Penal Code နှင့် The Code of Criminal Porcedure ဆိုသည်မှာ ပြောင်းလဲသွားခြင်းရှိမည်မဟုတ်ပါ။ ဤသည်မှာ ကျွန်ုပ်၏လေ့လာတွေ့ရှိချက်မျှသာဖြစ်ကြောင်း အကြံပြုလိုက်ရပါသည်။

ပြည်တွင်းသတင်း

# ရိုးသားကြိုးစားပြီး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်လျှင် အရာရာကို အောင်မြင်နိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ယနေ့နံနက် ၉ နာရီတွင် မန္တလေး ပညာရေးကောလိပ်သို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးရောက်ရှိပြီး ဘုရားခန်း၊ အိမ်တွင်းမှုခန်း၊ စက်မှုလက်မှုခန်း၊ ဓာတုဗေဒလက်တွေ့ခန်း၊ ရူပဗေဒလက်တွေ့ခန်း၊ သိပ္ပံသင်ပြနည်းခန်း၊ ဇီဝဗေဒစာသင်ခန်း၊ ကွန်ပျူတာခန်း၊ ပြတိုက်ခန်းနှင့် သင်ထောက်ကူခန်းများကို လှည့်လည်ကြည့်ရှုကာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ကွန်ပျူတာတစ်စုံနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ဗလာစာအုပ်ဒါဇင် ၅၀၀ တို့ကို လှူဒါန်းသည်။

ထို့နောက် မဟာအောင်မြေမြို့နယ် အမှတ်(၃၃) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ ခန်းမအတွင်း၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ယင်းနောက် ရတနာပုံတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ အခြေခံအဆောက်အအုံများ ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ အဆင့်မြင့်မားရေး၊ အင်္ဂလိပ်စာကျွမ်းကျင်မှု မြင့်မားရေး၊ ပါရဂူတန်း အရည်အသွေးမြင့်မားရေး၊ ကင်းထောက်သင်တန်း၊ တက္ကသိုလ်လေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းပြီး Summer School သင်တန်းများ ဖွင့်လှစ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အချင်းပြည့် အရည်အသွေးမီနိုင်ငံ့သားကောင်း လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ အသုံးချသုတေသနလုပ်ငန်းများဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာမွေး တပည့်မွေးစိတ်ကိုပယ်ဖျောက်ပြီး ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်လျှင် အရာရာကို အောင်မြင်နိုင်ကြောင်း မှာကြားပြီး အဆောက်အအုံ တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❊ ရှေ့ဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သွားရောက်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli Bin Mohd Zin ၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၃**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ရာ ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာအုပ်စု ရွာသာယာကျေးရွာနှင့် ကရင်စုကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်လင်းဒွေးနှင့် တပ်မတော်အရာရှိများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ ကျေးလက်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ရပ်မိ ရပ်ဖ ဦးဘိုကေက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တပ်နယ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်လင်းဒွေးက စက်ခလုတ်နှိပ်၍ လျှပ်စစ်မီးစက်ကို ဖွင့်လှစ်ပေးသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၄၁၀ ရှိပြီး ကုန်ကျငွေမှာ ငွေကျပ် ၇၀၉ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အိမ်သာ၍ ညှော်လာနေကြပြီ

အိမ်သာ၍ ညှော်လာနေပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးမှ ရွှေညှော်သည်များ ရွှေမြန်မာနိုင်ငံသို့ နေ့စဉ် ဝင်လာမစဲ တသဲသဲဖြစ်နေပြီဖြစ်ပေသည်။

ဆွီဒင်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသွား ၂၆ ဦးသည် SERRA Asia ခရီးသွားလုပ်ငန်း၏စီစဉ်ပေးမှုဖြင့် ရန်ကုန်၊ မန္တလေး၊ ပုဂံမြို့များနှင့် အင်းလေးဒေသများသို့ ၁၁ ရက်ခရီးလည်ပတ်ရန် ရောက်ရှိ လာရာ ဇန်နဝါရီ ၁၂ ရက်နံနက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံတရားရုံးချုပ် အဆောက်အအုံကို **(အပေါ်ပုံ)** လေ့လာကြည့်ရှုမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးနေကြသည်ကို ရှောင်တခင်တွေ့ရှိ မှတ်တမ်းတင်ရိုက်ကူး တင်ပြအပ်ပါသည်။

**အောင်သန်း**
**(မင်္ဂလာတောင်ညွန့်)**

# ကန်တော်ကြီးရေပြင်ကျယ်မှ ရေညှိပုပ်များ ဖယ်ရှား



ကန်တော်ကြီး ပန်းဥယျာဉ်သည် ရန်ကုန်မြို့၏ သဘာဝအလှအပတစ်ခုဖြစ်သည်။ နံနက်ပိုင်း ကန်ရိပ်သာလမ်း ကျွန်းကူးသစ်သားတံတားပေါ်မှ ဖြတ်ပြီး ကျန်းမာရေးအတွက် လမ်းလျှောက်ရသည်မှာ အလွန်စိတ်ချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ ကန်တော်ကြီးရေပြင်ကျယ်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသည့် လတ်ဆတ်သော လေနုအေးကို တဝကြီးရှူရှိုက်ရင်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဦးခိုက်ပူဇော်ဖူးမြော်ရသည်မှာ ကြည်နူးဖွယ်အတိဖြစ်သည်။ စာရေးသူသည် ကန်တော်ကြီးပန်းခြံအတွင်းရှိ ပန်းကန်လုံးကျွန်းမှ ဗဟန်း ၃ လမ်းနားအထိ ရေပြင်ပေါ်တွင်တည်ဆောက်ထားသော ကျွန်းကူးသစ်သားတံတားပေါ်မှ ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်နေကျ ဖြစ်သည်။ လမ်းလျှောက် မိတ်ဆွေတစ်ဦးက တင့်ကားကုန်းနှင့် ပန်းကန်လုံးကျွန်းအကြား သစ်သားတံတားပေါ်မှ လမ်းလျှောက်လျှင် အနံ့ဆိုးများထွက်နေကြောင်း အသိပေးသည်။စာရေးသူကပန်းကန်လုံးကျွန်းမှသည် အနောက်ဘက်သို့ လမ်းလျှောက်ခြင်းဖြစ်၍ တွေ့ကြုံခံစားမှုမရှိခြင်းဖြစ်သည်။ ကန်တော်ကြီးဥယျာဉ်အတွင်း ပတ်ပတ်လည် ရေပေါ်ကျွန်းကူးတံတားများပေါ်တွင် နေ့စဉ် နံနက်တိုင်း ကလေးသူငယ် လူရွယ် သက်ကြီးရွယ်အိုများနှင့် နိုင်ငံခြားသားများ ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်း စုပေါင်းလုပ်ခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

ဇန်နဝါရီ ၁၁ ရက်တွင် လမ်းလျှောက်မိတ်ဆွေ၏ သတင်းစကားအတိုင်းပန်းကန်လုံးကျွန်းမှ တင့်ကားကုန်းဘက်ခြမ်းသို့ ကျွန်းကူးရေပြင်သစ်သားတံတားပေါ်မှ လျှောက်သွားကြည့်ရာ မည်သည့်အနံ့အသက်ဆိုးမျှ မရှိတော့သည်ကို ခံစားသိလိုက်ရသည်။ ဖြစ်စဉ်အမှန်ကို လိုက်လံစုံစမ်းမေးမြန်းကြည့်ရာ လွန်ခဲ့သောရက်သတ္တပတ်ခန့်က အပုပ်အနံ့ဆိုးများထွက်ရှိလာ၍ လမ်းလျှောက်သူများ နှာခေါင်းပိတ်လမ်းလျှောက်ကြရကြောင်း၊ ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်ဌာန၊ ရေနှင့်သန့်ရှင်းမှုဌာနတို့မှ ဝန်ထမ်းများ ချက်ချင်းလာရောက် ဆောင်ရွက်ပေးမှုကြောင့် အနံ့ဆိုးများမထွက်ရှိတော့ကြောင်း သိရသည်။

ကန်တော်ကြီး ရေပြင်ကျယ်တွင် သဘာဝအတိုင်း ဖြစ်ပေါ်လာသော အစိမ်းရောင်ရေညှိများသည် ဆောင်းရာသီ အနောက်ဘက်လေတိုက်ခတ်မှုကြောင့် ကန်ရေပြင်ပေါ်ရှိ ရေညှိပါးအားလုံး တဖြည်းဖြည်းအရှေ့ဘက်သို့ ရွေ့လျားစုပုံ ရောက်ရှိလာသည်။ ရေညှိများကို တွယ်ကပ်စားသောက်သော ခရုငယ်လေးများသေကျေပျက်စီးပြီး ရေညှိပုပ်အသွင်ဖြစ်ပေါ်လာကာ အနံ့ဆိုးများဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရှိရသည်။ ရေနှင့်သန့်ရှင်းမှုဌာနက ဂျပန်နိုင်ငံလုပ် ခေတ်မီအပေါ်ယံ ရေညှိစုပ်ထုတ်စက်သုံးလုံးဖြင့် ကမ်းကပ်လာသော ရေညှိပုပ်များကို လည်းကောင်း၊ ပန်းဥယျာဉ်ဌာနက ရေပေါ်ပြန့်ကျဲနေသော ရေညှိပါးများကို လည်းကောင်း လှေငယ်များဖြင့် လိုက်လံဆယ်ယူစုပ်ထုတ်နေပြီဖြစ်သဖြင့် အနံ့ဆိုးများ ပပျောက်သွားပြီဖြစ်ကြောင်း ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။ **(အပေါ်ပုံ)**

**(၀၂၇)**

# အိမ်ရာအဆောက်အအုံ၊ နေထိုင်မှုနှင့် ကားပြပွဲ ကြည့်ရှုဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကား

**သတင်းမှတ်စု-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်အရ အဆင့်မြင့်ထုတ်ကုန်များ ဝန်ဆောင်မှုများ ပြည်သူများ တိုက်ရိုက်သိရှိပြီး ဈေးကွက်သစ်များပေါ်ထွန်းလာရေးရည်ရွယ်ကာ အိမ်ရာအဆောက်အအုံ၊ နေထိုင်မှုနှင့် မော်တော်ယာဉ်ပြပွဲ ၂၀၁၃ (Housing, Living & Automobile 2013) ကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါပြပွဲကို ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းမြင့်၊ လူမှုရေးနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် Great Father Land ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းပြပွဲကို Great Father Land မှ အဓိကကူညီပံ့ပိုးပေးပြီး Dagon Exhibition Ltd. က ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ပြပွဲတွင် အိမ်ရာနှင့် မော်တော်ကားတင်သွင်းဖြန့်ဖြူး ရောင်းချရေးကုမ္ပဏီများအပါအဝင် ကုမ္ပဏီ ၅၃ ခုက ပြခန်းပေါင်း ၁၂၀ ခင်းကျင်းပြသထားသည်။ **(အောက်ပုံ)**

ပြပွဲတွင် ပြည်တွင်း ပြည်ပမှ အိမ်ရာအဆောက်အအုံပြခန်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်သုတ်ဆေးများ၊ စက်မှုလက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ စာရေးကိရိယာများ၊ ပြည်တွင်းပြည်ပဆေးဝါးများ၊ အလှကုန်နှင့် ဆက်စပ်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းများ ခင်းကျင်းပြသထားသည်။ ထို့အပြင် မော်တော်ကားဝယ်ယူလိုသူများအတွက် ကုမ္ပဏီများနှင့် တိုက်ရိုက်ထိတွေ့ဝယ်ယူရခြင်းကြောင့် ပစ္စည်းမှန်ပြီး ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်မည့် အခွင့်အလမ်းကောင်း ရရှိကြမည်ဖြစ်သည်။ အချို့သောမော်တော်ကားတင်သွင်းဖြန့်ဖြူးရေး ကုမ္ပဏီများက လက်ငင်းငွေကျပ် သိန်း ၂၀၊ ငွေကျပ် သိန်း ၃၀၊ ငွေကျပ် သိန်း ၅၀ အစရှိသဖြင့် ပေးချေစေပြီး ကျန်ငွေများ အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ အထူးသဖြင့် ယင်းပြပွဲတွင် လေဖြတ်သူများ၊ အရိုးအကြောဆိုင်ရာအားနည်းသူများ၊ ကျိုးပေါင်းတက်နေသူများအား ဗီဂန်မြန်မာဟုခေါ်သော ကျန်းမာရေးစင်တာတစ်ခုက ကိုရီးယားနိုင်ငံမှ တင်သွင်းသောစက်များအသုံးပြုကာ အခမဲ့နှိပ်နယ်ကုသပေးလျက်ရှိရာ ပြပွဲလာပြည်သူများ ကြိတ်ကြိတ်တိုး ကုသမှုခံယူနေကြသည်ကို တွေ့ရသည်။

၎င်းပြပွဲတွင် ထူးခြားသော ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ပြီး ဇန်နဝါရီ ၁၃ ရက်အထိ လေးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

❊ ကျောဖုံးမှ

နိုင်ငံတကာလေကြောင်းခရီးစဉ်များ တိုးတက်များပြားလာလျက်ရှိရာ ANA (All Nippon Air Way)သည် ဂျပန်လေကြောင်းလိုင်းဖြစ်ပြီး ဂျပန်နိုင်ငံ ကန်ဆိုင်းမြို့မှ ရန်ကုန်မြို့ ကန်ဆိုင်း-ရန်ကုန်-ကန်ဆိုင်း လေကြောင်းခရီးစဉ်အဖြစ် တစ်ပတ်သုံးကြိမ် ပျံသန်းပေးလျက်ရှိသည်။

**ပြေးဆွဲပေး**

ထို့အတူ တောင်ကိုရီးယားနိုင်ငံမှ Korea Air လေကြောင်းလိုင်း၊ တရုတ်လေကြောင်းလိုင်းဖြစ်သည့် Taipe အဲလိုင်းနှင့် ချိုင်းနားအဲလိုင်း (CCA) တို့အပြင် ဗီယက်နမ်နိုင်ငံမှ Vietnan Air လိုင်းသည်လည်း ဟိုချီမင်း-ရန်ကုန် - ဟိုချီမင်းခရီးစဉ်နှင့် ဟန္နိုင်း-ရန်ကုန်- ဟန္နိုင်းခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိသည်။

**အစီအစဉ်များရှိ**

တစ်ဖန် စင်ကာပူအဲလိုင်း၊ ထိုင်းနိုင်ငံမှ ဗန်ကောက်အဲလိုင်း၊ အဲအာရှလေကြောင်းလိုင်း၊ ကာတာလေကြောင်းလိုင်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းပြေးဆွဲပေးလျက်ရှိရာ ထပ်မံ၍ နိုင်ငံတကာလေကြောင်းလိုင်းသစ်များ ဆက်လက်ပျံသန်းမည့် အစီအစဉ်များရှိနေသည်။ **(မြန်မာ့အလင်း)**

**သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

## ပြည်တွင်းသတင်း

# နျူကလီးယားလုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး အား အမေရိကန်ပြည်ထောင်စု စွမ်းအင်ဌာန အမျိုးသားနျူကလီးယား လုံခြုံရေး စီမံအုပ်ချုပ်မှုအဖွဲ့မှ ညွှန်ကြားရေးမှူး Dr. Kevin Veal ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၀ ရက်တွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ နျူကလီးယား လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံ ပူးပေါင်းအကောင် အထည်ဖော်ဆောင်ရွက်ရေးနှင့် လိုအပ်သည်များ အကူအညီပေးရေး ကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

**ဆွေးနွေးခဲ့**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊အဏုမြူစွမ်းအင်ဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ နျူကလီးယား လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးစာချုပ်နှင့် နောက်ဆက်တွဲ စာချုပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ အမေရိကန်ပြည်ထောင်စု စွမ်းအင်ဌာန၊ အမျိုးသား နျူကလီးယား လုံခြုံရေးစီမံအုပ်ချုပ်မှုအဖွဲ့မှ ညွှန်ကြားရေးမှူး Dr. Kevin Veal ဦးဆောင်၍ အမေရိကန် ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန၊ Argonne National Laboratory နှင့် Pacific Northwest National Laboratory တို့မှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နျူကလီးယားလုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးဌာနမှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံးမှ ကိုယ်စားလှယ်တို့ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယမန်နေ့ နံနက်ပိုင်းက ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်ပြီး မြို့နယ်ရဲစခန်း၊ အမှတ်(၁)ရပ်ကွက် မြို့ကွက်သစ်၌ နေအိမ်များ ဆောက်လုပ်ပြီးစီးမှုနှင့် မြကျွန်းသာသောက်ရေကန် တူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ် ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ကိုကိုးကျွန်းမြို့နယ် ဆေးရုံအတွက် Air-con တစ်လုံးနှင့် ဆေးဝါးပစ္စည်းများ၊ ငွေကျပ်သိန်း ၁၀၀၊ အခြေခံပညာ အထက်တန်းကျောင်းအတွက် Sky Net ရုပ်/သံ ဖမ်းစက်တစ်စုံ၊ အားကစားပစ္စည်းများ၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မြို့နယ်စီမံကိန်းရုံး ဆောက်လုပ်နေမှု၊ မြန်မာ့ဆက်သွယ်ရေးရုံး ဆိုလာစွမ်းအင်သုံး CDMA-450 Basic Transfer Station၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရုံးအဆောက်အအုံနှင့် ဓာတ်အားပေးစက်ရုံဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအားတွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုစာအုပ်များ၊ စာရေးကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ ကိုကိုးကျွန်း လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး (၂၅) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးပစ္စည်းများ၊ ECG စက်၊ အောက်ဆီဂျင်စက်များ ပေးအပ်လှူဒါန်းကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းနှင့် ကိုကိုးကျွန်း ဂါလန် ၄၉သန်းဆံ့ ရေလှောင်တမံ ရေပေးဝေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ခရီးစဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များသည် မြို့နယ်ဆေးရုံ၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ ဆေးဝါးများ ထောက်ပံ့ခြင်း၊ သက်ကြီးဘိုးဘွားများအား အစားအစာနှင့်ဆေးဝါးများ ထောက်ပံ့ပေးအပ်ခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ အင်းလုပ်ငန်းဆောင်ရွက်သူများအား နစ်နာကြေးကျပ်သိန်း ၅၀၀ကျော်ပေးပြီးဖြစ်

**ရမည်းသင်း ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အမှတ် (၂) သတ္တုတွင်း လုပ်ငန်း အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်မှ အင်းလုပ်ငန်းဆောင်ရွက်မှု နစ်နာကြေးများအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ရက်မှ စကာ ရမည်းသင်းခရိုင်ရုံးခွဲတွင် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ အတွင်းရေးမှူး ဦးမျိုး(ခ) ဦးမျိုးမင်းသိန်းနှင့် တာဝန်ရှိသူများက စိစစ်ထုတ်ပေးသည်။ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက်မှ စိစစ်တန်ဖိုးသတ်မှတ်ထားသော အင်းနစ်နာကြေးငွေအား မိုးထိမိုးမိရွှေလုပ်ငန်းတွင် ပါဝင်သူ ၇၅ဦး တို့အား ဇန်နဝါရီ ၈ ရက်က နစ်နာကြေး ငွေကျပ် သိန်း ၅၇၆၅၀၀၀၀ကို ပေးလျော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(၀၁၁)**

✳ *ကျော်ဖုံးမှ*

ပက်ပကိုင်သည် Vice Champion Rard Dum Nem's Boxing Stadium ဆုရရှိထားသည်။ ပြိုင်ပွဲပေါင်း ၅၀ ထိုးသတ်ခဲ့ရာ ၃၅ ပွဲ နိုင်ထားပြီး ၁၀ ပွဲ သရေ၊ ငါးပွဲရှုံးထားသူ ဖြစ်သည်။ သူတို့နှစ်ဦး၏ ပြိုင်ပွဲမှာလည်း ဘတစ်ပြန်ကျားတစ်ပြန် ယှဉ်ပြိုင်ထိုးသတ်မည့်ပြိုင်ပွဲကို လက်ဝှေ့ဝါသနာရှင်များ ကြည့်ရှုရမည်ဖြစ်သည်။

ပြည်တွင်း ငါးချီစိန်ခေါ်ပွဲတွင် မိုက်တိုင်စန်း(အလင်းရောင်)နှင့် ရဲရင့် (နဂါးမာန်)တို့ဖြစ်သည်။ လေးချီစိန်ခေါ်ပွဲများတွင် မင်းမဟာ (ဘိလပ်မြေစက်ရုံ) နှင့် ထက်အောင်ရဲ (ဝါဆို)၊ ခွန်ရှိုင်းထက် (ဝါဆို) နှင့် ထွန်းလုံရှိန် (ငြိမ်းချမ်းရေး)၊ ဖျံသွေး (ငြိမ်းချမ်းရေး) နှင့် ရဲရင့်ထွန်း (မုဒုံသား)၊ ဝမ်းဝမ်း(နဂါးမာန်)နှင့် တာဝိတ်(တော့စမ်း)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ထွန်းထွန်းမင်း (မြန်မာ)**

**ပွန်ပက် (ထိုင်း)**

✳ *ရှေ့ဖုံးမှ*

ကျော်ကျော်ထက် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရ၍ ရန်ကုန်ကို အဘက်ဘက်မှ မယှဉ်နိုင်ဘဲ ဖြစ်သွားရသည်။

ပွဲအစ ၆ မိနစ်မှာပင်ရန်အောင်ကျော်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဆီဇာက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒုတိယဂိုးကိုလည်း ဆီဇာကပင် ၂၄ မိနစ်တွင် သွင်းယူခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန် အသင်းကသာပွဲကို စိုးမိုးသွားခဲ့ပြီး တိုက်စစ်မှူး ကိုနေးအဒမ်မာက ၆၁ မိနစ်နှင့် ၇၁ မိနစ်တို့တွင် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ရန်ကုန်အသင်းမှာ ဇေယျာရွှေမြေနှင့် ခြောက်မှတ်စီ တူသော်လည်း ဂိုးကွာခြားချက်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။

**အောင်ဆန်းကွင်း**

**ဇေယျာရွှေမြေ - နှစ်ဂိုး (စိုးပိုင်သွေးနှင့်ဆာဆာ)**
**ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ**

**သုဝဏ္ဏကွင်း**

**ဟံသာဝတီ - တစ်ဂိုး (အောင်မြင့်ထွန်း)**
**Southern - ဂိုးမရှိ**

# မြစ်ကြီးနား-မန္တလေး အထူးအိပ်စင်ရထား မိုင်းခွဲခံရသဖြင့် ရထားစက်ခေါင်းတုံးလုံးလဲပြီး တွဲအချို့တိမ်းစောင်းသွားခဲ့ကာ ရထားသံလမ်းနှင့် ဇလီဖားတုံးများ ပျက်စီးသွားခဲ့၊ လူထိခိုက်ဒဏ်ရာရရှိမှုမရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြစ်ကြီးနား-မန္တလေး အထူးအိပ်စင်ရထားတစ်စင်းအား ကေအိုင်အေအဖွဲ့က ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း မိုင်းခွဲခဲ့သဖြင့် ရထားစက်ခေါင်း တုံးလုံးလဲကာ တွဲအချို့တိမ်းစောင်းသွားခဲ့ပြီး ရထားသံလမ်းနှင့် ဇလီဖားတုံးများ ပျက်စီးမှုရှိခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရှိရသည်။

မြစ်ကြီးနားမြို့မှ ထွက်ခွာလာသည့် အမှတ်(၃၄)အစုန် မြစ်ကြီးနား-မန္တလေး အထူးအိပ်စင်ရထားသည် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် အင်းတော်မြို့နယ် နန့်စီးအောင်ဘူတာမှ မော်လူးဘူတာသို့ ထွက်ခွာလာစဉ် အင်းတော်မြို့နယ် မိုင်တိုင်အမှတ် (၆၁၀/၂၀-၂၂)အကြား၌ ကေအိုင်အေအဖွဲ့ကထောင်ထားသော မိုင်းပေါက်ကွဲမှုကြောင့် စက်ခေါင်းအမှတ် (DF 2058) သည် သံလမ်းအရှေ့ဘက်သို့ တုံးလုံးလဲကျသွားခဲ့ကြောင်း၊ စက်ခေါင်းနှင့် ကပ်လျက်တွဲနှစ်တွဲအနက်မှ တွဲတစ်တွဲသည် သံလမ်းပေါ် ကန့်လန့်ဖြစ်သွားပြီးအခြားတွဲတစ်တွဲမှာလည်း ၄၅ ဒီဂရီခန့်စောင်း၍ လမ်းချော်သွားခဲ့ကြောင်း၊ သံလမ်း(၅) ဆက်ပြတ်ထွက်ပြီး သစ်သားဇလီဖားတုံး ၇၅ တုံးပျက်စီးခဲ့ကြောင်း၊ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

ယခုအခါ စက်ခေါင်းပျက်စီးမှုအား မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက စစ်ဆေးလျက်ရှိကြောင်း၊ အဆိုပါ မိုင်းခွဲခံရသော ရထားမှ ကျန်ရှိသော တွဲရှစ်တွဲနှင့် တွဲပေါ်ပါခရီးသည် ၄၄ ဦးအား အခြားစက်ခေါင်းဖြင့် နန့်စီးအောင်ဘူတာသို့ နံနက် ၁၁ နာရီခွဲခန့်တွင် ပို့ဆောင်ပေးခဲ့ကြောင်း၊ ပျက်စီးသွားသော ရထားလမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများက ပြင်ဆင်ဆောင် ရွက်လျက်ရှိ ကြောင်း မြန်မာ့မီးရထားမှ သတင်း ရရှိသည်။ **(သတင်းစဉ်)**

**မြစ်ကြီးနား-မန္တလေး အထူး အိပ်စင်ရထားတစ်စင်းအား ကေအိုင် အေအဖွဲ့က အင်းတော်မြို့နယ် အတွင်း မိုင်းခွဲခဲ့သဖြင့် ရထား စက်ခေါင်း တုံးလုံးလဲနေသည်ကို တွေ့ရစဉ်။**

(သတင်းစဉ်)

**မြစ်ကြီးနား-မန္တလေး အထူး အိပ်စင်ရထားတစ်စင်းအား ကေအိုင် အေအဖွဲ့က အင်းတော်မြို့နယ်အတွင်း မိုင်းခွဲခဲ့သဖြင့် ရထားတွဲအချို့ တိမ်းစောင်းသွားသည်ကို တွေ့ရစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၄-၁-၂၀၁၃ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၃၀ နံနက်ခင်းသတင်း
၇း၅၀ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၀၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

**ညပိုင်း**

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၂၅ မြန်မာစာ၊ မြန်မာစကား
၅း၄၀ Road to 27th SEA GAMES (ဂျူဒို)
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ချစ်သမီး** (ဒုတိယတွဲ) အပိုင်း-၁၂
၇း၀၀ ပြည်တွင်းသတင်း
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ချစ်သမီး** (ဒုတိယတွဲ) အပိုင်း-၁၂
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- ရယ်စရာတစ်ကွက်စာ
Mr.Bean **ကာတွန်းအစီအစဉ်** (အပိုင်း-၂၄)
- စန္ဒရားလှထွဋ်၏အမှတ်တရ တေးများ
- ငြိမ်းချမ်းခြင်းသည်သာ အလိုအပ်ဆုံးအရာ
၁၀း၀၀ ပြည်တွင်းသတင်း
- အိန္ဒိယရုပ်ရှင် **အချစ်ကိုဦးညွှတ်ကြသူများ** (အပိုင်း-၂)
- အစီအစဉ်ပြီး၏။

# မိုးကောင်း၌ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်

**မိုးကောင်း ဇန်နဝါရီ ၁၃**

မိုးကောင်းမြို့နယ် ကြာအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက ကျေးရွာအုပ်စုအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ရပ်ကွက် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးဥပဒေနှင့်အညီ ရပ်မိရပ်ဖငါးဦး၏ ကြီးကြပ်မှုဖြင့် ဆယ်အိမ်စုမှူး ၂၂ ဦးအနက် ၁၈ ဦး၏ ဆန္ဒမဲရရှိသူ ဦးကြည်ခိုင်အား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။ **(၀၆၂)**

ကျန်းမာရေးဆောင်းပါး

# ဘရိုကိုလီနှင့်ကျန်းမာရေး

ပေါက်ပေါက်

ဂေါ်ဖီမျိုးနွယ်ဝင် ဘရိုကိုလီ၏ ဇာစ်မြစ်ဒေသမှာ အီတလီနိုင်ငံဟု ဆိုသော်လည်း ယခုအခါ ကမ္ဘာသုံးအစားအစာ ဟင်းသီးဟင်းရွက်ဖြစ်နေပါပြီ။ အတန်ငယ် အရသာသက်ကာ ယင်းနှင့် မျိုးနွယ်တူ ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီ (အဖြူ)တို့ထက် ပိုနူးညံ့ပြီး အရသာလည်း ပိုကောင်းသည့်အတွက် ဘရိုကိုလီ (ခေါ်) ပန်းဂေါ်ဖီစိမ်းကို super vegetable ဟု တင်စားကြသည်။ ဘရိုကိုလီကို ကြက်ဥ၊ ဘဲဥတို့ဖြင့်ကြော်စားကြသကဲ့သို့ သက်သတ်လွတ်(သို့မဟုတ်)နှစ်သက်ရာ အသား၊ ပုစွန်၊ ပင်လယ်စာတို့ဖြင့် တွဲဖက်ကာ အကြော်၊ အချက်၊ အသုပ်၊ ဟင်းချို၊ စွပ်ပြုတ်အဖြစ် နှစ်သက်သလို အမျိုးမျိုး ချက်စားနိုင်သည်။ ဘရိုကိုလီပေါင်းကလည်း အလွန်အရသာရှိလှသည်။

WHFoods ၏ ဓာတ်ခွဲစမ်းသပ်ချက်များအရ ၁၀၀ ဂရမ် အလေးချိန်ရှိသော ပန်းဂေါ်ဖီစိမ်းထဲတွင် ခွန်အား၃၄ ကယ်လိုရီ၊ ကစီဓာတ် ၆ ဒသမ ၆၄ ဂရမ်၊ သဘာဝသကြား ၁ ဒသမ ၇ ဂရမ်၊ ချေဖျက်လွယ်သော အမျှင်ဓာတ် ၂ ဒသမ ၆ ဂရမ်၊ ပျော်ဝင်လွယ်သော အဆီဓာတ် ၀ ဒသမ ၃၇ ဂရမ်၊ ပရိုတင်း ၂ ဒသမ ၈၂ ဂရမ်၊ ရေဓာတ် ၈၉ ဒသမ ၃၀ ဂရမ်၊ ဗီတာမင် အေ ၃၁ µg၊ ဘီတာကယ်ရိုတင်း ၃၆၁ µg၊ လူတိန်းနှင့် ဇီယာစန်သင်း ၁၁၂၁ µg၊ ဗီတာမင် ဘီ-၁ မှ ၉ အထိ ပါဝင်ပြီး ဗီတာမင်စီ ၈၉ ဒသမ ၂၀ မီလီဂရမ်၊ ဗီတာမင်အီး ၀ ဒသမ ၇၈ မီလီဂရမ်၊ ဗီတာမင်ကေ ၁၀၁ ဒသမ ၆ µg၊ ကယ်လ်စီယမ် ၄၇ မီလီဂရမ်၊ သံဓာတ် ၀ ဒသမ ၇၃ မီလီဂရမ်၊ မဂ္ဂနီစီယမ် ၂၁ မီလီဂရမ်၊ မီးစုန်း ၆၆ မီလီဂရမ်၊ ပိုတက်စီယမ် ၃၁၆ မီလီဂရမ်၊ ဇင့် ၀ ဒသမ ၄၁ မီလီဂရမ် စသည်ဖြင့် လူသားတို့ကို ကောင်းကျိုးပြုစေသည့် အာဟာရဓာတ်တို့ အသီးသီးပါရှိကြသည်ဟု သိရပါသည်။

ကမ္ဘာပေါ်တွင် ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးပေါင်း စုံလင်စွာရှိကြသည့်အနက် အစိမ်းရောင် ဘရိုကိုလီကို နံပါတ်တစ် ကင်ဆာရောဂါ ကာကွယ်နိုင်သောအစားအစာဖြစ်ကြောင်း အမေရိကန်အမျိုးသားကင်ဆာဌာနကြီးမှ အတည်ပြုသတ်မှတ်ခဲ့ကြသည်။ ဘရိုကိုလီထဲတွင် ပါဝင်သော ဆာလ်ဖာဓာတ်က အရသာကို ခါးသက်သက်ဖြစ်စေပြီး အတန်ငယ်မွှေးကြိုင်သောရနံ့ကို ဖြစ်ပေါ်သည့်အတွက် ကင်ဆာရောဂါဖြစ်ပွားမှုကို အဓိကကာကွယ်ပေးသည်။ Johns Hopkins University ၏ သုတေသနပြုချက်များအရ ဘရိုကိုလီသည် ကင်ဆာအကျိတ်အဖုများကြီးထွားလာမှုကို ၇၅ ရာခိုင်နှုန်းခန့် ကာကွယ်တားဆီးပေးနိုင်သည်ဟု ဆိုသည်။ ဘရိုကိုလီကို အနည်းဆုံး တစ်ပတ်တစ်ကြိမ် စားသူများသည် မစားသူများထက် ခံတွင်းကင်ဆာဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်း၊ အစာရေမျိုပြွန်ကင်ဆာဖြစ်နိုင်ခြေ ၂၈ ရာခိုင်နှုန်း၊ အူမကြီးနှင့် သားမြတ်ကင်ဆာဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်း၊ ကျောက်ကပ်ကင်ဆာဖြစ်နိုင်ခြေ ၃၂ ရာခိုင်နှုန်း လျော့ချနိုင်ကြောင်း သိရသည်။ အထူးသဖြင့် ဘရိုကိုလီမှာ ပါဝင်သော ဆာဖိုရက်ဖိန်းသည် အမျိုးသားများ ဆီးကျိတ်ကင်ဆာဆဲလ်များကို ဖျက်ဆီးပစ်နိုင်ကြောင်း သိရသည်။ ထို့ပြင် အူမကြီးကင်ဆာ၊ သားအိမ်ကင်ဆာ၊ မွေးလမ်းကြောင်းကင်ဆာတို့ ဖြစ်လာနိုင်ခြေ

အလားအလာကို လွှမ်းစွာနည်းပါးစေကြောင်း ဆိုထားပြန်သည်။

ပန်းဂေါ်ဖီစိမ်းသည် သားအိမ်တွင်းရှိ ဆဲလ်များကို ကျန်းမာစေကာ သွေးသစ်လောင်းစေပြီး သားအိမ်အမြန်ကျက်စေသော အစွမ်းသတ္တိရှိသည့်အတွက် မီးဖွားပြီးစမိခင်များနှင့် သားပျက် သားလျှောသော အမျိုးသမီးများ မပြတ်မနေစားသုံးသင့်ပေသည်။ ဆီးချိုရောဂါသည်များနှင့်လည်း အထူးသင့်လျော်သည်။

ဘရိုကိုလီတွင် ပျော်ဝင်လွယ်သော အမျှင်ဓာတ်ပါဝင်မှုများပြားပြီး ကယ်လိုရီနည်းပါးသည့်အတွက် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော ကိုလက်စထရောများကို လျှော့ချပေးသည်။ အစာကြေဝမ်းမှန်ရုံသာမက သွေးထဲရှိ သကြားပမာဏကို လျော့ကျစေ၍ ကိုယ်အလေးချိန်လျှော့ချလိုသူများ အားထားလောက်သော ဟင်းသီးဟင်းရွက်ဖြစ်သည်။ အရွယ်တင် နုပျိုလိုသူများ စားသုံးရန် အကောင်းဆုံးဖြစ်သည်။

ဘရိုကိုလီထဲတွင် အိုမီဂါ-၃ ဖက်တီးအက်စစ်အပြင် Kaempferol နှင့် Isothiocyanates တို့ ပါရှိသည့်အတွက် ရောင်ရမ်းနာများကို သက်သာပျောက်ကင်းစေနိုင်သည်။

ပန်းဂေါ်ဖီစိမ်း တစ်ခွက်စာပမာဏထဲတွင်ပါရှိသော ဗီတာမင်စီသည် လိမ္မော်သီးကြီးကြီးတစ်လုံးထဲတွင်ပါရှိသောဗီတာမင်စီပမာဏနှင့် ထပ်တူညီမျှသည့်အတွက် အအေးမိ၊ တုပ်ကွေး စသည့် ကူးစက်ရာသီဖျားနာခြင်းကို ကာကွယ်နိုင်စွမ်းရှိသည်။

ပန်းဂေါ်ဖီစိမ်းထဲတွင် Zeaxanthin နှင့် beta-carotene စသည့် အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါရှိ၍ ခန္ဓာကိုယ်အတွက် မလိုလားအပ်သော Free radicals များကို တိုက်ထုတ်ပေးကြောင်း သိရသည်။ ကယ်လ်စီယမ်နှင့်ဗီတာမင်ကေ ပါဝင်မှုများပြား၍ အရိုးကို ကျန်းမာခိုင်ခံ့စေကာ အသက်အရွယ်ကြီးရင့်သူများ ဖြစ်လေ့ရှိသော အရိုးကြွပ်ဆတ်ရောဂါကို ကာကွယ်ပေးနိုင်သည်။ ဘရိုကိုလီထဲတွင် ပါရှိသော ပိုတက်စီယမ်၊ ဗီတာမင်ဘီ ၆၊ ဖောလစ်နှင့် carotenoid lutein ဓာတ်များက သွေးလွှတ်ကြောများ အနည်ထိုင်ခြင်းကို ကာကွယ်ပေးသဖြင့် နှလုံးအဆီပိတ်ရောဂါမဖြစ်စေဘဲ ကျန်းမာစေရုံသာမက နှလုံးရောဂါနှင့်ပတ်သက်ဆက်စပ်လျက်ရှိသော လေဖြတ်ခြင်းကိုလည်း ဖြစ်နိုင်ခြေအလားအလာ နည်းပါးစေသည်။ ခန္ဓာကိုယ်တွင် အက်စစ်ထွက်ရှိမှုကို လျော့နည်းစေသည်။ ပိုတက်စီယမ်အလုံအလောက်ပါရှိသော ပန်းဂေါ်ဖီစိမ်းကို စားပေးခြင်းဖြင့် အာရုံကြောအဖွဲ့အစည်းကို ကျန်းမာစေပြီး ဦးနှောက်စွမ်းဆောင်ရည်ကို တိုးတက်မြင့်မားစေနိုင်သည်။ ဘရိုကိုလီထဲတွင် ပိုတက်စီယမ်ပါဝင်မှုများပြားပြီး မဂ္ဂနီစီယမ်နှင့်ကယ်လ်စီယမ်တို့အားဖြည့်ထား၍ သွေးဖိအားကို ပုံမှန်ဖြစ်စေသည့်အတွက် သွေးတိုးရောဂါသမားများ မှန်မှန်စားပေးသင့်ပေသည်။ Glucoraphanin ဓာတ်ပါရှိသော ပန်းဂေါ်ဖီစိမ်းများကိုစားခြင်းဖြင့် နေလောင်ခြင်းကြောင့် အသားအရေပျက်စီးခြင်းကို ကာကွယ်ပေးကာ အရေပြားထဲရှိအဆိပ်အတောက်များကို သုတ်သင်ပေးနိုင်ကြောင်း သိရသည်။ သွေးနီဥဆဲလ်များကို ထုတ်လုပ်ပေးနိုင်၍ ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေသည်။ ဘရိုကိုလီထဲတွင် ဗီတာမင်အေနှင့် Carotenoid lutein ဓာတ်ပါဝင်သည့်အတွက် မျက်ကြည်လွှာကို ကောင်းကျိုးပြုပြီး အသက်ကြီး၍ အမြင်အာရုံတွင် အမည်းစက်ပြောက်ပေါ်ခြင်းနှင့် မျက်စိရေတိမ်စွဲခြင်းတို့ လျော့ပါးနိုင်သည်။ တစ်ဖန် ဖောလစ်ဓာတ်ပါရှိ၍ ခန္ဓာကိုယ်အတွက် လိုအပ်သည့် ဆဲလ်သစ်များကို ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

**မှတ်ချက်။** (က) မည်သည့်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးကိုမဆို အကြာကြီးအပူပေးကာ နွမ်းသည်အထိ မချက်ပြုတ်သင့်ပါ။ ယင်းကဲ့သို့ချက်လိုက်သည့်အခါ ယင်းတို့အထဲတွင်ရှိသည့် သဘာဝအာဟာရဓာတ်များ လျော့နည်းသွားတတ်သည်။ ဘရိုကိုလီသည်လည်း ထိုနည်းဎင်းပင်။ နှစ်မိနစ်ခန့်သာအပူပေးချက်ပြုတ်ရန် အသင့်လျော်ဆုံးဖြစ်ပါသည်။ (ခ)ဘရိုကိုလီသည် လတ်ဆတ်လေ အစိမ်းရောင်ရင့်လေဖြစ်ပြီး အပွင့်စိမ်းများသည်လည်း ကျပ်ခဲသိပ်သည်းကာ ရိုးတံခြေထောက်များလည်း တောင့်တင်းနေခြင်းကြောင့် အရွေးမမှားကြဖို့လိုသည်။ ဘရိုကိုလီရဲ့အရိုးကလည်း စွန့်ပစ်စရာမလိုဘဲ အပေါ်အခွံနွှာပြီး စားသုံး၍ရပါသည်။

**သတိပြုရန်။** (က) ဘရိုကိုလီများ ဈေးကွက်မရောက်မီ စိုက်ခင်းထဲ၌ ပိုးသတ်ဆေးဖျန်းထားတတ်၍ အော်ဂဲနစ်မျိုးကိုသာ ရွေးဝယ်သင့်ပါသည်။ အသေချာဆုံးမှာ ဟင်းလျာမစီမံခင် အနေတော်အတုံးလေးများတုံးပြီး ရေစင်စင်ဆေးဖို့ အထူးလိုအပ်ပါသည်။ (ခ) ဆေးဖက်ဝင်သော်လည်း အလွန်အကျွံစားလျှင် လေထစေပါသည်။ (ဂ) ပန်းဂေါ်ဖီစိမ်းထဲတွင် goitrogens ဓာတ်ပါရှိ၍ သိုင်းရွိုက်ရောဂါသည်များ မစားသင့်ပါ။

အစိမ်းရောင်ပန်းဂေါ်ဖီကို အနည်းဆုံး တစ်ပတ်တစ်ကြိမ် စားပေးခြင်းဖြင့် ကင်ဆာဖြစ်နိုင်ခြေကို ဖြတ်တောက်နိုင်ကြောင်း နိုင်ငံတကာဆေးသုတေသီများက အကြံပြုထားသည်။ ထို့အပြင် ဘရိုကိုလီ တစ်ခွက်စာပမာဏထဲတွင် ပါရှိသော ပရိုတင်းဓာတ်သည် ထမင်းတစ်ခွက်စာနှင့် ထပ်တူညီသည်လို့ဆိုပါသည်။ ထို့ကြောင့် ယခုကဲ့သို့ အေးချမ်းသည့် ဆောင်းရာသီတွင် ဖောဖောသီသီ ရရှိနိုင်သည့် ရာသီစာဘရိုကိုလီကို လက်လွတ်မခံသင့်ပါကြောင်း။ ။

# စေတနာ၊ ဝါသနာ၊ ကရုဏာ၊ အနစ်နာခံ၍ ပြည်သူများ၏ကျန်းမာရေးကို စောင့်ရှောက်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျန်းမာရေးဝန်ထမ်းများသည် စေတနာ၊ ဝါသနာ၊ ကရုဏာ၊ အနစ်နာခံ၍ ပြည်သူများ၏ကျန်းမာရေးကိုစောင့်ရှောက်ပေးနေကြသူများဖြစ်ပါကြောင်း၊ ကျေးလက်ဒေသများတွင် ပြည်သူလူထုကျန်းမာရေးကို ဆောင်ရွက်ပေးနေသော အခြေခံကျန်းမာရေးဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူလူထုနှင့် ဆက်ဆံရေးတွင် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်၍ လိုအပ်သည်များကို ပြုပြင်တတ်ရန်လိုအပ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦးဖေးမကူညီ၍ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်တိုးတက်အောင် ဆောင်ရွက်နေသောအချိန်တွင် တစ်ဦးနှင့်တစ်ဦးဝိုင်းဝန်းကူညီ ထောက်ပံ့ပေးကြစေလိုကြောင်း၊ ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးနေခြင်းအားဖြင့် မိမိတို့၏ လုပ်ငန်းများ ပြည့်စုံအောင်မြင်နေမည်ဖြစ်ပါကြောင်းဖြင့်ပြောကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဖြူးမြို့နယ် ဇေယျဝတီတိုက်နယ်ဆေးရုံနှင့် အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရလဒ်ကောင်းများ**

ထို့နောက် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ပြည်သူ့ကျန်းမာရေးဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက နိုင်ငံတော်မှ ကျန်းမာရေး အသုံးစရိတ်များကို တိုးမြှင့်ပေးထားပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် ဆေးဝါးများ ရရှိမည်ဖြစ်ပါကြောင်း၊ နောင်နှစ်များတွင် Dcentralization System ဖြင့် မိမိတို့သက်ဆိုင်ရာဆေးရုံအလိုက် လိုအပ်သော ပစ္စည်းများကို ဝယ်ယူရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က သွင်းအားစုများပေးထားပြီးဖြစ်၍ နိုင်ငံတော်က ယုံကြည်နိုင်သော ရလဒ်ကောင်းများကို မိမိတို့က ပြသရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ရေတာရှည်မြို့နယ် ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆေးရုံကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြင်းစီးအသင်း နှစ်(၄၀)ပြည့် အထိမ်းအမှတ်ကျင်းပရေး စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရန်ကုန်မြင်းစီးအသင်း နှစ်(၄၀)ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပရေးအတွက် စာနယ်ဇင်းရှင်းလင်းပွဲကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ Sein Hlyan Restaurant ၌ ကျင်းပရာ ရန်ကုန်မြင်းစီးအသင်းဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့်အသင်းဝင်များ၊ စာနယ်ဇင်းမီဒီယာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြင်းစီးအသင်း ဥက္ကဋ္ဌ ဦးငြိမ်းကျော်က ရန်ကုန်မြင်းစီးအသင်း အခက်အခဲပေါင်းစုံကြားထဲမှ ပေါ်ပေါက်လာပုံ၊ ရန်ကုန်မြင်းစီးအသင်းမှ မြန်မာ့လက်ရွေးစင်အဆင့်အထိ ရောက်ရှိလာအောင် အခြေခံမှအစ သင်ကြားလေ့ကျင့်ပေးကာ နိုင်ငံအတွက် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ပုံ၊ လက်ရှိတွင်လည်း ရန်ကုန်မြင်းစီးအသင်းအနေဖြင့် လက်ရွေးစင်မြင်းစီးအားကစားသမားများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးလျက်ရှိပုံတို့ကို ရှင်းလင်းပြောကြားသည်။

**ပြုစုပျိုးထောင်**

ထို့နောက် ရန်ကုန်မြင်းစီးအသင်း၏ ယနေ့အခြေအနေနှင့် မြင်းစီးအားကစားသမားများအား ပြုစုပျိုးထောင် လေ့ကျင့်ပေးနည်းများကို စာနယ်ဇင်းမီဒီယာများက မေးမြန်းရာ ရန်ကုန်မြို့ မြင်းစီးအသင်း ဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**




ဗိုလ်ချုပ်အောင်ဆန်းဈေး
ဆိုင်ခန်းငှားမည်။
ဖုန်း-၀၉-၇၃၁၅၇၂၇၃



ဈေးကွက်နှင့်စီးပွားရေးသတင်း

# ဆန်စပါးဈေးနှုန်းများပြန်လည် မြင့်တက်လာ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ယခုသီတင်းပတ်အတွင်း ဆန်ကွဲ၊ ဆန်ကြမ်း၊ ဆန်ချော၊ စပါးဈေးနှုန်းများ ပြန်လည်မြင့်တက်လာသည်ဟု ဆန်စပါးကုန်သည်များကဆိုသည်။ ဇန်နဝါရီ ၁၁ ရက်တွင် ၂၅ မှတ် ဧည့်မထဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၈၀၀ မှ ၁၂၅၀၀ ဝန်းကျင်၊ ဧည့်မထ ထိပ်စရှယ် ငွေကျပ် ၁၄၆၀၀ မှ ၁၅၅၀၀ အတွင်း၊ ရာကျော်ဆန်တစ်အိတ်လျှင် ၁၂၀၀၀ မှ ၁၂၅၀၀အတွင်း ပေါ်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀-၁၇၅၀၀ ဝန်းကျင်၊ ပေါ်ဆန်းဆန်သစ်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀ မှ ၂၃၅၀၀ ဝန်းကျင်၊ ပေါ်ဆန်းဆန်အဟောင်းတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀ မှ ၃၀၀၀၀ ဝန်းကျင်၊ ရွှေဘိုပေါ်ဆန်းသစ် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ ဝန်းကျင်၊ ရွှေဘို ပေါ်ဆန်းအဟောင်း တစ်အိတ်လျှင် ၃၅၀၀၀ ဝန်းကျင်ရှိကြောင်း ဆန်ဈေးကွက်မှ သိရသည်။

၂-၃-၄ အမျိုးအစား ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၉၇၀၀ မှ ၉၈၀၀၊ ၁-၂ ဆန်ကွဲ ငွေကျပ် ၁၀၀၀၀၊ ၁ ဆန်လတ် ငွေကျပ် ၁၀၄၀၀-၁၀၅၀၀ ဝန်းကျင်ဈေးနှုန်းရှိကြောင်းသိရသည်။ စပါးကြမ်းပေါင် ၅၀ကိုက် တင်းတစ်ရာလျှင် ငွေကျပ် ၃၆၀၀၀၀ မှ ၃၇၀၀၀၀ နှုန်းရှိကြောင်း မော်ကျွန်းနယ်နှင့် ကျောင်းကုန်းနယ်မှ ဆန်ကုန်သည်များကဆိုပါသည်။ ၅၂ ပေါင်ကိုက် ပေါ်ဆန်းစပါးတင်းတစ်ရာလျှင် ငွေကျပ် ၄၈၀၀၀၀ မှ ၅၀၀၀၀၀ နှုန်း ဝန်းကျင်ရှိကြောင်း မော်ကျွန်းစပါးကုန်သည်များထံမှ သိရသည်။

ယခုဈေးနှုန်းများသည် ဆန်ကြမ်းများအနေဖြင့် တစ်အိတ်လျှင် ငွေကျပ် ၅၀၀ ဝန်းကျင်၊ ပေါ်ကွဲတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်၊ ဆန်ချောအသစ်များသည်လည်း ငွေကျပ် ၂၀၀၀ ဝန်းကျင်၊ စပါးဈေးနှုန်းတင်းတစ်ရာလျှင် ငွေကျပ် ၂၀၀၀၀ ဝန်းကျင် ဈေးမြင့်လာသည်ဟုသိရသည်။ ပေါ်ဆန်းဆန်အဟောင်းမှာဈေးကွက်တွင် လက်ကျန်နည်းနေပြီး ဝယ်လိုအားလည်းနည်းကြောင်း၊ ဈေးကွက်တွင် ပစ္စည်းလက်ကျန်နည်း၍ တစ်အိတ်ငွေကျပ် ၃၀၀၀၀ ဝန်းကျင်ဖြစ်နေသော်လည်း စားသုံးသူအများစုသည် ပေါ်ဆန်း ဆန်အသစ်ကိုသာ ဝယ်ယူမှုများသည်ဟု ဈေးကွက်မှ သိရသည်။ ဆန်ကွဲ ဈေးနှုန်းသည်လည်း တစ်အိတ်လျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ ကြား မြင့်တက်လာသော်လည်း ဖွဲနုတစ်ပေါင်လျှင် ၅၃ ကျပ်မှ ၅၅ ကျပ် အတွင်းသာ ရှိနေသေးသည်ဟု သိရသည်။

ယခင်နှစ် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ဒုတိယပတ်အတွင်း ၂၅ မှတ် ဆန်တစ်အိတ်လျှင်ငွေကျပ် ၁၀၅၀၀ ဝန်းကျင်၊ ဧည့်မထထိပ်စရှယ် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀ ဝန်းကျင်၊ ပေါ်ဆန်း အဟောင်း တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၊ အသစ် ၂၂၀၀၀ မှ ၂၆၀၀၀ ၊ ရွှေဘိုပေါ်ဆန်းအသစ်ငွေကျပ် ၂၉၀၀၀ ဝန်းကျင် ဈေးရှိပြီး စပါးကြမ်းပေါင်၅၀ကိုက် တင်းတစ်ရာလျှင် ကျပ် ၃၀၀၀၀၀ မှ ၃၂၀၀၀၀ ဝန်းကျင်၊ ပေါ်ဆန်းစပါး ၅၂ခွဲ ပေါင်ကိုက် တင်းတစ်ရာလျှင် ၆၀၀၀၀၀ ခန့်ဈေးနှုန်းရှိခဲ့ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၌ စပါးဝယ်ယူရာတွင် ကုန်သည်များအနေဖြင့် ၁၆ ပြည် တစ်ခွက် (၁၆ ပြည်နို့ဆီဘူး ၄လုံး) တင်းတောင်းဖြင့် ဝယ်ယူလေ့ရှိရာ စပါးကြမ်းဆိုလျှင် တစ်တင်းလျှင် ပေါင် ၅၀ နှုန်း၊ စပါး ချောဆိုလျှင် ပေါင် ၅၂ ခွဲ နှုန်းရှိကြောင်း နိုင်ငံတော်မှ သတ်မှတ်ထားသော ၄၆ ပေါင်တင်းဖြင့် စပါးဈေးနှုန်း ပြောဆိုမှု နည်းသည်ဟု သိရသည်။ ပဲခူးတိုင်း အရှေ့ခြမ်းဒေသများတွင်သာ ကတ္တားကိုက် ဝယ်ယူခြင်းရှိသဖြင့် ၄၆ ပေါင်နှုန်းဖြင့် တွက်ချက် ဝယ်ယူမှုရှိကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလဆန်းတွင် နိုင်ငံတော်မှ အရန်ဆန်ဝယ်ယူရေးစတင်ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ် မိုးစပါးထွက်ရှိချိန်တွင် ဒီဇင်ဘာလဆန်းမှစတင်ဆောင်ရွက်ပြင်ဆင်ခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်တွင် အရန်ဆန်တင်ဒါထပ်မံဖွင့်လှစ်ခဲ့ကြောင်း၊ ထိုသို့သော လုပ်ဆောင်မှုများကြောင့် ဆန်စပါးဈေးနှုန်း ပြန်လည် မြင့်တက်လာရခြင်း ဖြစ်နိုင်သည်ဟု ဆန်ကုန်သည်များက ဆိုသည်။ **(ခင်ဆိုင်)**

# အစေ့ထုတ်ပြောင်း ဈေးကောင်းရသဖြင့် ကယားပြည်နယ်မှ တောင်သူများ အဆင်ပြေ

**လွိုင်ကော် ဇန်နဝါရီ ၁၃**

သတင်းနှင့် ဓာတ်ပုံ
ကြီးမြင့်နိုင် (လွိုင်ကော်)

ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အစေ့ထုတ်ပြောင်း ရိတ်သိမ်းချိန်တွင် အစေ့ထုတ်ပြောင်း ဈေးကောင်းရသဖြင့် ကယားပြည်နယ်မှ အစေ့ထုတ်ပြောင်း စိုက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် ဩဂုတ်လအတွင်း အစေ့ထုတ်ပြောင်း ပေါ်ဦးစကာလက အစေ့ထုတ်ပြောင်း တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ အထိ ဈေးတက်ခဲ့ပြီး ယခု ဇန်နဝါရီလအတွင်း ကျပ် ၃၀၀ ဈေးပေါက်နေကြောင်း၊ ယခင်နှစ် အစေ့ထုတ်ပြောင်း ရိတ်သိမ်းချိန်က ငွေကျပ် ၂၅၀ ဝန်းကျင်သာ ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ဈေးကောင်းရသဖြင့် စိုက်ပျိုးချိန်က စိုက်ပျိုးစရိတ်ကို ငွေတိုးယူ၍စိုက်ပျိုးခဲ့ရသော်လည်း ခုသာခံသာရှိပြီး အဆင်ပြေသည်ဟု ပြောနိုင်ကြောင်း လွိုင်ကော်မြို့နယ် ပဒါးညေးကျေးရွာမှ အစေ့ထုတ်ပြောင်း စိုက်ပျိုးသူ ဦးမောင်ပန်းက ပြောကြားသည်။

ကယားပြည်နယ်ထွက် အစေ့ထုတ်ပြောင်းများကို ရန်ကုန်နှင့် မန္တလေးမြို့များသို့ အများဆုံးတင်ပို့ကြပြီး အချို့ကို နေပြည်တော် တပ်ကုန်း၊ ပျော်ဘွယ်၊ ဆီဆိုင်၊ အောင်ပန်း၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ တောင်ငူနှင့် တောင်ကြီးမြို့များသို့လည်း တင်ပို့ရောင်းချကြကြောင်း ကယားပြည်နယ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းထံမှ သတင်းရရှိသည်။

# ရွှေစတုဂံလေးမြို့နယ်တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအောင်မြင်ဖြစ်ထွန်း

သတင်းနှင့်ဓာတ်ပုံ ပိန်းဇလုပ်-သိန်းညွန့်

ပဲခူးတိုင်းဒေသကြီး ရွှေစတုဂံလေးမြို့နယ် (ကျောက်တံခါး၊ ကျောက်ကြီး၊ ရွှေကျင်၊ ညောင်လေးပင်) မြို့နယ် စစ်တောင်းမြစ် အရှေ့ဘက် ကျေးရွာများတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ စိုက်ပျိုးသည့်တောင်သူများအနေဖြင့် သီးနှံပေါ်ချိန် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းကျေးရွာမှာ မိုးရာသီစစ်တောင်းမြစ်ရေလျှံတာ ရက်ရှည်ကြာတဲ့နှစ်တွေမှာ မိုးစပါးလယ်ယာမြေတွေဟာ နစ်မြုပ်ပျက်စီးဆုံးရှုံးမှုတွေ ကြုံရတယ်။ ရေကြီးရေနက်ကွင်း မြေအမျိုးအစားတွေမှာ စပါးစိုက်ပျိုးရတာ ထိထိုးရသလိုပါပဲ။ ကုန်းမြင့်ကျတဲ့ နေရာတွေကတော့ ဆီထွက် သီးနှံတွေကို စတင်ထွန်ယက်ပြီး အဓိကစိုက်ပျိုးကြရတယ်။ ဒီနှစ်စိုက်ပျိုးတဲ့တောင်သူတိုင်း တော်တော်ဖြစ်ကြပါတယ်။ မနှစ်ကပဲခင်းတွေ ပိုးကျပျက်စီးကာ ပဲထွက်နည်းခဲ့ပြီး ပဲပေါ်ချိန်တောင်သူတွေ မတ်ပဲတစ်တင်းကို ငွေကျပ် ၁၂၈၀၀၊ ၁၃၀၀၀ ကြားသာ ရောင်းချခဲ့ရပြီး ပဲတီစိမ်းကတော့ ငွေကျပ် ၁၇၀၀၀ ဝန်းကျင်သာ ရောင်းချခဲ့ရတဲ့အတွက် ဈေးနှုန်းဟာ တောင်သူတွေ စိုက်ပျိုးချိန်ကုန်ကျခဲ့တဲ့ သွင်းအားစုစရိတ်နဲ့နှိုင်းယှဉ်ရင် အရှုံးပေါ်ခဲ့တယ်။ ဒီနှစ်အပင်ရော အသီးပါ ကောင်းပါတယ်။ ပိုးမွှားကျရောက်မှု ကင်းစင်တော့ ပိုးသတ်ဆေးဖိုးလည်း သိပ်အကုန်ကျ မရှိခဲ့ဘူး။ အခုနှစ် အောင်မြင်သလောက် ဈေးကောင်းရရင် ပိုကောင်းမယ်။ ကျွန်တော်တို့ စစ်တောင်းမြစ် အရှေ့ဘက်ကမ်း ကညင်ကျိုးရွာဟောင်းကျေးရွာနဲ့ အနီးတစ်ဝိုက် လှေတန်းကျွန်းကြီး၊ ဟသ်ာဝဲ၊ ကရင်ကျွန်းကြီး၊ ထိုးဝါးစိုက်၊ ဝဲမှူး၊ ကျည်စု၊ သစ်ဖယောင်းတန်၊ လိန်ပင်ဝဲ၊ အင်းပရိကျေးရွာတွေမှာလည်း ဒီနှစ် ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံကို အားထားစိုက်ပျိုးကြတာ အားလုံးလိုလို အောင်မြင်တယ်လို့ ပြောနိုင်တယ်" ဟု ကျောက်တံခါးမြို့နယ် ကညင်ကျိုးရွာဟောင်းကျေးရွာနေ တောင်သူတစ်ဦးက ပြောကြားသည်။

**အများအပြား**

အဆိုပါ ရွှေစတုဂံလေးမြို့နယ် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းကျေးရွာများတွင် အဓိကအားဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွန်းဖြူ၊ မြေပဲ သီးနှံများကို အများအပြားစိုက်ပျိုးထားကြောင်း သိရသည်။



ပြည်တွင်းသတင်းနှင့်အားကစား

# မြဝတီမြို့နယ်တွင် ငွေလဲကောင်တာဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်ရှိ ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီး ဘုရင့်နောင်လမ်းမတွင် တူဒေးတော့စတား (Today Top Star Co., Ltd.)ကုမ္ပဏီ၏ ငွေလဲကောင်တာဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဆွေက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ငွေလဲကောင်တာနှင့် ပတ်သက်၍ တူဒေးတော့စတားကုမ္ပဏီမှ တာဝန်ခံ ဦးသက်တင်က ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးလုပ်ငန်းဆောင်ရွက်ရာ၌ နောက်ခြေလှမ်းတစ်လှမ်းဖြစ်သော ဘဏ်မဟုတ်သော ကုမ္ပဏီများကို နိုင်ငံခြားငွေ ရောင်းဝယ်လဲလှယ်ခွင့်လိုင်စင် ခွင့်ပြုထုတ်ပေးပြီး နိုင်ငံခြားငွေကြေးဈေးကွက်မှာ တရားဝင်ပါဝင်လုပ်ဆောင်နိုင်စေရန် ခွင့်ပြုပေးခြင်းဖြစ်သည့်အတွက် မိမိတို့တူဒေးတော့စတားအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ယနေ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ထို့အတူ ထိုင်း-မြန်မာနယ်စပ်ဒေသရှိ နယ်စပ်ကုန်သွယ်ရေးအတွက် အထောက်အကူပြုစေနိုင်မည်ဟုလည်း ယုံကြည်မိကြောင်း၊ ထိုင်းနိုင်ငံတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းလုပ်သားများအတွက်လည်း တရားဝင်ငွေကြေးလဲလှယ်နိုင်သော ကောင်တာဖြစ်လာမှာဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

ငွေလဲကောင်တာ ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြဝတီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်တို့မှ တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းအဖွဲ့များနှင့် မြို့မိမြို့ဖများတက်ရောက်ခဲ့ပြီး ဒေသရိုးရာ ကရင်ဒုံးယိမ်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာပြည်သားများ အာမခံလုပ်ငန်းနှင့် ရင်းနှီးကြစေချင်

အာမခံလုပ်ငန်းသည် မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများကဲ့သို့ ကျယ်ပြန့်တွင်ကျယ်ခြင်းမရှိသေးပါ။ အာမခံလုပ်ငန်း၏ ရည်ရွယ်ချက်ကောင်းမှာ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ၊ မမျှော်လင့်ဘဲ ပျက်စီးဆုံးရှုံးမှုရှိခဲ့ပါလျှင် အာမခံထားခြင်းဖြင့် ပြန်လည်ရင်းနှီးမြှုပ်နှံမှု ရရှိနိုင်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အာမခံအမျိုးအစားများစွာ ထားရှိနိုင်သော်လည်း လူသိများသည်မှာ မီးနှင့်အထွေထွေအာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ မော်တော်ယာဉ်အလုံးစုံထိခိုက်မှုအာမခံ၊ မြွေအန္တရာယ်အသက်အာမခံ၊ ကုန်ပစ္စည်းသယ်ယူမှုအာမခံနှင့် ခရီးသွားအာမခံအမျိုးအစားများကိုသာ အများဆုံးအာမခံထားလေ့ရှိကြပါသည်။ သူတစ်ပါးထိခိုက်မှု အာမခံမှာမူ လိုင်စင်သက်တမ်းတိုးသော မော်တော်ယာဉ်တိုင်းထားရှိရသည်ဖြစ်ရာ ယာဉ်မတော်တဆမှုဖြင့် လူသေဆုံးလျှင် တစ်ဦးလျှင် ငွေကျပ်ငါးသိန်း လျော်ကြေးရခွင့်ရှိပါသည်။ သို့ရာတွင် ယင်းအခွင့်အရေးကို လာရောက် တောင်းခံခြင်းမရှိသူများရှိနေကြောင်း၊ ပဲခူးမြို့ မြန်မာ့အာမခံလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကျန်ရစ်သူမိသားစုကို ဆေးရုံမှလည်းကောင်း၊ ရဲစခန်းမှလည်းကောင်း၊ အာမခံရုံးသို့သွားပြီး လျော်ကြေးတောင်းဆိုရန် လမ်းညွှန်မှုသာ လာရောက်တောင်းဆိုသူများရှိကြောင်း ပြောပြ၍ သိရှိရပါသည်။

မြွေအန္တရာယ်နှင့်ပတ်သက်၍အာမခံထားခြင်းများရှိလာပါသည်။ အကြောင်းမှာ ဒေသနှင့်သက်ဆိုင်ပါသည်။ ကျေးလက်တောရွာကို အခြေခံသော ပဲခူးကဲ့သို့ မြို့မျိုးတွင် ဆိုင်ကယ်စီးသူအလွန်များပါသည်။ မြို့ပေါ်တွင်သာမက ပတ်ဝန်းကျင်မြို့နယ်များဖြစ်သော ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ် ကွင်းတစ်ခွင်မှ တောင်သူလယ်သမားအများစုသည် ယခုအခါ ဆိုင်ကယ်စီးနိုင်လာကြပါသည်။ အကန့်အသတ်တစ်ခုမှာ နွေရာသီနှင့်ဆောင်းရာသီတွင်သာလျှင် အများအားဖြင့် စီးနိုင်ကြပြီး မိုးရာသီရောက်သည်နှင့် ရေပတ်လည်ဝိုင်းနေသော ကျေးရွာတစ်ခွင်တွင် ဆိုင်ကယ်စီး၍ မရတော့ပါ။ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရချိန်တွင် မြွေဆိုးအန္တရာယ်က တစ်မှောင့်ဖြစ်ပါသည်။ ဆိုင်ကယ်လိုင်စင်ဝင်ရင်း မြွေအန္တရာယ်အာမခံကြေးလက်မှတ်တစ်စောင် ငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူထားကြပြီး လျော်ကြေးငွေကျပ်ငါးသိန်းရရှိနိုင်မည်ကို သိရှိကြပါသည်။ တစ်စတစ်စ အာမခံထားသူများလာပါသည်။

**ရင်းနှီးစေချင်**

မြန်မာ့အာမခံလုပ်ငန်းသည် မြန်မာတစ်နိုင်ငံလုံးတွင် ရုံးခွဲပေါင်း ၃၈ ရုံးဖွင့်လှစ်ထားပြီး လျော်ကြေးပေးနိုင်ရန် ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၂၀၀၀ ကျော်ရှိကြောင်းနှင့် ကျပ်သန်း ၈၀၀ ကိုလည်း ငွေတိုက်စာချုပ်ဝယ်ပြီး လျော်ကြေးပေးနိုင်အောင် ရင်းနှီးမြှုပ်နှံထားကြောင်း သိရှိရသည်။ မြန်မာပြည်သူအများ အာမခံလုပ်ငန်းနှင့်ရင်းနှီးစေချင်ပါသည်။ ယဉ်ပါးစေချင်ပါသည်။ နောင်ရေးစိတ်အေးရအောင် မိမိအလိုရှိရာ အာမခံအမျိုးအစားကို ထားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ **(စိန်လှိုင်ဗိုလ်)**

## အော့ကလန်တင်းနစ် ဒေးဗစ်ဖာယာ ဆွတ်ခူး

စပိန်နာမည်ကြီး တင်းနစ်ကစားသမား ဒေးဗစ်ဖာယာသည် သြစတြေးလျနိုင်ငံ မဲလ်ဘုန်း၌ ယှဉ်ပြိုင်ကစားလျက်ရှိသော အော့ကလန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီတင်းနစ်ကစားသမား ဖီးလစ်ကိုဟတ်ခရီဘာအား ၇-၆(၇-၅)/၆-၁ ဖြင့် နိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ကမ္ဘာ့နံပါတ် ၅ အဆင့်ရှိ ဒေးဗစ်ဖာယာသည် အဆိုပါ အော့ကလန်အိုးပင်းဖလားကို လေးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)** ဒေးဗစ်ဖာယာသည် လာမည့်သြစတြေးလျအိုးပင်းအဖွင့်ပွဲစဉ်တွင် အိုလီဗီယာရီချပ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## အင်တာမီလန် ပုံမှန်ခြေစွမ်းပြ

အီတလီစီးရီးအေပြိုင်ပွဲများ ဇန်နဝါရီ ၁၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်က အမှတ်ပေးဇယားအောက်ဆုံး ရုန်းကန်ကြိုးစားနေရသည့် ပက်ကာရာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး ပုံမှန်ခြေစွမ်းပြခဲ့သည်။ အင်တာမီလန်အသင်းအတွက် ပါမောစီယိုနှင့် ဂူယာရင်တို့က သွင်းယူခဲ့ကြသည်။

## ရီးရဲမက်ဒရစ်ဖလားအိပ်မက်များ ပျောက်ဆုံး

ရီးရဲမက်ဒရစ်နှင့် အောက်ဆုံးရောက် အိုဆာဆူနာတို့ပွဲတွင် ဂိုးမရှိ သရေကျခဲ့၍ ရီးရဲမက်ဒရစ်တို့ စိတ်ညစ်စရာ ရာသီကိုခရီးဆက်နေကြဆဲဖြစ်သည်။ ရီးရဲမက်ဒရစ်တို့ ယင်းပွဲတွင် အဓိက ကစားသမားများ မပါဝင်ခဲ့ခြင်းကြောင့်လည်း ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ရာသီတွင် စပိန်လာလီဂါ၊ ကိုပါဒယ်ရေးနှင့် ချန်ပီယံလိဂ်ဖလားအိမ်မက်များ ပျောက်ကွယ်နေပြီဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်**


## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝါနှင့်ပိုးချည်ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ ဝါကြိတ်စက်ရုံများရှိ ဝါထွက်ပစ္စည်းမျိုးစုံကို မြန်မာကျပ်ငွေဖြင့် ဈေးပြိုင်အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချလိုပါ၍ အိတ်ဖွင့်တင်ဒါဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၄-၁-၂၀၁၃ ရက် ညနေ ၃ နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၂၀၄**



## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိ အောက်ပါစက်ရုံများအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ငှားရမ်းမှု အိတ်ဖွင့်တင်ဒါဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရွာမွန်(နတ်မောက်)ဝါကြိတ်စက်ရုံ
(ခ) ဆိပ်ဖြူဝါကြိတ်စက်ရုံ
(ဂ) သရက်ဝါကြိတ်စက်ရုံ
(ဃ) မအူပင်စက္ကူစက်ရုံ

၂။ တင်ဒါပိတ်ရက်မှာ ၂၄-၁-၂၀၁၃ရက် မွန်းလွဲ ၁ နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**စက်ရုံ/အလုပ်ရုံများ ပုဂ္ဂလိကသို့ လွှဲပြောင်းငှားရမ်းရေးကော်မတီ**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၃၂၀၄၊ ၀၆၇-၄၁၃၁၂၂**



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ အထက်ပန်းဆိုးတန်းလမ်း၊ တိုက်အမှတ် $A_{3-2}$ ရှိ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ခုနစ်ခန်းတွဲ၊ ၁၆ထပ်အနက်မှ အခန်းအမှတ် ၅၀၁ ပဉ္စမထပ်ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် ခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒုတိယဗိုလ်မှူးကြီးစိန်ရ ၈/မဘန(နိုင်)၀၃၄၄၈၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
B.A, H.G.P, C.B.L, D.B.L, D.M.L
**ဥပဒေအကျိုးဆောင်**
**အမှတ် ၈၆/၈၈၊ အခန်းအမှတ် ၂၀၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**



## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲကျေးဇူးတင်လွှာ

[illegible]

**မောင်ထွန်းအာကာကျော်**

B.A (Eco), Yadanarpon University
Diploma in Culinary Arts, At-sunrice Global
Chef Academy, Singapore

နှင့်

[illegible]

**မအေးသွဲ့သွဲ့ငြိမ်း**

B.A (English), University of Foreign Language Diploma in Business Management,
Keele University, UK

[illegible] Sedona Hotel Executive Lounge [illegible] Sedona Hotel (Grand Ballroom) [illegible] Decoration [illegible] (Leopard & King) [illegible] 7 Picture [illegible] Sedona Hotel [illegible]

မောင်ထွန်းအာကာကျော် + မအေးသွဲ့သွဲ့ငြိမ်း

## အားကစားသတင်း အတိုအထွာ

❑ မန်စီးတီးတိုက်စစ်မှူး ဘာလော့တယ်လီအား မိမိအနာဂတ်ကို မိမိ ဆုံးဖြတ်သင့်ပြီဖြစ်ကြောင်း နည်းပြမန်ချီနီက သတိပေးလိုက်သည်။

❑ မန်ယူအသင်းအနေဖြင့် တိုက်စစ်မှူး ဇာဟာကို ခေါ်ယူစာချုပ်လိုပါက ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းပေးရမည်ဖြစ်ကြောင်း ခရစ္စတယ်ပဲလေ့စ်အသင်း တာဝန်ရှိသူများက ပြောကြားသည်။

❑ အင်တာမီလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါကို လီဗာပူးက ခေါ်ယူနိုင်ရေးအတွက် ဆွေးနွေးမှုများမှာ နီးစပ်နေပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

❑ အသက် ၂၂ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား အမ်ဗီလာအား ခေါ်ယူရေးအတွက် ကျူပီအာနည်းပြ ဟာရီရက်နက် ပြင်သစ်နိုင်ငံသို့ ထွက်ခွာသွားသည်။

❑ ဆဲလ်တာဗီဂို တိုက်စစ်မှူး အသက် ၂၅ နှစ် အရွယ် အက်စ်ပက်စ်အား ချယ်လ်ဆီးက ပြောင်းရွှေ့ကြေးပေါင် ၈ ဒသမ ၃ သန်း ပေး၍ ခေါ်ယူရန် ကြိုးစားနေပြီဖြစ်သည်။

❑ မာဆေးလ်တိုက်စစ်မှူး အသက် ၂၆ နှစ်အရွယ် ရီမီအား နယူးကာဆယ် အသင်းကခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

❑ ချယ်လ်ဆီးနှင့်လာမည့် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးပါက နောက်ခံလူ အက်ရှ်လေကိုးအား မန်ယူကခေါ်ယူရန် စီစဉ်လျက်ရှိသည်။

❑ စတုတ်အသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူး တစ်ဦးနှင့် တောင်ပံကစားသမားတစ်ဦးတို့ကို ခေါ်ယူရန် ကြိုးစားနေသည်။

❑ ဖာဂူဆန်သည် ၄င်းအနားယူပါက မန်ယူနည်းပြရာထူးအတွက် ရီးရဲ မက်ဒရစ် နည်းပြမော်ရင်ဟိုနှင့် ဘာစီလိုနာနည်းပြဟောင်း ဂွာဒီယိုလာတို့အား အမည်ရွေးချယ်ထားကြောင်း မန်ယူအုပ်ချုပ်ရေးအဖွဲ့သို့တင်ပြထားသည်ဟု သတင်းများ၌ဖော်ပြသည်။

❑ မန်စီးတီးအသင်းသည် တိုက်စစ်မှူး တီဗက်ဇ်အား သက်တမ်းတိုးစာချုပ်ရန် ဆွေးနွေးလျက်ရှိပြီး လောလောဆယ်၌ ညှိနှိုင်းမှုများပြုလုပ်လျက်ရှိသည်။

❑ ရီးရဲမက်ဒရစ်အသင်းသည် တိုက်စစ်မှူး မက်ဆီအား ခေါ်ယူမည်မဟုတ်ကြောင်း သတင်းထုတ်ပြန်ထားသော်လည်း စိတ်ဝင်စားမှုများရှိနေပြီး စောင့်ကြည့်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

❑ ဘာစီလိုနာအသင်းသို့ မိမိပြောင်းရွှေ့မကစားလိုကြောင်း၊ အသင်းပြောင်းရွှေ့ပါက အင်္ဂလန်ထိပ်တန်းကလပ်အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့မည်ဖြစ်ကြောင်း စီရိုနယ်ဒိုကပြောကြားသည်။

**မောင်ချစ်ကြည် - စုစည်းသည်**

# ချယ်လ်ဆီးတို့ အဝေးကွင်းမှာ အောင်ပွဲခံခဲ့ကြတဲ့ ပွဲစဉ်(၂၂)

**ပရီမီယာလိဂ်ပွဲစဉ် (၂၂)ကို ဇန်နဝါရီ ၁၂ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ ချယ်လ်ဆီးက အဝေးကွင်းမှာ အနိုင်ရပြီး သုံးမှတ်အပြည့်ရယူနိုင်ခဲ့ပေမယ့် စပါးတို့ကတော့ သရေတစ်မှတ်နဲ့ကျေနပ်ခဲ့ရပြီး မျှော်လင့်ချက်မပြည့်ဝမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။**



**စတုတ် ၀-၄ ချယ်လ်ဆီး**

စတုတ်အသင်းဟာ ချယ်လ်ဆီး ဘက်ကို ထိုးဖောက်မှုတွေ ပြုလုပ်ခဲ့ပေမယ့် အဆုံးသတ်မသေချာမှုတွေကြောင့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပါဘူး။ ချယ်လ်ဆီးဟာ ကွင်းလယ်ကစားကွက်စိုးမိုးနိုင်ခဲ့ပြီး စတုတ်ဘက်ကို တိုက်စစ်ဆင်မှုတွေ ပြုလုပ်ခဲ့တာမို့ ၄၅ မိနစ်မှာ ဝေါလ်တာက ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားတာမို့ ချယ်လ်ဆီးတို့ လက်ဆောင်ဂိုးရရှိခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန် အတွင်းမှာပဲ ချယ်လ်ဆီးတို့ရဲ့ နေရာစုံက ထိုးဖောက်မှုတွေကြောင့် ၆၃ မိနစ်မှာ ဝေါလ်တာ ဘောလုံးရှင်းထုတ်မှု အမှားကနေပြီး ချယ်လ်ဆီးတို့ လက်ဆောင်ဂိုးထပ်မံရရှိခဲ့ပြန်ပါတယ်။ ဆက်လက်ပြီး ၆၆ မိနစ်မှာ လမ်းပတ်က ပယ်နယ်တီကန်သွင်းပြီး တစ်ဂိုး၊ ၇၃ မိနစ်မှာ ဟာဇက်က တစ်ဂိုး အသီးသီးသွင်းယူခဲ့ကြလို့ ပွဲအပြီးမှာ ချယ်လ်ဆီးတို့က လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ စတုတ်ရဲ့ ဝေါလ်တာဟာ ပယ်နယ်တီကန်တာ လွဲခဲ့တာမို့ ကံဆိုးမိုးမှောင်ကျတဲ့နေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။

**ကျူပီအာ ၀-၀ စပါး**

ကျူပီအာရဲ့ တံ့ပြန်မှုက အမှား အယွင်းမရှိခဲ့တာမို့ စပါးတို့ ခက်ခဲတဲ့ပွဲ ဖြစ်သွားခဲ့ရပါတယ်။ စပါးဟာ အသင်းလိုက် ကစားအားကောင်းကောင်းနဲ့ကစားခဲ့ပေမယ့် ကျူပီအာတို့က ဟန့်တားဖျက်ထုတ်နိုင်ခဲ့လို့ မျှော်လင့်ချက်တွေ မပြည့်ဝခဲ့ပါဘူး။ ပွဲချိန် ၃၉ မိနစ်မှာ စပါးရဲ့ ဒမ်ဘီလီအဝါကတ်ထိခဲ့သလို ကျူပီအာရဲ့ ဘီရာလည်း ပွဲချိန် မိနစ် ၇၀မှာ အဝါကတ်ထိခဲ့ပါတယ်။ ပွဲချိန်ပြည့်တဲ့အထိ ဂိုးထပ်မံမသွင်းနိုင်ခဲ့လို့ ပွဲအပြီးမှာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့ပါတယ်။

**ဗီလာ ၀-၁ ဆောက်သမ်တန်**

ဒီပွဲမှာ ဗီလာတို့ အိမ်ကွင်းက ကစားရပေမယ့် စိုးရိမ်စိတ်တွေများခဲ့လို့ ပွဲချိန် ၃၅ မိနစ်မှာ ပယ်နယ်တီအပေးခံခဲ့ရပါတယ်။ အဲဒီ ပယ်နယ်တီပြစ်ဒဏ်ဘောကို လမ်းဘတ်က သွင်းယူခဲ့တာမို့ ဆောက်သမ်တန်က အဖွင့်ဂိုးရရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီဂိုးကို ဗီလာတို့ ပွဲချိန်ပြည့်တဲ့အထိ ချေပဂိုးမသွင်းနိုင်တာမို့ ပွဲအပြီးမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီး တန်းဆင်းဇုန်ထဲ ကျဆင်းခဲ့ခြင်းဖြစ်ပါတယ်။

**အဲဗာတန် ၀-၀ ဆွမ်ဆီး**

နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားပြီး ဂိုးသွင်းခွင့်တွေရရှိခဲ့ပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ကြပါဘူး။ အဲဗာတန်ဟာ ဒီပွဲကို စနစ်တကျပြင်ဆင်ခဲ့တာမို့ အမှတ်ပြည့်ရဖို့ ကြိုးစားခဲ့ပေမယ့် တစ်မှတ်နဲ့ပဲကျေနပ်ခဲ့ပုံရပါတယ်။ သရေပွဲတွေများနေတဲ့ ဆွမ်ဆီးဟာ ဒီပွဲကိုလည်း တစ်မှတ်ရအောင်ကြိုးစားနိုင်ခဲ့တာမို့ ထိုက်တန်တဲ့ကြိုးစားမှုရဲ့ ရလဒ်ပဲဖြစ်ပါတယ်။

**ဖူလ်ဟမ် ၁-၁ ဝီဂန်**

အိမ်ကွင်းမှာကစားရတဲ့ ဖူလ်ဟမ်က ပွဲချိန် ၂၂ မိနစ်မှာ ကာရာဂိုနစ်ရဲ့ သွင်းဂိုးနဲ့အတူ ဦးဆောင်နိုင်ခဲ့ပြီးနောက် ထပ် ဂိုးသွင်းခွင့်တွေလည်း ရရှိခဲ့ပါတယ်။ ဒါပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့တာမို့ ဒုတိယပိုင်း ၇၁ မိနစ်မှာ ဝီဂန်ရဲ့ဆန်တို့ သွင်းဂိုးနဲ့အတူ တစ်ဂိုးစီဖြစ်ပြီး သရေပွဲဆီကိုဦးတည်ခဲ့ခြင်းဖြစ်ပါတယ်။

**ရက်ဒင်း ၃-၂ ဝက်စ်ဘရွန်း**

စိတ်ဓာတ်ကောင်းပြီး ပြင်းထန်တဲ့ တုံ့ပြန်မှုတွေကြောင့် ရက်ဒင်းတို့ ဒီပွဲကို အနိုင်ကစားခဲ့ခြင်းဖြစ်ပါတယ်။

ဧည့်သည်ဝက်စ်ဘရွန်းက ၁၉ မိနစ်မှာ လူကာကူရဲ့သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်း ၆၉ မိနစ်မှာ လူကာကူကပဲ ဒုတိယဂိုးထပ်မံသွင်းယူနိုင်ခဲ့လို့ ဝက်စ်ဘရွန်းတို့ နှစ်ဂိုး-ဂိုးမရှိနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရက်ဒင်းတို့က မဆုတ်မနစ်နဲ့ ကြိုးစားခဲ့လို့ ၈၂ မိနစ်မှာ ကီဘီက တစ်ဂိုး၊ ၈၈ မိနစ်မှာ ပယ်နယ်တီက တစ်ဆင့် ဖွန်ဒရီက တစ်ဂိုး၊ မိနစ် ၉၀ မှာပိုရီဘတ်တို့ကတစ်ဂိုးစီ သွင်းယူနိုင်ခဲ့တာမို့ ပွဲအပြီးမှာ ရက်ဒင်းတို့က အိမ်ကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **(ဆင်ဟွာ)**

**အခြားပွဲရလဒ်**

| | |
|---|---|
| နော့ဝှစ် ၀ - ၀ နယူးကာဆယ် | |
| ဆန်းဒါးလန်း ၃ - ၀ ဝက်စ်ဟမ်း | |

**မောင်မောင်မြင့်ဆွေ - ရေးသားသည်**


## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

(ဦးစိန်ကြီး-ဒေါ်သစ်)နှင့် ဦးမောင်ညဏ်-(ဒေါ်စိန်ရွှေ)တို့၏ မြေး
ရန်ကုန်မြို့နေ
ဦးမြမောင်(Universal Tailoring)-ဒေါ်ခင်ခင်ဆွေတို့၏ တစ်ဦးတည်းသောသား
**ဒေါက်တာမျိုးမင်းအောင်** M.B., B.S (Ygn)
Managing Director, Nano Pharma Co., Ltd.
နှင့်
ဗိုလ်မှူးမောင်လတ်(ငြိမ်း)(စိုးစံလေ့ကျင့်ရေးစခန်း-ပြင်ဦးလွင်၊ နေပြည်တော်)-ဒေါ်နန်းယဉ်ယဉ်တို့၏ မြေးဦး
ဦးသန်းဦး(ကော်မတီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်တင်မိလတ်တို့၏ သမီးဦး
**ဒေါက်တာအိစန္ဒာဦး** M.B., B.S (Ygn), Master of Public Health(Ygn)
**သရုပ်ပြဆရာဝန်၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန**
**ဆေးတက္ကသိုလ်(၂)**

တို့၏ ၆-၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့ Sedona Hotel အလုံခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးသာငွေးနှင့် ဇနီးဒေါ်နုနုငွေးတို့အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ပါမောက္ခဒေါက်တာတင့်ဆွေလတ် (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်)နှင့် ဇနီးဒေါ်နွဲ့တင်၊ ကျားကမ္ဘာကုမ္ပဏီမှ ဦးမြင့်မောင်နှင့်ဇနီး ဒေါ်တင်တင်သန်းတို့အားလည်းကောင်း၊ ၁၂-၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့ Sedona Hotel-Grand Ball Room ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအခမ်းအနားကျင်းပရေးအတွက် အသေးစိတ်စီစဉ်ပေးပါသော နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့်ဇနီးဒေါ်ကြင်ခိုင် အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခ ဒေါက်တာဖေသက်ခင်နှင့်ဇနီးဒေါက်တာ ဒေါ်မွန်မွန်အောင်၊ မင်္ဂလာရွှေဆွဲကြိုးချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာတင့်ဆွေလတ် (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)နှင့် ဇနီးဒေါ်နွဲ့တင်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ကျားကမ္ဘာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ချိုနှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော (နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း)၏ဇနီးဒေါ်သန်းသန်းနွဲ့၊ သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဦးသိန်းညွန့်၏ဇနီးဒေါ်ကြင်ခိုင်၊ သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏ဇနီးဒေါက်တာဒေါ်ဝေဝေသာနှင့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမေသက်ထွန်း၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာသန်းထိုက်အောင်နှင့် ဒေါက်တာဖြိုးဝေလင်း၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မချိုဝေမီလှနှင့် ဒေါက်တာကေသီဝင်းလှိုင်၊ မင်္ဂလာပန်းကြဲပေးပါသော မဆွေဆွေလင်း၊ မင်္ဂလာပန်းနှင့် မင်္ဂလာဆွဲကြိုးကလပ်များ ကိုင်ဆောင်ပေးပါသော ဒေါက်တာခိုင်သဇင်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မအေးအေးဖြိုး၊ မင်္ဂလာတေးသံသာများ တီးခတ်သီဆိုပေးပါသော First Music Agency မှ Plus Three Band အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော စကြာရွှေရည် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဖိတ်စာများကို ရိုက်နှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Forever Wedding Studio၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော မေဦး(တော်ဝင်သူ) ပန်းအလှဆင်ပေးပါသော Rosana Floral Service၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများ ရိုက်ကူးမှတ်တမ်းတင်ပေးပါသော Forever Wedding Studio မှ အဖွဲ့သားများ၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလုံးတို့ အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းစီစဉ်ပေးကြသော သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေးနှင့် Caf'e 47 ပိုင်ရှင်ဦးကျော်ကျော်နှင့်ဇနီး ဒေါက်တာဒေါ်စုစုခိုင်၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ၊ နှုတ်ခွန်းဆက်စကားများ ပေးပို့ချီးမြှင့်ကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာမျိုးမင်းအောင်-ဒေါက်တာအိစန္ဒာဦး**



## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)-ဒေါ်နီနီတို့၏ မြေး၊
ဒေါ်ကြည်ကြည်ခိုင်၏ သားကြီး
**မောင်ထွန်းအာကာကျော်**
**B.A(Eco), Yadanarpon University**
**Diploma in Culinary Arts,At-sunrice Global**
**Chef Acadamy, Singapore**
နှင့်
ရန်ကုန်မြို့နေ ဦးခင်မောင်ငြိမ်း(ဘူမိဗေဒအရာရှိ၊ငြိမ်း)-ဒေါ်ခင်အေးတင့်တို့၏
တစ်ဦးတည်းသောသမီး
**မအေးသွဲ့သွဲ့ငြိမ်း**
**B.A(English), University of Foreign Language Diploma in Business Management,**
**Keele University, UK**

တို့၏ ၁၉-၁၁-၂၀၁၂ ရက်တွင် Sedona Hotel Executive Lourge ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးစိုးသန့်အားလည်းကောင်း၊ သက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးမင်းဇေယျာလှိုင်နှင့် ဦးကျော်ဇောအောင်တို့အားလည်းကောင်း၊ ၁၃-၁-၂၀၁၃ ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားပေးခြင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မာလာတင့်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မရွှေသုန္ဒရီ၊ မရွှေပန်းချီ၊ မယွန်းဝတီလွင်မိုးနှင့် ဒေါက်တာစုကျော်မြင့်တို့အားလည်းကောင်း၊ မင်္ဂလာလမ်းပြများအဖြစ် ဆောင်ရွက်ပေးပါသော မောင်ရဲမာန်ဇော်နှင့် ရွှေဘုံစံမင်းဇေယျာတို့အားလည်းကောင်း၊ မင်္ဂလာအခြံအရံများဖြစ်ကြသော မောင်ကျော်ဝေယံထွန်း၊ မောင်သာထက်အောင်၊ မလဲ့သန္တာစိုး၊ မမေဂျူလိုင်အောင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုးအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော ကိုကျော်စွာဝင်း(တော်ဝင်စိန်တိုက်၊ မန္တလေး)အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနား Decoration ပြုလုပ်ပေးပါသော ဒေါက်တာနေမျိုးဆေးအားလည်းကောင်း၊ မင်္ဂလာဆိုင်းဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေပေးပါသော အကယ်ဒမီ မြန်မာပြည်ကျောက်စိမ်းနှင့် ဆိုင်းအဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်သီဆိုပေးပါသော တေးသံရှင် စိမ်းမိုမို့အားလည်းကောင်း၊ ဘိသိက်မင်္ဂလာအခမ်းအနား ကိုကိုကြီးနှင့်ညီများ၊ သမီးဝင်းစန္ဒာကြီးအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော မေဦးမောင်(တော်ဝင်သူ) အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော မေဦး(တော်ဝင်သူ)နှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံရိုက်ကူးပေးပါသော ကိုလင်းထွန်းနှင့် ကိုကင်း(Leopard & King)အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော 7 Picture အဖွဲ့၊ စိုင်းဘုန်းထူးနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပပေးပါသော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**မောင်ထွန်းအာကာကျော်-မအေးသွဲ့သွဲ့ငြိမ်း**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကျေးရွာချင်းဆက် ချောင်းကူးတံတားသစ် မြောင်းမြ၌ဖွင့်

**မြောင်းမြ ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဒရယ်ပေါက်ကျေးရွာအုပ်စု ဖျာပုံကျေးရွာ၌ ကျေးရွာချင်းဆက် "သစ္စာမဏ္ဍိုင်"ချောင်းကူးတံတားသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နေ့တွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်၊ တံတားအလှူရှင် မန်းအောင်ဝင်းစိန်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမောင်တိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားမှာ အရှည် ၄၅ ပေ၊ အကျယ် ၁၀ ပေရှိ ကွန်ကရစ်တံတားဖြစ်ပြီး ငွေကျပ် သိန်း ၁၂၀ အကုန်အကျခံကာ အလှူရှင် မန်းအောင်ဝင်းစိန်နှင့် ဝေါလ်ဗွီးရှင်း မြန်မာတို့က ပံ့ပိုးကူညီမှုဖြင့် ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။

**အောင်မင်း(မြောင်းမြ)**

# အောင်မြေသာစံ၌ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေး အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် (၄) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်ကွက် မဟာဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးအရာရှိ ဦးမိရယ်က နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ကြသည်။ **(ဝဲပုံ)**

**တင်မောင်(မန္တလေး)**

**ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမခြံဝင်း ၂၂၆ ယာဉ်လိုင်းမှ ကားဝင်တိုက်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကမာရွတ်မြို့နယ် ၉ ရပ်ကွက် နေ့လယ် ၁၁ နာရီ ၅ မိနစ်တွင် ရန်ကုန်မှ အင်းစိန်သို့ ပြည်လမ်းအတိုင်း မောင်းနှင်လာသော ၂၂၆ ယာဉ် လိုင်းမှယာဉ်အမှတ် ၄ခ/----သည် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ရှေ့ရှိ ခြံဝင်းအား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်ခဲ့ရာ ၄၅ ပေ ခန့်ရှိ ခြံဝင်းပျက်စီးသွားခဲ့ပြီး ယာဉ်မောင်းဖြစ်သူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ယာဉ်ပေါ်တွင် ပါလာသော ခရီးသည်များမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၁၆၇)

**မှုခင်းသတင်း**

# ပခုံးချင်းတိုက်မိရာမှ အပြန်အလှန် ဓားထိုးမှုဖြစ်

**တောင်ငူ ဇန်နဝါရီ ၁၃**

တောင်ငူမြို့တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပရာ မိုင်ဒါကွင်းကြီးအတွင်း ဇန်နဝါရီ ၅ ရက် ညနေ ၉ နာရီခွဲက အောင်ကျော်ဆန်း ဇာတ်ပွဲရုံရှေ့တွင် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခေါင်ရမ်းကျေးရွာမှ လူငယ်ငါးဦးနှင့် ဝတီးကျေးရွာမှ လူငယ်ခြောက်ဦးပါဝင်သည့် လူငယ်အုပ်စုနှစ်ဖွဲ့သည် ပခုံးချင်းတိုက်မိရာမှ မကျေနပ်၍ စကားများပြီး နှစ်ဖွဲ့ အပြန်အလှန်ဓားဖြင့် ထိုးရာမှ တစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ခေါင်ရမ်းကျေးရွာမှ မျိုးမင်းထက် အသက် (၂၅) နှစ်သည် တောင်ငူပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့အရောက်တွင် သေဆုံးခဲ့ပြီး ဝတီးကျေးရွာမှ ကြည်မိုး အသက် (၂၃)နှစ်မှာ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာနှင့် ကိုမင်း အသက် (၃၀)မှာ ဝဲဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာများ ရရှိခဲ့၍ တောင်ငူပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် တက်ရောက်ကုသခံနေရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တောင်ငူမြို့ အမှတ်(၁) ရဲစခန်းက အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၁၂၃)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အဆောက်အအုံအသစ်များတည်ဆောက်နေခြင်းနှင့်ပတ်သက်၍ နှိုးဆော်စာ

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ၁၉၉၈ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် သတ်မှတ်ထားရှိပါသည်။ အဆိုပါ ဇရိယာအတွင်း၌ ရှေးဟောင်းအဆောက်အအုံများတည်ရှိခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်းကြောင့် ၁၉၉၈ခုနှစ်ကပင် ဥပဒေအရ ဇုန်သတ်မှတ်၍ မည်သည့်တည်ဆောက်မှုမျိုးကိုမျှ ခွင့်မပြုဘဲ ကန့်သတ်ထိန်းသိမ်းထားသောနေရာဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုန်အတွင်းတွင် အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းတို့ ဆောင်ရွက်လိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရန် ဖော်ပြထားပြီး နည်းဥပဒေပုဒ်မ (၁၈)တွင်လည်း လျှောက်ထားရမည့်ပုံစံများ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

ယာမြေကိုဆောင်ရွက်ရန် ပိုင်ရှင်ရှိသူများအနေဖြင့်လည်း အဆောက်အအုံ ဆောက်လုပ်လိုပါက လယ်ယာမြေမှအပ အခြားနည်းဖြင့် အသုံးပြုခွင့်ကို သက်ဆိုင်ရာ မြို့ပြစီမံအုပ်ချုပ်ရေးအဖွဲ့များထံတွင် ခွင့်တောင်းပြီးမှသာ ဆောက်လုပ်သင့်ကြောင်းလည်း တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ခေတ်အချိန်အခါသည် ဒီမိုကရေစီအခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေးစံများဖြင့် နိုင်ငံတော် ရှေ့ခရီးချီတက်တည်ဆောက်နေသည့်အလျောက် ပုဂံ၊ ညောင်ဦးယဉ်ကျေးမှုဇုန်အတွင်း အဆောက်အအုံတည်ဆောက်လိုသူ မည်သူမဆို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစံနှုန်းများ၊ တရားဥပဒေစိုးမိုးရေးစံနှုန်းများဖြင့် လိုက်နာဆောင်ရွက်သွားကြရန် အသိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

# ရွှေတောင်မြို့နယ်တွင် ထရန်စဖော်မာတိုးချဲ့တပ်ဆင်

**ရွှေတောင် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး ပြည်မြို့မှ ဦးဆောင်ပံ့ပိုးမှုဖြင့် ပြည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမြသန်းဝင်းဦးဆောင်လျက် ရွှေတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်နှင့်လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက နွားမယံစံပြကျေးရွာတွင် ဇန်နဝါရီ ၆ ရက်မှစတင်၍ (11/0.4)KV(160)KVA ထရန်စဖော်မာနှင့် 400 ဗို့လိုင်းပေ ၁၇၀၀ ခန့်ကို ဓာတ်အားဖြန့်ဖြူးမှု ပိုမိုကောင်းမွန်ရေးအတွက် တိုးချဲ့တည်ဆောက်တပ်ဆင်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက်တွင် လျှပ်စစ်ဓာတ်အား စတင်အသုံးပြုနိုင်ခဲ့ပြီးဖြစ်၍ ကျေးရွာနေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း ကြားသိခဲ့ရသည်။

(၁၁၆)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ တိုက်အမှတ် ၅၂၊ နှစ်ခန်းတွဲ၊ ရှစ်ထပ်တိုက်၊ ၁၆ခန်းပါ၊ ခြောက်လွှာ ခေါင်းရင်းခန်းကို လက်ရှိပိုင်ဆိုင်သူ ဦးဆွေတင် ၁၂/တမန(နိုင်)၀၅၆၈၄၂က အရပ်စာချုပ်မူရင်းများနှင့်တကွ ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းဇာထွေး** (LL.B, D.B.L)
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၂)**
**အမှတ် ၃၀၊ သုခလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၅၀၂၂၆၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/သဘော်ကျင်း၊ မြေကွက်အမှတ် ၁၅၆၊ မြေကွက်တည်နေရာ အမှတ် ၁၅၆၊ မြို့ပတ်လမ်း၊ ဒေါပုံမြို့နယ် ဦးခင်မောင်အေး ၁၂/အစန(နိုင်)၀၃၉၇၉၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်အေး ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်နွဲ့ကြည် ၁၂/အစန(နိုင်)၀၃၉၇၈၁က သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/သဘော်ကျင်း၊ မြေကွက်အမှတ် ခ/၁၅၅၊ မြေကွက်တည်နေရာ အမှတ် ၁၅၅/ခ၊ မြို့ပတ်လမ်း၊ သဘော်ကျင်းရပ်ကွက်မြို့နယ် ဦးခင်မောင်အေး ၁၂/အစန(နိုင်)၀၃၉၇၉၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်အေး ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်နွဲ့ကြည် ၁၂/အစန(နိုင်) ၀၃၉၇၈၁က သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အများသိစေရန်

မောင်မိုးမြင့်ဟိန်း ၁၂/ဗဟန(နိုင်)၀၉၄၇၆၀သည် မိမိသဘောဆန္ဒအရ ၂၀၁၂ခုနှစ် ဇွန်လအတွင်းက နေအိမ်မှဆင်းသွားခဲ့ပြီး ကျွန်တော်/ကျွန်မတို့၏ ဆွေမျိုးမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အပေါင်းအသင်းများ၊ အသိမိတ်ဆွေ ဂုဏ်သရေရှိလူကြီးသူမများ၊ ဘာသာရေးအဖွဲ့အစည်းများသို့သွား၍ အကြောင်းအမျိုးမျိုးပြကာ ယုံကြည်အောင် မဟုတ်မမှန်ပြောဆိုပြီး ငွေကြေးမသမာမှုများ၊ လိမ်လည်တောင်းရမ်းမှုများ ပြုလုပ်လျက်ရှိပါသည်။ မိဘများမှ နည်းလမ်းမျိုးစုံဖြင့် ဆုံးမဟန့်တားသော်လည်း မောင်မိုးမြင့်ဟိန်းမှ ရပ်တန့်ခြင်းမရှိပါ။ ဆက်လက် လုပ်မြဲလုပ်ဆောင်လျက်ရှိပါသည်။ မောင်မိုးမြင့်ဟိန်းအား လက်ခံခြင်း၊ ပြောဆိုဆက်ဆံခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ ကူညီခြင်း၊ ချေးငှားခြင်းများ မပြုလုပ်ကြပါရန် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဦးစောလွင်-ဒေါ်သဇင်လေး**
**အမှတ်-၄၂(က)၊ အင်းလျားမြိုင်လမ်း၊**
**ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## မွေးနေ့ဆုတောင်း

၁၄-၁-၂၀၁၃ရက်တွင် ကျရောက်သော ချစ်ရသော **ကို** ရဲ့ (၂၆)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ချစ်ရသော မိသားစုနှင့် ပျော်ရွှင်စွာ မင်္ဂလာရှိသောနေ့သစ်များ ပိုင်ဆိုင်နိုင်ပါစေ။

**ချစ်သူ ငယ်**




## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကျေးလက်အိမ်ရာလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) လုပ်ငန်းတည်နေရာ - **ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်**
(ခ) လုပ်ငန်း - **ခြေတံရှည်ကျေးလက်အိမ်ရာအလုံး(၂၀၀)**

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၄-၁-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၃ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် ၄၂၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဤဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၀၃၉၊ ၀၆၇-၄၀၉၄၀၀၊ ၀၆၇-၄၀၉၃၅၅သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ**
**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ် ၄၂၊ နေပြည်တော်**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၄၄

| | | |
|---|---|---|
| ဒေါ်မိမိသန်း | **နှင့်** | ဒေါ်ကျင်ဥ ပါ-၄ |
| ဦးစီးအရာရှိ၊ တရားမဌာန | | |
| **လျှောက်သူ** | | **အလျှောက်ခံရသူ** |
| **တရားလို** | | **တရားပြိုင်များ** |

၄။ လင်းသစ္စာထရေးဒင်း ကုမ္ပဏီလီမိတက်၊ (၄င်းကိုယ်စား၊ အမ်ဒီ-ဦးဇော်လင်းနှင့် ဦးဇော်မင်း) အမှတ် ၆၄ (မြေညီထပ်)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်မိမိသန်းက ဤရုံးသို့ ညောင်ဦးခရိုင်တရားရုံး တရားမဇာရီမှုအမှတ် ၄/၂၀၁၁၏ ၃-၁-၂၀၁၂ရက်စွဲ နေ့စဉ်မှတ်တမ်းအမိန့်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၄ရက် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ
## သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ

ဒီကနေ့ ပို့ချမှာကတော့ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး (၅)ပိုင်း ပါဝင်ပါတယ်။

**အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ**

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်း ပါဝင်တယ်။

**အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ**

သတ္တုတွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ**

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဃ)ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက် ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

**အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ**

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က) ဓမ္မဓိဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေး ပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ) လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့်(စ)မှ မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၆)ပုဒ် ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့ နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများ ရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်း ပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

ဓမ္မဓိဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည် နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာတစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်း အမှတ် (၆၀) ရမယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ)မေးခွန်း၁၄(က)မှာ စကေးနှင့် ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး (၁၀)မှတ်ဖိုး ဖြေရမယ်။ မေးခွန်း ၁၄(ခ)မှာ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး (၁၅)မှတ် ပေးထားတယ် ဓမ္မဓိဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(စ)မှာ စုစုပေါင်းပေးမှတ် ၂၅ မှတ် ဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင် မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့ လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန်လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့ အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီး ဖြေဆိုနိုင်တယ်။ မေးခွန်းမှာ မေးထားတဲ့ လိုရင်းကိုသာ ဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမယ်။

ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝ ပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာ မှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများ ပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး စသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့ စကေးကို တွက်ချက်ခြင်း၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါတယ်။

လက်တွေ့ပထဝီဝင်အပိုင်းမှာ လေ့ကျင့်ဖို့ အများကြီးလိုအပ်ပါတယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေဟာ စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးနဲ့ မရနိုင်ပါ။ ဥပမာ ပုံပြစကေးဖြစ်တဲ့ စကေးကျဲ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကို ဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့ အကြိမ်ကြိမ်လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ ရမှာပါ။ အလားတူ ကွန်တိုမြေပုံ လေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများများကို မှန်မှန်လေ့ကျင့်သင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ချာတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့ လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကို မည်သို့ဖော်ပြရမယ်၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ၊ အဓိကပုံပြစကေးနှစ်မျိုးရဲ့ တွက်ချက်ရေးဆွဲခြင်းကို သိထားသင့်တယ်။

ပုံပြစကေးဆိုတာကတော့ မြေပြင်အကွာအဝေးတစ်ခုနှင့် အချိုးကျမျဉ်းတစ်ကြောင်းရေးဆွဲပြီး ထိုမျဉ်းကို လိုအပ်သလို စိတ်ပိုင်းဖော်ပြခြင်းဖြစ်တယ်။ အဓိကအားဖြင့် စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးဆိုပြီး နှစ်မျိုးရှိတယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဆိုပြီး နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့်ကိန်း၏"ယူနစ်"ကို သတိပြုရန်လိုအပ်တယ်။ ပေ၊ ကိုက်၊ ဖာလုံ စသည်ဖြင့် မေးနိုင်တဲ့အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေးစတာတွေကို အရင်ဆုံးယူနစ် ပြောင်းလဲပေးရမယ်။ ဒါ့ကြောင့် တစ်မိုင်မှာ (၆၃၃၆၀) လက်မ (သို့မဟုတ်) ၅၂၈၀ ပေ (သို့မဟုတ်) ၁၇၆၀ ကိုက် (သို့မဟုတ်) ၈ ဖာလုံနှင့် ညီမျှပြီး လိုအပ်သလို ပြောင်းလဲပေးရမှာဖြစ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင် တွက်ရမယ်။ တွက်လို့ရတဲ့အပေါ် မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင်ဆွဲရန် စိတ်ပိုင်းတဲ့အခါ အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိက လိုအပ်ချက်ဖြစ်တယ်။

ဥပမာ-၂ လက်မလျှင် ၁ မိုင်စကေးကို ကိုက် ၁၀၀ အထိ ပြသနိုင်သော စကေးကျဲပုံတစ်ပုံတွက်ချက်ရေးဆွဲပါဆိုရင် တွက်နည်းမှာပေးထားတဲ့စကေးကို ပြသရန်နှင့်ညီအောင် ကိုက်အဖြစ် ယူနစ်ပြောင်းပေးရမယ်။ အခြေခံ မျဉ်းအလျား (၆)လက်မ လိုအပ်လို့ (၆) လက်မပေါ်ရှာပါက (၅၂၈၀)ကိုက်ရမယ်။ အနီးဆုံး ၅၀၀၀ ကိုက်လို့ ယူပါ ။ ဒီနောက် အခြေခံမျဉ်းအလျားကို (၅၀၀၀)ကိုက်ပေါ်တွင် ပြန်ရှာ၍ ဆွဲရမယ့် (၅. ၆၈)လက်မ အလျားကိုရမယ်။ အခြေခံမျဉ်းပေါ်တွင်စိပ်ပိုင်းရန် အနီးဆုံးကို ပြရန်နှင့် စားပါက အပိုင်း(၅၀) ထွက်မယ်။ အပိုင်း(၅၀)ကို ဆခွဲပေးပါက (၅×၁၀)ဖြစ်ပြီး မူလပိုင်း (၅)ပိုင်းနှင့် ထပ်ဆင့်ပိုင်း (၁၀)ပိုင်းဆိုပြီး ရမယ်။ မူလပိုင်းတစ်ပိုင်းရဲ့ တန်ဖိုး (၁၀၀၀) ကိုက်နဲ့ ထပ်ဆင့်ပိုင်းတစ်ပိုင်းရဲ့ တန်ဖိုး (၁၀၀)ကိုက်များကို ရရှိပါမယ်။ ထပ်ဆင့်ပိုင်း တစ်ပိုင်းရဲ့တန်ဖိုးဟာ ပြသရန်လိုအပ်တဲ့ ကိုက် (၁၀၀)နဲ့ ကိုက်ညီတယ်။

**ပုံဆွဲနည်းအဆင့်ဆင့်ကတော့**

၁။ တွက်ချက်၍ရတဲ့ အလျား (၅. ၆၈) လက်မအတိုင်း စကေးမျဉ်းကို တိကျစွာ ရေးဆွဲပါ။
၂။ စကေးမျဉ်းရဲ့ လက်ဝဲဘက်အစွန်းမှ ထောင့်ကျဉ်းမျဉ်းဖြောင့်ဆွဲပါ။
၃။ ထိုထောင့်ကျဉ်းမျဉ်းဖြောင့်ပေါ်မှာ (၅)ပိုင်းအညီ ကွန်ပါဖြင့် ပိုင်းပါ။
၄။ နောက်ဆုံးပိုင်းမှတ်နှင့် စကေးမျဉ်းရဲ့ လက်ယာအစွန်းတို့ကို မျဉ်းဖြောင့်ဖြင့် ဆက်ပါ။
၅။ ထိုမျဉ်းနှင့်အပြိုင် ပိုင်းမှတ်များမှ စကေးမျဉ်းပေါ်သို့ မျဉ်းပြိုင်များ ရေးဆွဲပါ။
၆။ ထိုအခါ စကေးမျဉ်းပေါ်မှာ ပိုင်းလိုတဲ့ အရေအတွက် အပိုင်းကြီး (မူလပိုင်း) (၅)ပိုင်းကို အညီအမျှ ပိုင်းပြီးဖြစ်မယ်။
၇။ မူလပိုင်းတစ်ပိုင်းကို ထပ်ဆင့်ပိုင်း (၁၀)ပိုင်း အညီစိပ်ရန် စကေးမျဉ်းရဲ့ လက်ဝဲဘက် အစွန်းမှ အပေါ်ဘက်သို့ မတ်မျဉ်းထောင်ပါ။ အလားတူ စကေးမျဉ်းပေါ်ရှိ မူလပိုင်းတစ်ပိုင်း ပိုင်းမှတ်မှ အောက်သို့ မတ်မျဉ်းထောင်ပါ။
၈။ ထိုမတ်မျဉ်းပေါ်တွင် အညီအမျှ(၁၀)ပိုင်း ပိုင်းပါ (မတ်မျဉ်းများကို (၁)လက်မ ထောင်ပြီး၊ (၁)လက်မရှိ (၁၀)စိပ်ကို အညီမျှပိုင်းမှတ်နိုင်တယ်။
၉။ ထို (၁၀)ပိုင်း ပိုင်းမှတ်များကို မျဉ်းပြိုင်များဆက်ရင် မူလပိုင်းကြီးတစ်ပိုင်းကို အညီအမျှ (၁၀)ပိုင်း ပိုင်းပြီး ဖြစ်မယ်။
၁၀။ အပိုင်းတန်ဖိုးများ တပ်ပေးရမယ်။ ‘၀’ကို ပထမပိုင်းမှတ်မှာ ရေးရမယ် ‘၀’မှ လက်ယာဘက်သို့လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း၊ အပိုင်းလိုက် တန်ဖိုးများရေးပြီး ယူနစ်အမျိုးအစား (ကိုက်) ကိုဖော်ပြရမယ်။
၁၁။ ခေါင်းစဉ်တပ်ပေးရမယ်။ အနည်းဆုံးတစ်ပိုင်းရဲ့ တန်ဖိုးကို ပုံတွင် ဖော်ပြပေးရမယ်။



ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံ စသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို(၁) တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုတ်စက်ဝိုင်းကိုမြင်နိုင်တဲ့ တစောင်းမြင့် ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုတ်စက်ဝိုင်းကို မမြင်နိုင်တဲ့ တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့်အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာအစဉ်အမြဲ “၁” ဖြစ်ရမယ်။ ပိုင်းဝေနဲ့ ပိုင်းခြေယူနစ်တူအောင် ညှိပေးရမယ်။ ကိုက်ညီတဲ့ ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ်(သို့မဟုတ်)ဓာတ်ပုံပေါ် အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေး ဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသည်ဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ ယူနစ်ကိုပြောင်းပေးရမယ်။

**ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ**

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း
(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း
(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီး နည်း(၃)နည်းရှိတယ်။

ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ အသုံးပြုရမယ့် ပုံသေနည်း(၁)ကတော့

$$\textbf{Scale or RF} = \frac{f}{H}$$

<u>**သင်္ကေတရှင်းလင်းချက်အနေနဲ့**</u>

**Scale or RF** ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)
**f** ဆိုတာကတော့ကင်မရာဆုံတာ (focal length)
**H** ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground)နဲ့

*စာမျက်နှာ ၁၆ သို့*

## ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၅ မှ

အသုံးပြုရမည့် ပုံသေနည်း(၂)ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

**Scale or RF** ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

**f** ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

**A** ဆိုတာကတော့ ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

**H** ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။

ပုံသေနည်း(၂)မှာလေယာဉ်ပျံသန်းသောအမြင့် **(H)** ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့အမြင့် **(A)** မှ ကုန်းမြေအမြင့် **(h)** ကို နုတ်ပေးခြင်းအားဖြင့် **(H)** ကို ရနိုင်ပါတယ်။

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမည့် ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{GD}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

**Scale or RF** ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

**PD** ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance) နဲ့

**GD** ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းမှာ အသုံးပြုရမည့် ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{MD} \times \text{Map Scale}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance)

MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး(Map Distance)နဲ့

Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ပုံသေနည်းပါ သင်္ကေတတွေရဲ့ နေရာမှာမေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီး တွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကိုသိထားရန်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာ သုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်းအပိုင်းမှာ (က) မှ (ခ) သို့ ဖြတ်ပိုင်းပုံ ရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဇရိယာနဲ့လတ္တီကျူ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့ မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်းတည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများစသဖြင့် ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက် ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့် ပေါ်လွင်စေရန် ၅ ဆမှ၁၀ဆအထိ ချဲ့သင့်တယ်။ စကေးကိုတစ်လက်မအပေါ် မူတည်ပြီးရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာ လွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရမယ်။

ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ ဒေါင်လိုက်စကေးရှာရာမှာ

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီး ပေးထားရင်

ဒေါင်လိုက်အဆချဲ့ခြင်း(၅ ဆ)ချဲ့တဲ့အခါ

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)

၁ လက်မပေါ်မှာပြန်ရှာရင် = $\frac{၁\times၅၂၈၀}{၅}$ =၁၀၅၆ ပေ =၁၀၀၀ ပေ (အနီးဆုံးယူပါ)

ဒါ့ကြောင့် ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်ကတော့

- ပထမဦးဆုံး ပေးထားတဲ့ ကွန်တို မြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။




- ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလိုမှတ်တဲ့အခါ ပေးထားတဲ့ ကွန်တိုခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမယ်။




- ဒီနောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

- ပြီးရင် ဂရပ်စာရွက်ပေါ်မှာ ပေးထားတဲ့ ကွန်တိုမြေပုံရဲ့ 'က' 'ခ' အလျားအတိုင်း အောက်ခြေ အလျားလိုက်မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းနှင့် 'ခ'နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

-ခေါက်ထားတဲ့ ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ ဂရပ်စာရွက်ရဲ့ အောက်ခြေမျဉ်းမှာ'က' 'ခ' အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ မြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချပြီး မှတ်ပါ။



- မှတ်ထားတဲ့ အစက်များကို ပြေပြစ်တဲ့မျဉ်းကြောင်းများ လိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။




- ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ 'က'နှင့် 'ခ' ကို ပေါင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင်ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့ နေရာမှာ Vပုံသဏ္ဌာန် အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်) အညိုရောင် ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီးပုံရဲ့အောက်မှာ အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့ တည်နေရာကို ဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့် ဖော်ပြနိုင်တယ်။ ပထမနည်းက သချာ်နည်းဖြစ်ပြီး မြေပုံရဲ့ပေါင်မှာ လတ္တီကျူနှင့် လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါ ကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် (၉၂) ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီး ကျန် (၂၈) အောက်၂ခုဟာ မြောက်လတ္တီကျူ ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း အရှေ့လောင်ဂျီကျူ ၉၆° ၉'နှင့် ၉၆° ၁၃' အတွင်းတွင် ရှိတယ်။

နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့ မြစ်ချောင်း စတဲ့ မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကို မှီငြမ်းပြီး ဖော်ပြခြင်းဖြစ်တယ်။ ဥပမာ၊ ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှ ဖြတ်စီးနေပါက "မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်" အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့)ပါရှိပါက "မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်" ဟု ရေးနိုင်တယ်။

စာမျက်နှာ ၁၇ သို့

# ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၆ မှ

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီ တွက်ချက်ပြီး စတုရန်းမိုင်နဲ့ ဖော်ပြရမယ်။ ဥပမာ မြေပုံ၏စကေးဟာ (၂)လက်မလျှင် (၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့ အနံဟာ (၈)လက်မနဲ့ (၄)လက်မရှိပါက စကေးအရ မြေပြင်မှာ အလျား(၄)မိုင်နဲ့ အနံ(၂)မိုင် အသီးသီးရှိမယ်။ ဒါ့ကြောင့် ပေးထားတဲ့ မြေပုံပါဒေသရဲ့ အကျယ်အဝန်း ဧရိယာဟာ (အလျား ၄ မိုင်×အနံ ၂ မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံး ဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့ တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာ ပါဝင်တဲ့ မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှု စတဲ့ အခြေအနေတွေကို စေ့စပ်သေချာစွာ လေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင် ဂွမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့ တွေ့ရရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတယ်လို့ ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီးပေးထားတဲ့ကွန်တိုမြေပုံဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။

အထက်ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ ပတ်ဝန်းကျင်ဒေသပုံ ဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏အရှေ့တောင်ခန့်တွင် ရှိသည်။

ထို့ကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်။



'က'နေရာသည် အမြင့်ပေ(၃၀၀)အောက်၌ရှိပြီး အရှေ့ဘက်ရှိ'ခ'သို့ဆက်ရာ ဆားပွက်ချောင်းနှင့် ချောင်းငယ်များ၊ ပေ၂၀၀ ကွန်တိုမျဉ်း၊ ပေ ၃၀၀ နှင့် ပေ ၄၀၀ ကွန်တိုမျဉ်းများကိုဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ 'ခ'မှတ်နှင့် ဆက်သွယ်ထားသည်။ 'ခ' အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင် တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

**မြေပုံပါဒေသ၏ ရူပ ပထဝီဝင်**

**တည်နေရာနှင့်အကျယ်အဝန်း**

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျု ၂၀° ၈' မှ ၂၀°၁၃' အတွင်းနှင့် အရှေ့လောင်ဂျီကျု ၉၄° ၄၉' မှ ၉၄°၅၅' အတွင်း တည်ရှိသည်။ ဧရိယာ (၂၁. ၆၂)စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

**မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း**

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ (၂)ပိုင်းတွေ့ရသည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင်တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ(၄၃၈)ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင် တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာနိမ့်ဆင်းသွားရာ ပေ(၂၀၀)ကွန်တိုမျဉ်းကို ပုံ၏မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ (၂၀၀) အောက်နိမ့်သောအပိုင်း ဖြစ်သည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင် ညီညာမှုမရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကို တွေ့ရသည်။ ပုံတွင်ဧရာဝတီမြစ်သည် အဓိက ရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏ လေးပုံတစ်ပုံမှာ ဧရာဝတီမြစ်၏ အစိတ်အပိုင်းဖြစ်ပြီး မြစ်အတွင်း သဲသောင်များ၊ ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှမကွေးသို့သွားသော သင်္ဘောလမ်းကို တွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွတ်ချောင်းစီးဆင်းပြီး ချောင်းအတွင်း သဲများ တွေ့ရှိရသည်။

**အောက်ခံကျောက်**

မြေပုံပါဒေသတွင် ရေနံတွင်းများ တွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များ ဖြစ်နိုင်သည်။

**ရာသီဥတု**

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းအတွင်းတည်ရှိပြီး ပေ(၃၀၀)အောက်နိမ့်သော အပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့် အပူချိန်များသော ဒေသဖြစ်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင် သဲပိတ်ချောင်းများ တွေ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကို ရရှိမည်။

**သဘာဝပေါက်ပင်**

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်း စသော ခြောက်သွေ့တောများ ပေါက်နိုင်သည်။

**မြေဆီလွှာ**

အလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင်တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော ဒေသဖြစ်၍ လယ်မြေများ ရှိနိုင်သည်။

မြေပုံပါဒေသ၏ **လူမှု-စီးပွားရေး** ပထဝီဝင်ကိုလေ့လာကြည့်လျှင်

**လူဦးရေ**

မင်းဘူးမြို့နှင့်ကျေးရွာအများအပြား တွေ့ရသဖြင့် ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှု အများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိ ရွာများတွင် လူနေသင့်တင့်၍ ဆားပွတ်ချောင်းအရှေ့ဘက်ရှိ တောင်ကုန်းပိုင်းတွင် လူနေကျဲပါးမည်။

**လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

မကွေးတိုင်း မင်းဘူးမြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများ တွေ့ရ၍ ဗုဒ္ဓဘာသာ အဓိကကိုးကွယ်ကြသည်။

**မြို့ရွာပျံ့နှံ့တည်ရှိမှု**

အဓိကမြို့မှာ မင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း၌ တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီရွှံ့မီးတောင်ရှိခြင်းတို့ကြောင့် ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ (ဥပမာ- ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမျှောင်)ဖြစ်ကြသည်။ အချို့ရွာများကို အနောက်ဘက်ခြမ်းရှိ တောင်ကုန်း၏ တောင်ခြေပိုင်းတွင်တွေ့ရပြီး ရွာစုရွာဝိုင်းများ(ဥပမာ-ကံရေရွှာ၊ ရွာမကံ၊ ရက်သမရွာ) ဖြစ်ကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တွင်းထွက်တူးဖော်ရေးဖြစ်သည်။

**စိုက်ပျိုးရေး** မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

**ငါးဖမ်းလုပ်ငန်း** ဧရာဝတီမြစ်နှင့် ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်နိုင်သည်။

**တွင်းထွက်တူးဖော်ရေး** ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မည်။

**စက်မှုလုပ်ငန်း** မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ ရှိမည်။

**လမ်းပန်းဆက်သွယ်ရေး**

ကားလမ်းနှင့် ရေကြောင်းလမ်းကို အဓိကအသုံးပြု ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် စကုသို့လည်းကောင်း၊ တောင်ဘက်-ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွှာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့် ဆက်သွယ်နိုင်သည်။ တစ်ရွာမှတစ်ရွာသို့ လှည်းလမ်းဖြင့်လည်း ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက်-ရေနံချောင်းသို့၊ တောင်ဘက်-မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့်သွားလာနိုင်သည်။ ထို့ကြောင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ရေနံပြွန်လမ်းများတွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

**ကုန်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဒေသထွက်ကုန် ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့် ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်း များစွာလိုအပ်တယ်။ ဒါ့ကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုး ဆက်နွှယ်ဖြေဆိုရန် လိုအပ်တယ်၊ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။


**ပျောက်ဆုံးကြောင်း**

ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၏ မော်တော်ယာဉ် အခွန်ကျေစာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၅၈၄၇၁၇



**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ကျွန်မတို့၏သမီး မလွဲလွဲထွန်း ၆/မမန(နိုင်)၁၉၇၈၁၇သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၂-၁-၂၀၁၃ ရက်တွင် မိမိသဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအ၀၀ကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖခင်-ဦးရွှေဌေး ၆/မအရ(နိုင်)၀၃၀၇၅၅
မိခင်-ဒေါ်အောင်မြင့် ၆/မအရ(နိုင်)၀၃၀၇၅၆
အမှတ် ၈၇၊ ရွှေပြည်သာလမ်း၊ ဖေယျာသီရိ(၂)ရပ်ကွက်၊
မြိတ်မြို့



**စိုင်းခွန်နောင်ကုမ္ပဏီလီမိတက်**
**ဆောက်လုပ်ရေးနှင့် အိမ်တွင်းပြင်ဆင်မှုလုပ်ငန်း**
**ပြည်တွင်း၌သာခန့်ထားရန်**

- Site Engineer လုပ်သက်ရှိ၍ (Estimate ကျွမ်းကျင်)ကျား/မ ၂ ဦး။
- လုပ်သက်ရှိသော လက်သမားအဖွဲ့၊ ပန်းရန်အဖွဲ့၊ ဆေးသုတ်အဖွဲ့၊ မီးနှင့် ရေပိုက်လိုင်း သွယ်တန်းနိုင်သောအဖွဲ့တို့အား အလိုရှိသည်။

**မှတ်ချက်**။ ။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၀၉-၇၃၀၆၅၆၅၆၊ ၀၉-၇၃၈၈၅၈၈၈

# ကြော်ငြာ

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးကျော်စိန်(ပြည်နယ်ထွေ/အုပ်ငြိမ်း)-ဒေါ်သန်းနွဲ့တို့၏ သားငယ်

**မောင်ကျော်ထူးအောင်**

AS (Engineering), B.S.C.E (Hons), Georgia Institute of Technology
EIT(Illinois)
Material Investigation Engineer
Illinois Department of Transportation (U.S.A)

**နှင့်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
ဒုတိယရဲမှူးကြီးဘစိန်(ငြိမ်း)-ဒေါ်နုနုယဉ်တို့၏သမီးကြီး

**မခိုင်မြတ်သွယ်**

B.E (Electronics) Singapore Institute of Management (SIM)
Technical Specialist
Hewlatt Packard Pte.Ltd. (Singapore)

တို့သည် ၆-၁-၂၀၁၃ရက်က ရန်ကုန်မြို့ Chatrium ဟိုတယ်တွင် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိ ဧည့်ပရိသတ်များရှေ့မှောက်တွင် ရခိုင်ရိုးရာထုံးတမ်းစဉ်လာနှင့်အညီ လက်ထပ်ထိမ်းမြား(သမက်တက်)ပြီးစီးပါကြောင်း။ မင်္ဂလာပွဲတွင် လက်ထပ်ထိမ်းမြားပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့်ဇနီး ဒေါ်လှမြင့်သန်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဝဏ္ဏကျော်ထင်ဦးအောင်သိန်း (ဒုဝန်ကြီး-ငြိမ်း၊ မွေး/ရေဝန်ကြီးဌာန)နှင့်ဇနီးဒေါ်ခင်မြနွယ်၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဇော်မင်း၏ဇနီး အစ်မကြီး ဒေါ်ညွန့်ညွန့်ဝေ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဦးသန်းမောင် (လေးဝတီရခိုင်အနုပညာအဖွဲ့ဥက္ကဋ္ဌ)၊ မင်္ဂလာရတုရေးဖွဲ့သီဆိုချီးမြှင့်ပေးပါသော ဦးထွန်းဝင်း၊ ရခိုင်ရိုးရာသမက်တက်ပွဲကို အစအဆုံးကြီးကြပ်စီစဉ်ပေးပါသော ရခိုင်စာပေယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်စောခင်တင့်နှင့်အဖွဲ့၊ လေးဝတီရခိုင်မင်္ဂလာစည်တော်အဖွဲ့၊ မင်္ဂလာတေးသီချင်းများ သီဆိုချီးမြှင့်ပေးပါသော ကိုဝင်းကိုခိုင်ဦးစီးသည့် **အာရက္ခ**တေးဂီတအဖွဲ့နှင့် သမက်တက်မင်္ဂလာအစီအစဉ်တွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲပေးကြပါသော သူငယ်ချင်းများ ညီ၊ ညီမ၊ တူ၊ တူမများမင်္ဂလာပွဲသို့ မေတ္တာရှေ့ထား၍ တက်ရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ ဧည့်ပရိသတ်များ၊ နှစ်ဖက်ဆွေမျိုးသားချင်းများ၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပစ္စည်းများ ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ထူးအောင်-မခိုင်မြတ်သွယ်**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ကျေးဇူးကို အထူးသိစွာဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များခမ်းမရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြရန်နှင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ပါသည်။

(၁)ဒေါက်တာအေးအေးမြင့် (ပါမောက္ခဌာနမှူး၊ ပညာရေးစိတ်ပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၃၇၉၅၁၊ (၂) ဒေါက်တာတင်မောင်ဝင်း(ကထိက၊ ပညာရေးစိတ်ပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၀၉-၅၁၇၁၉၅၂၊ (၃)ဦးအုန်းမြင့် ဖုန်း-၀၉-၄၃၁၆၄၂၁၀၊ (၄)ဦးကျော်သောင်း ဖုန်း-၅၅၂၂၉၇၊ (၅)ဒေါ်တင်တင်ရှု (DEPT) ဖုန်း-၅၅၇၃၀၉၊ (၆)ဒေါ်အေးအေးစိုး (DEPT) ၊ ဖုန်း-၀၆၇-၄၀၇၃၉၆၊ (၇)ဦးစိုးဝင်း(ဦးစီး-၁) ဖုန်း-၅၄၈၇၃၉၊ (၈)ဦးစိန်လင်း (ဦးစီး-၂) ဖုန်း-၀၉-၉၁၀၀၃၄၁၄၊ (၉)ဦးမျိုးမြင့်ကျော်(ဦးစီး-၃) ဖုန်း-၂၁၁၁၉၅၊ (၁၀)ဦးရှိန်းလိန်းအောင် (ဒု-ညွှန်) ဖုန်း-၀၉-၅၁၉၃၈၅၀၊ (၁၁)ဒေါ်ကြူကြူရွှေ ဖုန်း-၅၅၄၉၆၄၊ (၁၂)ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉၊ (၁၃)ဦးကျော်ဝင်း (ကျောင်းအုပ်ကြီး၊ အထက-၁၊ လမ်းမတော်) ဖုန်း-၂၂၁၉၁၃၊ (၁၄)ဦးစိုးမြင့် (နယူးရွှေစင်)ဖုန်း-၀၉-၅၀၆၃၂၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**မှတ်ချက်။** ။ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ဆက်နွှယ်ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများခင်ဗျား ၂၀-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ နောက်ဆုံးကြိုတင် ညှိနှိုင်းအစည်းအဝေးရှိပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဦးစိုးမြင့် (B.Ed) -ဒေါ်ခင်လေးရီ(နယူးရွှေစင်) တို့၏သမီး မခိတာရွှေ(TTC)၏ မွေးနေ့အထိမ်းအမှတ်အဖြစ် နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ အမှတ်(၈၂၁/၈၂၃)၊ သုံးလွှာ (၁၂½×၅၀)ပေတိုက်ခန်းကို မူလနေထိုင်ပိုင်ဆိုင်သူ ဦးတင်ဝင်း ၁၂/လမတ(နိုင်)၀၂၈၉၁၂၊ ယခင် LMDK-၀၀၇၄၂၁ကိုင်ဆောင်သူ အရပ်စာချုပ်မူရင်းများနှင့်တကွ ပိုင်ဆိုင်နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးရီ ၆/မအရ(နိုင်)၀၂၇၅၇၁က တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိုက်ခန်းပိုင်ဆိုင်မှုမူရင်း အထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးချစ် LL.B**
**ဥပဒေအကြံပေးနှင့်ဥပဒေအကျိုးဆောင်**
**ရွှေစံမြတ်**
**အထွေထွေဝန်ဆောင်မှုလုပ်ငန်း**
**အမှတ် ၃၁၊ မြေညီ၉လမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၁-၂၂၇၅၀၀၊ ၀၉-၅၁၀၇၅၄၇**

## အထူးကျေးဇူးတင်ရှိခြင်း

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ ၂၃-၁၂-၂၀၁၂ရက်တွင် ကန်တော်ကြီး ကရဝိက်ဥယျာဉ်၌ ကျင်းပပြီးစီးခဲ့သော ကော့သောင်းရိုးရာ မုန့်မျိုးစုံပွဲတော်အား တစ်ခဲနက် လာရောက်အားပေးခဲ့ကြသော မိတ်ဆွေအပေါင်းတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ကော့သောင်းသူ ကော့သောင်းသားများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေမှုများရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသာဒင်**
**အသက်(၈၆)နှစ်**

ဦးကိုကိုထွေး-ဒေါ်အေးအေးသန်း(တော်ဝင်စင်တာ)တို့၏ဖခင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သီဂီ စိန်ရတနာဆိုင်**
**သီရိ စိန်ရတနာဆိုင်**
**ရွှေစိန်တောင် စိန်ရတနာဆိုင်**
**မြရွှေယုန် စိန်ရတနာဆိုင်**

## အမည်ပြောင်း

ဦးမျိုးမြင့်လွင်၏သမီး၊ ကျိုင်းတုံမြို့၊ အထက (၂)၊ သတ္တမတန်း(ခ)မှ မျိုးသုသံစဉ်အား မျိုးသုသဒ္ဒါဟုပြောင်းလဲခေါ်ပါရန်။ **မျိုးသုသဒ္ဒါ**

## ပိုင်ရှင်ကိုယ်တိုင်

**လျှော့ဈေးဖြင့်အမြန်ရောင်းမည်**
အထက်ပုဇွန်တောင်လမ်းမ၊
၃ထပ်ခွဲ RC(တိုက်သစ်)
၁၇½ပေ×ပေ၈၀ ဈေးနှုန်းကျပ်သိန်း ၅၄၀၀
**ဖုန်း-၀၉-၅၁၂၅၃၉၊ ၄၃၀၈၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ကံဘဲ့၊ မြေကွက်အမှတ်(၄၉/က)၊မြေကွက်တည်နေရာအမှတ် (၄၉/က)၊မဂ္ဂင်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်အမာ၊ ဦးခင်မောင်ဌေး၊ ဦးခင်မောင်ထွေးအမည်ပေါက်နှစ် ၆၀ဂရန်မြေအား ဒေါ်ချိုမာလှိုင်၊ ဦးခင်မောင်လေး၊ ဒေါ်ရီစီညီ၊ ဦးခင်မောင်ဌေး၊ ဦးခင်မောင်ထွေးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၇၂၁၂/၂၀၁၁ / ၁၅-၁၁-၂၀၁၁ အရ ပိုင်ဆိုင်ခဲ့ပြီးနောက် ဒေါ်တင်တင်ဝင်းနှင့် ဒေါ်ညွန့်ညွန့်စိန်အား အရောင်းအဝယ်စာချုပ် ၅၈၁၅/၂၀၁၂ / ၃၁-၁၀-၂၀၁၂ အရ ရောင်းချခဲ့ပါသည်။၎င်းတို့နှစ်ဦးအနက် ဒေါ်ညွန့်ညွန့်စိန်မှာ အပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့် (၁) ဦးတင်ဌေ၇/ဝမန(နိုင်)၀၀၃၅၀၆နှင့် (၂) ဒေါ်တင်တင်ဝင်း၇/ဝမန(နိုင်)၀၇၆၃၃၆တို့က မိဘများ တော်စပ်ကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံသူမရှိကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/၈၂၈၇၁ Suzuki Wave ယာဉ်လက်ဝယ်ရှိသူ ဦးအားရှိး ၁၃/မပတ(နိုင်)၀၁၀၈၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (ခရိုင်ရုံး)၊ တာချီလိတ်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၅၂၈၆ Yamaha Nouvo ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစမ်ခမ်း ၁၃/တခလ(နိုင်)၀၅၈၉၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (ခရိုင်ရုံး)၊ တာချီလိတ်**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ချိုချို (မိတ္ထီလာ)**
**အသက်(၆၇)နှစ်**

ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း(ငြိမ်း)(အင်းဝဘဏ်လီမိတက်၊ မန္တလေး)၏ဇနီး ဒေါ်ချိုချို အသက်(၆၇)နှစ်သည် ၁-၁-၂၀၁၃ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ဒေါ်ငွေမြိုင်(ပင်လောင်း)မိသားစု**

## (၇)နှစ်ပြည့်လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

**ဘုရား၊ စေတီ၊ သိမ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
**ဦးသိန်းမောင် (ရတနာသိန်း)**
**ရတနာခင်မြင့် Co.,Ltd. (ချောက်/ရန်ကုန်)**

၁၄-၁-၂၀၀၆ရက်တွင် ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာခဲ့သည့်မှာ (၇)နှစ်ပြည့်ပြီးဖြစ်သော်လည်း မိသားစုမှာ လွမ်းဆွတ်သတိရနေဆဲပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုနှင့် ၁၄-၁-၂၀၁၃ရက်တွင် ပြုလုပ်သည့် ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား အရဏ်ဆွမ်းလောင်းလှူသော ဝေပုလ္လဆွမ်းလောင်းပွဲကြီးအား အမျှပေးဝေပြီး ဖခင်ကြီးမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**တက်လှမ်းနိဗ္ဗာန်ရောက်ပါစေ-**

**ဇနီး ဒေါ်ခင်မြင့်နှင့် သားသမီး၊ မြေးတစ်စု**
**ချောက်၊ ရန်ကုန်(ရတနာသိန်း)**

## ဝမ်းနည်းကြေကွဲခြင်း
**ရဲအုပ်ဒေါ်မြညွန့်**
**အသက် (၅၈)နှစ်**

ရဲမှူးဦးချန်ထွန်းအောင်၏ဇနီး ရဲအုပ်ဒေါ်မြညွန့် အသက်(၅၈)နှစ်သည် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**မကွေးကောလိပ်မှ သူငယ်ချင်းများ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

**ရဟန်းဒါယကာကြီး**
**ဦးစိုးသိန်း**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**(၁၄-၁-၂၀၀၈ မှ ၁၄-၁-၂၀၁၃)**

အနန္တကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၅)နှစ်ပြည့်ခဲ့ပါပြီ။ ဖခင်ကြီးအတွက် ရည်စူးပြုသမျှကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါ၏။ မြင့်မြတ်သောဘုံမှ သာဓုခေါ်ပါ၊ ဖခင်ကြီးရှိစဉ်က ပြုခဲ့သမျှဒါန၊ သီလ၊ ဝိပဿနာတရားမြတ်တို့ကြောင့် မြတ်နိဗ္ဗာန်သို့ တက်လှမ်းနိုင်ပါစေ။

**ချစ်ဇနီး-ခင်လေး**
**သားကြီး-ကိုပြည့်ဖြိုး 3/E.J.S.M**
**သမီးလေး-မနုဆက်ပွင့်(အထက်တန်းရှေ့နေ)**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်လှလှ**
**အသက်(၈၄)နှစ်**

ဦးမြင့်ဇော်(ဒုအထွေထွေမန်နေဂျာ၊ ပို့ဆောင်၊ မြန်မာ့မီးရထား)၊ ဒေါ်နန်းစန္ဒာဟိန်းတို့၏မိခင် ဒေါ်လှလှသည် ၁၁-၁-၂၀၁၃ ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(သွားလာ/ပို့ဆောင်ရေး)**
**မြန်မာ့မီးရထားဝန်ထမ်းများ**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဦးအေးလွင်**
**[လ/ထ အင်ဂျင်နီယာ(စက်မှု)မြန်မာ့မီးရထား]**

ချစ်ဇနီးနှင့် ရုတ်တရက် ခွဲခွာသွားသည်မှာ ၁၄-၁-၂၀၁၃ရက်တွင် တစ်နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။ မောင့် အတွက်ရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဆေးအလှူ၊ ကြေးပိဋကတ်တော်အလှူ၊ ဘုရား၊ သိမ်၊ ကျောင်းအလှူများ၊ နေ့စဉ်၊ လစဉ်နှင့်အမျှ ပြုခဲ့သောကောင်းမှုကုသိုလ်အလှူဒါနအစုစုတို့အတွက် ကောင်းမြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

**ချစ်ဇနီး-ဒေါ်နုနုကြည်**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်းဒါယိကာမကြီး**
**ဒေါ်ညွန့်ညွန့်(ခ)တန်ကင်စွမ်**
**အသက်(၈၁)နှစ်**

ဦးထွန်းအောင်-ဒေါ်ရွှေသဇင်ကြည်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ညွန့်ညွန့်(ခ) တန်ကင်စွမ် အသက်(၈၁)နှစ်သည် ၁၀-၁-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူကြေကွဲရပါသည်။

**၁၉၈၃ ခုနှစ်-ရန်ကုန်တက္ကသိုလ်ဘူမိဗေဒသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးစောခနီးရာ (မော်လမြိုင်)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၁၃၊ ဒေါ်လှပန်းလမ်းနေ ဦးစောခနီးရာ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် ၉-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူကြေကွဲရပါကြောင်း။ **ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးအသင်း**

## တစ်နှစ်ပြည့်အလွမ်း
**မောင်သူရိန်လင်း** အသက်(၁၇)နှစ်
**ပထမနှစ်(MP)နည်းပညာတက္ကသိုလ်၊ မှော်ဘီ**
**၁၃-၁-၂၀၁၂ မှ ၁၃-၁-၂၀၁၃**

သားလေး မမျှော်လင့်ဘဲ မိသားစုနဲ့ခွဲခွာသွားသည်မှာ တစ်နှစ်ပြည့်ပြီး သားလေးကို တစ်နေ့မှ မမေ့မရပါ။ သားလေးအတွက် ပြုလုပ်ပေးတဲ့ ဒါနကုသိုလ်အားလုံး မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ပါ။

**ဖေဖေ-တပ်ကြပ် ဝင်းထွန်း(ရေ-ငြိမ်း)**
**မေမေ-ဒေါ်တင်တင်ဝင်း**
**မမ-မချစ်ဖူးငုံ(B.Sc)Microbiology**
**ကြီးကြီး-ဒေါ်အုံးညွန့်(ပြန်/ဆက်)ဦးစီးမှူး၊ ရွှေပြည်သာမြို့။**

# ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ

## ဦးသာဒင်

နာယက(တော်ဝင်မိသားစုကုမ္ပဏီ)

အသက်(၈၆)နှစ်

ဦးကိုကိုထွေး (ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)-ဒေါ်အေးအေးသန်း(ဒု-ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)တို့၏ဖခင် ဦးသာဒင်သည် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်လှိုင်

အသက်(၇၈)နှစ်

ဒေါက်တာဦးအောင်မျိုးဝင်း [တွဲဖက်ပါမောက္ခ၊ အရိုးရောဂါပညာဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]-ဒေါက်တာဒေါ်ချယ်ရီတို့၏မိခင် ဒေါ်ကျင်လှိုင် အသက်(၇၈)နှစ်သည် ၁၂-၁-၂၀၁၃ရက် နံနက် ၆း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အရိုးရောဂါပညာဌာန

ဆေးတက္ကသိုလ်(၂) ရန်ကုန်

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်းမြင့် (သန်လျင်)

အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ အမှတ် ၀/၂၅၊ ဗိုလ်တာရာလမ်းနေ ဦးစိုးမြင့်-(ဒေါ်အေးကျင်)တို့၏သမီး၊ (ဦးဘဒင်- ဒေါ်စောမြ)တို့၏သမီးချွေးမ၊ (ဦးကြင်ဆိုင်၊ အခြေခံပညာ)၏ဇနီး၊ မမြင့်မြင့်ခိုင်(ထ-ခွဲ၊ ကျောက်ရေတွင်း၊ သန်လျင်)၏မိခင်၊ မစန္ဒာ၏အဒေါ်သည် ၁၃-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဆွေ

(ဒုတိယညွှန်ကြားရေးမှူး)

ပဲခူးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး(ရုံးခွဲ)၊ ပြည်မြို့

အသက်(၅၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးမောင်မောင်-ဒေါ်မြကြူ)တို့၏သားထွေး၊ ဦးခင်မောင်ဘို၊ (ဦးမောင်မောင်ဝင်း)၊ ဦးတင်သောင်း၊ ဦးခင်မောင်အေး၊ ဒေါ်ခင်ချိုဝင်းတို့၏ညီ/မောင်၊ ဒေါ်နန္ဒာစိုး(ဒုတိယဦးစီးမှူး၊ ပြည်မြို့)၊ မနှင်းနန္ဒာစိုးတို့၏လေးလေးသည် ၁၂-၁-၂၀၁၃ရက် (စနေနေ့) ညနေ ၅း၁၅နာရီတွင် ပြည်မြို့ လောကပါလဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူး)

ပဲခူးတိုင်းဒေသကြီး စီမံကိန်းရုံးခွဲ၊ ပြည်မြို့

၁၂-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုဆွေ ကောင်းရာသုဂတိလားပါစေ။

၈၇-ညီအစ်ကိုမောင်နှမများ

---

ရဟန်းဒါယိကာမကြီး

## ဒေါ်ခိုင်ခိုင်အုန်း

အလက(၂)ရန်ကင်း

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၈)၊ အမှတ် ၁၅၉/ခနေ (ဦးတင်အုန်း)-ဒေါ်ကြည်ကြည်မြင့်၏သမီး၊ (ဦးဉာဏ်မြင့်-ဒေါ်ခင်နု)တို့၏သမီးချွေးမ၊ (မောင်ဉာဏ်လင်း)-မမာလာဝေတို့၏အစ်မ၊ မောင်မင်းခန့်၊ မအိအိမွန်၊ မသီရိမြတ်ဆုတို့၏မိခင်၊ ဦးမောင်မောင်လေး၏ဇနီးသည် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးပြည်သိမ်း (တပ်ကြပ်၊ငြိမ်း)

(ကပစ-၄)၊ မထသခွဲ-၈(ငြိမ်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဂမုန်းလမ်း၊ အမှတ် ၄၅နေ (ဦးသာဖေ-ဒေါ်နော်)တို့၏သား၊(ဒေါ်အုန်းမြင့်)၏ခင်ပွန်း၊ဦးအောင်ကိုကို-ဒေါ်မြမြသိန်းတို့၏ဖခင်၊ မောင်စည်သူလင်းမြတ်၏အဘိုးသည် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၃နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခွန်တင်ဝင်း

(ဦးစီးအရာရှိ၊ ငြိမ်း)

ဆည်မြောင်းဦးစီးဌာန

အသက်(၆၀)

သန်လျင်မြို့၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဒ/၅၅၊ သခင်ထွန်းအုပ်လမ်းနေ (ဦးလှမောင်-ဒေါ်သိန်းကြည်)တို့၏သား၊ (ဦးသောင်း-ဒေါ်လှသင်)တို့၏သားသမက်၊ ဒေါ်ဝင်းရီ(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ မကေဇာဝင်း(မူပြ၊ ထော်ဝက်ကျောင်း)၊ မောင်အောင်ဟိန်းကိုတို့၏ဖခင်သည် ၁၃-၁-၂၀၁၃ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ပျဉ်ထောင်ကျောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြစိန် (ကန့်ဘလူ)

အသက်(၉၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့၊ မြို့မ အမှတ်(၄)ရပ်ကွက်နေ (ဦးရွှေ)၏ဇနီး၊ ဦးဘမော်-ဒေါ်ခင်သန်းရီ၊ ဦးတင်ရွှေ-(ဒေါ်လှလှဝင်း)၊ ဦးအောင်သင်-ဒေါ်ချိုချိုဝင်း၊ ဦးမျိုးလွင်(အထက-၁၊ ကလေး)၊ (ဒေါ်ကြူကြူထွန်း)တို့၏မိခင်သည် ၁၂-၁-၂၀၁၃ရက် (စနေနေ့) ည ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ကလေးမြို့ ဒိုးဝိုင်းချောင်းသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကောက်ပို့(ခ)ဒေါ်ခင်စောမြင့် (မော်လမြိုင်)

အသက်(၈၃)နှစ်

မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၅၀၉နေ(ဦးစိန်ရင်-ဒေါ်ဟန်ရှောင်)တို့၏သမီး၊ (ဦးချမ်းမား-ဒေါ်ကျင်မြိုင်)တို့၏သမီးချွေးမ၊ [ဦးစံလှိုင်(ခ)ကြာစံစွတ်]၏ဇနီး၊ ဦးစိန်လင်း-ဒေါ်သန္တာဝင်း၊ ဒေါ်အေးအေးမြင့်၊ ဦးတင်မြင့်-ဒေါ်မြင့်မြင့်နွယ်၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ဝင်းဝင်းမော်၊ ဦးဟန်လင်း-ဒေါ်တင်မာဖြူ၊ ဦးထိန်လင်းလှိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၂-၁-၂၀၁၃ရက်(စနေနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင်မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊တံတား ဒါယကာကြီး

## ဦးမောင်သန်း

မော်လမြိုင်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် ၄၂နေ (ဦးအေးသော်-ဒေါ်ငွေဂိုင်)တို့၏သား၊ (ဒေါ်နှင်းညွှန့်)၏ခင်ပွန်း၊ ဒေါ်နီနီသန်း-ဦးသန်းလှိုင်၊ Capt ဆန်းဦး (C.H LINE/ECHO Shipping)-ဒေါ်မဠ္ဍုလှိုင်၊ ဒေါက်တာဆန်းလွင်(San Lwin Trading Co.,Ltd.)-ဒေါ်တင်တင်ဝင်း၊ ဒေါ်စန္ဒာနှင်း-Capt ဇော်မင်း(C.H LINE/ECHO Shipping)တို့၏ဖခင်ကြီး၊ ဒေါက်တာချိုနွယ်လှိုင်(ရန်ကုန်ဆေးရုံကြီး)၊ ကိုမြတ်သူလှိုင် (C/O-C.H LINE/ECHO Shipping)၊ မသဲစုလှိုင်၊ မောင်ရဲမင်းအောင် (CURTIN UNIVERSITY, PERTH, AUSTRALIA) မနှင်းသီရိဇော်(ပထမနှစ်၊ ဆေး-၁)၊ မောင်ဟန်ဇော်ထူး (SEC-1 C, ILBC)တို့၏အဘိုးသည် Singapore နိုင်ငံ၊ Mount Elizabeth ဆေးရုံကြီး၌ ၁၀-၁-၂၀၁၃ရက်(ကြာသပတေးနေ့)ဒေသစံတော်ချိန် ညနေ ၆း၄၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းနွယ် (သထုံ)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ကမာကြည်ဥယျာဉ်အိမ်ရာ၊ ခြံအမှတ် S/၁၂နေ (ဦးသာဒွန်းအောင်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးမြင့်သိန်း၊ ဦးစီးအရာရှိ၊ ငြိမ်း၊ လဝက)၏ဇနီး၊ (ဦးမောင်မောင်)၊ ဒေါ်တင်တင်အေးတို့၏ညီမ၊ ဦးဝင်းထွဋ်-ဒေါ်မြင့်မြင့်ကြည်တို့၏အစ်မ၊ ဦးစိုးမြင့်ဦး-ဒေါ်ဥမ္မာမြင့်၊ ဦးမြင့်သန်းစိုး၊ (ဦးနေဝင်းသိန်း)၊ ဦးထိန်လင်းသိန်း (အင်းစိန်မြို့နယ် ဦးစီးမှူး၊ လဝက)-ဒေါ်စိုးစန္ဒာထိုက်၊ (ဦးနေလင်းသိန်း)၊ မမြတ်မြတ်နိုးဦး(ILBC Primary 4-G)တို့၏မိခင်၊ မောင်သုခစိုး(တတိယနှစ်၊ သွား/ဆေး)၊ မောင်မင်းသုကျော်၊ မောင်မင်းကုဋ္ဌေအောင်၊ မရွှေရတနာလင်းတို့၏အဘွားသည် ၁၂-၁-၂၀၁၃ရက်(စနေနေ့)နံနက် ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဂူသွင်းပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

အလှူဒါယကာကြီး

## ဦးစိန်ထွန်း(ခ)တော်ဝမ်စိန်

(ဥက္ကံမြို့)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၇၊ ဗဟိုလမ်းနေ (ဦးဖွန်းနန်း-ဒေါ်ချို)တို့၏ဒုတိယသား၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးကျင်စိန်-ဒေါ်ကျင်မြ၊ ဦးအောင်စိန်-ဒေါ်ခင်ရီတို့၏ မောင်/ညီ၊ (ဦးခင်ဝင်း)-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်တင်တင်မြင့်၊ (ဦးကြည်ဝင်း)-ဒေါ်အေးအေးသန်း၊ ဦးသိန်းအောင်-ဒေါ်ခင်ခင်မြင့်၊ ဦးတင်မိုး-ဒေါ်ညွှန့်ညွှန့်ခင်တို့၏အစ်ကိုသည် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၂၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကိုကျန်းစိန်(ခ) အောင်ခင်ဇော်(ခ) အောင်မြင့်ထွန်း

အသက်(၃၃)နှစ်

မြစ်ကြီးနားမြို့နေ ဦးပြုံးချို-ဒေါ်ဆိုင်စိန်တို့၏သား၊ ကိုစိုးလင်းကျော်-မစန္ဒာမင်း၊ ကိုမင်းမင်း-မဂျာနူးကော့(ခ)ငယ်ငယ်၊ ကိုမိုင်ညီညီနိုင်-မတင်နီလာမင်းတို့၏အစ်ကိုသည် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြော်ငြာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း

ဒါယိကာမကြီး

## ဒေါ်သောင်းရင်(မုံရွာ၊ကလေးဝ)

အသက်(၉၁)နှစ်

မုံရွာမြို့၊ အမှတ် ၈၄၊ ရုံးကြီးရပ်၊ ဘူတာလမ်းနေ (ဒေါက်တာဂျင်နာဒန်း)၏ဇနီး၊ ဒေါက်တာမောင်မောင်အေး-ဒေါ်ရင်ကြည်-ဒေါ်တင်တင်ဦး၊ ဒေါ်ခင်သန်းရင်၊ ဒေါ်ခင်စန်းသီ၊ ဦးမျိုးတင့်အောင်-ဒေါ်အေးအေးမြင့်၊ ဦးမျိုးမြင့်အောင်-ဒေါ်သန်းသန်းဝင်း၊ ဦးခင်မောင်မြင့်-ဒေါ်ခင်စန်းဝင်း၊ ဦးသန်းအေး-ဒေါ်ခင်သင်းရီတို့၏မိခင်ကြီး၊ မြေး၂၁ယောက်၊ မြစ်၁၅ယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၁၃ရက် ညနေ ၃နာရီတွင် စကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးနေဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အုံးမြင့်

(ထားဝယ် ကံပေါက်)

အသက်(၆၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ ကံပေါက်နေ(ဦးဘရှိန်-ဒေါ်ရွှေ)၏သမီး၊ (ဦးစံတင်)-ဒေါ်တင်တင်ရီ၊ (ဦးတင်အေး-ဒေါ်လှကြည်)၊ ဦးမောင်သန်း-ဒေါ်အုံးကြင်တို့၏ညီမ၊ (ဦးသက်နိုင်)-ဒေါ်အုံးသိန်းတို့၏အစ်မ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်နေ ဦးသန်းအောင်၏ဇနီး၊ ဦးဝင်းသိန်း-ဒေါ်ခင်ဥမ္မာအောင်၊ ဦးကိုကိုလွင်-ဒေါ်ခင်စန္ဒာအောင်၊ ဦးညီညီနိုင်-ဒေါ်ခင်သူဇာအောင်၊ မခင်ဖြူပြာအောင်၊ ကိုနန္ဒာအောင်တို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွားသည် ၁၂-၁-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းညွှန့် (ရွှေဘိုမြို့)

ဦးစီးအရာရှိ(ငြိမ်း)

ဆည်မြောင်းဦးစီးဌာန

အသက်(၉၅)နှစ်

ရွှေဘိုမြို့နေ (ဦးကြည်-ဒေါ်သိန်းတင်)တို့၏သားကြီး၊ ရွှေဘိုမြို့၊ ကြေးတိုင်စုရပ်နေ (ဒေါ်ချစ်စိန်)၏ခင်ပွန်း၊ ဦးမင်းဆွေ (ကျန်းမာရေးဌာန၊ ငြိမ်း)-ဒေါ်ခင်မျိုးမြင့်၊ ဒေါ်ခင်စိန်ဝင်း(ဌာနမှူး၊ ငြိမ်း၊ရန်ကင်းပညာရေးကောလိပ်)၊ ဒေါ်စန်းစန်းကြည် (အလပြ၊ ငြိမ်း)၊ ဦးမြင့်သန်း(စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့)-ဒေါ်မြင့်မြင့်ထွေး၊ (ဦးသိန်းဇော်၊ ဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ယုယုလှိုင်တို့၏ဖခင်၊ ဦးမိုးဆွေဦး၊ ဦးမိုးသော်ဦး-ဒေါ်အေးအေးရီ၊ဦးမိုးကျော်ဦး-ဒေါ်သော်တာဝင်း၊ကိုသန်းသီဟ၊ဗိုလ်မှူးရဲနောင်ထွန်း-မသန်းသီတာ၊ မဖူးမြတ်ခိုင်၊ မရွှေစင်ခိုင်တို့၏အဘိုး၊ မခိုင်သော်ဇင်၊မခိုင်မွန်ဇင်၊ မောင်ဝင်းမိုးသူ၊ မအေးမြမိုး၊ မောင်ထက်မြတ်ဟိန်း၊ မမောဘုန်းပြည့်တို့၏ဘိုးဘိုးကြီးသည် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇း၅၀နာရီတွင် ရန်ကုန်မြို့၊အမှတ် ၅၂၅၊ ဓမ္မာရုံလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၁-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်းအေး(ဟင်္သာတ)

မြန်မာ့မီးရထား(ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ရတနာပုံလမ်း၊တိုက် ၁၀၊ အခန်း ၁၀၁(ပထမထပ်)နေ(ဦးတင်သန်း-ဒေါ်အေးကျင်)တို့၏ သမီးလတ်၊ ဦးသိန်းဝင်း၏ဇနီး၊ (ဦးစောနွဲ့-ဒေါ်သန်းရွှေ)၊ (ဦးစိန်ဝင်း)-ဒေါ်သန်းသန်းငွေတို့၏ညီမ၊ (ဦးမြင့်ဇော်)-ဒေါ်ငွေးကြည်တို့၏အစ်မ၊ ကိုကျော်မင်းငြိမ်း-မဇာဇာငြိမ်း၊ ကိုမျိုးမင်းကျော်-မငွေးငွေးဝင်း၊ မအေးမြတ်သန္တာ၊ ကိုကျော်ဇောဟိန်း-မငြိမ်းငြိမ်းကြွယ်၊ မစုမြတ်နန္ဒာတို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဆယ်သိန်းရပ်ကွက်၊ ရတနာပုံလမ်း၊ တိုက် ၁၀၊ အခန်း ၁၀၁ (ပထမထပ်) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးအောင်ကိုကို

အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် ၁၉၉နေ (ဦးတင်မြင့်)-ဒေါ်တိုးတို့၏မြေး၊ ဦးမျိုးမြင့်-ဒေါ်လှလှဝင်း(ခ)ဆရာလေးဒေါ်ယုစန္ဒာတို့၏သားကြီး၊ ဦးသန်းထွန်း-(ဒေါ်စန်းညွှန့်)တို့၏သားသမက်၊ ဒေါ်အေးသီခိုင် (မြန်မာ့စီးပွားရေးဘဏ်၊ သဃ်္ဃန်းကျွန်း)၏ခင်ပွန်း၊ ဦးကျော်ညီညီ (ဒု-တပ်ကြပ်၊ အမှတ်-၄၃၊ မော်ရဝတီရေတပ်ဌာနချုပ်၊ ဟိန်းဆဲ)-ဒေါ်စိုးစိုးမိုး၊ ကိုစိုးမင်းမင်း-မမေရှားတို့၏အစ်ကို၊ ဒေါ်ယဉ်ယဉ်တင့်(ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)၏မောင်၊ မလင်းလင်းထူး၊ မောင်ပြည့်ဖြိုးခိုင်တို့၏ဖခင်သည် ၁၂-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၁၃ရက် (သောကြာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးအုန်းညွှန့် (ရွှေဘိုမြို့)

ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

အသက်(၉၅)နှစ်

ရန်ကုန်မြို့နေ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း-ဒေါ်မြင့်မြင့်ထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအုန်းညွှန့်သည် ၁၃-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ

တည်ဆောက်ရေး(၁)

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းညွှန့် (ရွှေဘို)

ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

အသက်(၉၅)နှစ်

ရန်ကုန်မြို့နေ၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း-ဒေါ်မြင့်မြင့်ထွေးတို့၏ဖခင်ကြီး ဦးအုန်းညွှန့်သည် ၁၃-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ

ဖြူးချောင်းရေလှောင်တမံစီမံကိန်း

တည်ဆောက်ရေး(၁)

---

ဆည်မြောင်းဝန်ထမ်းဟောင်းများ

အသင်း

## ဦးအုန်းညွှန့် (၂၂၃)

ဦးစီးအရာရှိ(ငြိမ်း)၊ ကန်တော့ခံ

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ဓမ္မာရုံလမ်း၊ အမှတ် ၅၂၅၊ (၁၁)ရပ်ကွက်နေ ဒေါ်ချစ်စိန်၏ခင်ပွန်းသည် ၁၃-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အသင်းဝင်များ လိုက်ပါပို့ဆောင်နိုင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးသာထူး

(ဒုအရာခံဗိုလ်)၊ ပလစ(၁)

(မော်ကွန်းဝင်ဒုတိယဆင့်)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ စီးပွား/ကူးသန်းအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၂နေ (ဒေါ်အမာကြည်)၏ခင်ပွန်း၊ (ဦးစိုးသိန်း) - ဒေါ်သန်းသန်းဝင်း(အထပြ၊ ငြိမ်း)၊ ဒေါက်တာကြီးမင်-ဒေါ်နီနီစံ၊ (ဦးသိန်းမင်း)-ဒေါ်အုန်းအုန်း၊ ဒေါ်ခင်စီ (ဒု/ဦးစီးမှူး၊ တောင်ဥက္ကလာပ ပြန်/ဆက်)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

အလှူဒါယကာကြီး

## ဦးစိန်ထွန်း(ခ)တော်ဝမ်စိန်

(ဥက္ကံမြို့)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၇၊ ဗဟိုလမ်းနေ (ဦးဖွန်းနန်း-ဒေါ်ချို)တို့၏ဒုတိယသား၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဒေါက်တာတင်ဝင်း-ဒေါ်နွယ်ခင်ထွန်း(ခေတ္တ-တိုင်ဝမ်)၊ Mr. Steven Corcoran-ဒေါ်မြတ်ခင်ထွန်း (ခေတ္တ-USA)၊ ဦးကံထွန်း-ဒေါ်သီဂီခင်ထွန်း (ခေတ္တ-USA)၊ ဒေါက်တာကျော်ဆန်းဝင်း - ဒေါ်သင်းသင်းကြိုင် (ခေတ္တ-ဂျပန်)၊ ဦးမျိုးဦး-ဒေါ်သင်းသင်းလှိုင်၊ ဦးထွန်းထွန်းဦး - ဒေါ်မေကြည်၊ ဒေါက်တာလှစိုး - ဒေါ်ခင်မျိုးထွန်းတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၁၃-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၂၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးချစ်မောင် (အိမ်မဲ)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၁၃)ရပ်ကွက်၊ အောင်သစ္စာ ၂လမ်း၊ အမှတ် ၂၃၇နေ(ဦးစစ်တင်-ဒေါ်စိန်ရင်)တို့၏သားကြီး၊ (ဒေါ်ကျင်ဟန်)၏ခင်ပွန်း၊ ဒေါ်ကြည်ဝင်း၊ ဒေါ်အေးဝင်း၊ (ဦးလှဝင်း)၊ ဦးဇော်ဝင်း၊ ဦးထွန်းဝင်း၊ (ဦးသန်းဝင်း)၊ဦးမျိုးဝင်း၊ဒေါ်ခင်မြဝင်း၊ ဦးရဲဝင်း၊ ဦးသန်းထွေးဝင်းတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၂-၁-၂၀၁၃ရက် (စနေနေ့)နံနက် ၇း၄၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၁၃ရက် (သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ရီ

ဒုအရာခံဗိုလ်(လေ)(ငြိမ်း)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဝိဇ္ဇာလမ်း၊ အမှတ် ၄၃(က)နေ (ဦးချစ်-ဒေါ်သန်း)တို့၏သား၊ ဒေါ်ခင်ထွေးမြင့်၏ခင်ပွန်း၊ ဒေါ်ခိုင်မာဦး၏ဖခင်၊ မောင်ကျော်ဇင်မင်း(C.O, MV Liscar Co., Ltd.)-ဒေါ်ယဉ်ယဉ်အောင်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၃-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သုခကမ္ဘာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း

ဒါယိကာမကြီး

## ဒေါ်ကျင်လှိုင်

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၀နေ (ဦးကြူးဝါး-ဒေါ်ရွှေစိန်)တို့၏သမီး၊ ဦးကျော်ဝင်း၏ဇနီး၊ ဦးလှမောင်-(ဒေါ်ကျင်မြိုင်)၏ညီမ၊ ဦးစိန်သန်း-(ဒေါ်ကျင်အေး)၊(ဦးကြင်ဟုတ်)-ဒေါ်စန်း၊ ဦးကြည်သိန်း-ဒေါ်ကျင်သိန်းတို့၏အစ်မသည် ၁၂-၁-၂၀၁၃ရက် နံနက် ၆း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အင်းစိန်မြို့နယ်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

# တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေအား တစ်ဧကလျှင် ကျပ် (၁၀၀၀၀၀)နှုန်း တိုးမြှင့်သတ်မှတ်ခြင်း

နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် အရင်းအနှီးလိုအပ်ချက်များကို အထောက်အပံ့ဖြစ်စေရန်အတွက် ယခုနှစ် မိုးစပါးရာသီမှစ၍ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများအား တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေ လက်ရှိကျပ်(၈၀၀၀၀)မှ ယခု ကျပ် (၁၀၀၀၀၀)နှုန်းသို့ တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းဥပဒေအရ မူလကြွေးဟောင်းကြွေးကျန်များကို အပြေအကျေ (အပြည့်အဝ) ပြန်လည်ပေးဆပ်ပြီးသူများကိုသာလျှင် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး အမှန်တကယ်စိုက်ပျိုးစရိတ် အခက်အခဲတွေ့ရှိနိုင်သည့် တစ်ပိုင်တစ်နိုင်နှင့် (၁၀)ဧကနှင့်အောက် တောင်သူများကိုသာလျှင် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။ အချိန်မီ ထုတ်ချေးပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် စိုက်ဧကများ မှန်ကန်စွာစာရင်းပြုစု၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ စာရင်းဇယားများ ချိန်ကိုက်ပေးပို့နိုင်ရန် နှိုးဆော်ထားရှိပါကြောင်း ကြေညာအပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# ရန်ကုန် – ဟောင်ကောင်လေကြောင်းလိုင်းသစ်ခရီးစဉ်ပျံသန်းမည်

*သတင်းဆောင်းပါး*
*အာကာဟိန်း*

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများပြားလာလျက်ရှိရာ လေကြောင်းခရီးစဉ်များလည်း တိုးချဲ့ပျံသန်းမှု တိုးမြှင့်လာသည်။ ယခုအခါ ဒရာဂွန်အဲလေကြောင်းလိုင်းက ရန်ကုန်-ဟောင်ကောင်ခရီးစဉ်ကို ပြေးဆွဲတော့မည်ဖြစ်သည်။

ဒရာဂွန်အဲလေကြောင်းလိုင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဟောင်ကောင်သို့ သီတင်းတစ်ပတ်လျှင် လေးရက်ပျံသန်းပေးသွားရန် စီစဉ်ထားသည်။ ဒရာဂွန်အဲလေကြောင်းလိုင်းသည် သီတင်းအပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ သောကြာနှင့် စနေနေ့များတွင် ရန်ကုန်-ဟောင်ကောင် ခရီးစဉ်ကို ပျံသန်းပေးသွားရန် စီစဉ်ထားသည်။

ဒရာဂွန်အဲလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ဒရာဂွန်အဲလေကြောင်းလိုင်းသည် တရုတ်နိုင်ငံတွင် ပြည်တွင်းခရီးစဉ် ၂၀ ခုနှင့် အာရှဒေသအတွင်း ခရီးစဉ် ၄၃ ခု ပျံသန်းပြေးဆွဲပေးနေပြီး နိုင်ငံတကာလေကြောင်း ခရီးစဉ်များ တိုးချဲ့ပျံသန်းမှုများ ပြုလုပ်ရန် ကြိုးစားနေသည့် လေကြောင်းလိုင်းဖြစ်သည်။

အဆိုပါလေကြောင်းလိုင်းသစ် ပျံသန်းနိုင်မှုကြောင့် တရုတ်နိုင်ငံမှ ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်နိုင်မည့် အခွင့်အရေးများ ရရှိလာမည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်

*စာမျက်နှာ ၈ ကော်လံ ၅* ❀

## ယနေ့မာတိကာ

ကောင်းသောစေတနာကြောင့် စိတ်ကောင်းစိတ်မြတ်ကိုဖြစ်စေကာ ဆိုးသောစေတနာကြောင့်စိတ်ညံ့စိတ်ဆိုးတို့ကိုဖြစ်စေသည်ဟု ဆိုရမည်ဖြစ် (ခေါင်းကြီး) စာ-၂
နှစ်ပေါင်း ၈၅၀၀ သက်တမ်းရှိ လူ့အရိုးစုများ ရှာဖွေတွေ့ရှိ စာ-၄
ရုရှားလေယာဉ်ပေါ်တွင် ကလေးမွေးဖွား စာ-၅
"ရာဇသတ်ကြီး" လော (သို့မဟုတ်) "ပြစ်မှုဆိုင်ရာဥပဒေ" လော "ရာဇဝတ်ကျင့်ထုံးဥပဒေ" လော(သို့မဟုတ်) "ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ" လော (ဆောင်းပါး) စာ-၇
အော့ကလန်တင်းနစ် ဒေးဗစ်ဖာယာ ဆွတ်ခူး စာ-၁၂
ချယ်လ်ဆီးတို့ အဝေးကွင်းမှာ အောင်ပွဲခံခဲ့ကြတဲ့ ပွဲစဉ် (၂၂) စာ-၁၃

**ကြော်ငြာ အချပ်ပိုပါရှိ** — ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (၄)မျက်နှာ ပါရှိပါသည်။

## အားကစားသတင်းပဒေသာ



# မန်ယူတို့ အိုးထရက်ဖို့ဒ်၌ အောင်ပွဲခံ

**➤ ဝေယံဦး-ရေးသည် ➤**

**လန်ဒန် ဇန်နဝါရီ ၁၃**

ပရီမီယာလိဂ် ပွဲစဉ်များကို ဇန်နဝါရီ ၁၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူနှင့် လီဗာပူးတို့ပွဲတွင် မန်ယူက အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ဖိဖိစီးစီး ကစားကာ ပထမပိုင်းပွဲချိန်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

မန်ယူအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၉ မိနစ်၌ တိုက်စစ်မှူး ဗန်ပါစီ လီဗာပူး ဂိုးဧရိယာအတွင်းမှ အနီးကပ်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**လီဗာပူးတို့က မန်ယူနောက်တန်းကို ထိုးဖောက်ဖြတ်ကျော်နိုင်ခဲ့သော်လည်း ဂိုးသွင်းမသေချာမှုကြောင့် ပထမပိုင်းတွင် ချေပဂိုး ပြန်မသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းပွဲချိန်တွင် မန်ယူတို့ လီဗာပူးဂိုးဧရိယာအနီး ပြစ်ဒဏ်ဘောရရှိခဲ့ရာမှ ယင်းပြစ်ဒဏ်ဘောမှတစ်ဆင့် အီဗရာ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့ပြန်သည်။

သို့သော် ပွဲချိန် ၅၆ မိနစ်၌ ဂျရတ်ကန်သွင်းမှုမှ ပြန်လျှံထွက်လာသောဘောလုံးကို စတားရစ်က အပိုင်ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ လီဗာပူးတို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း မန်ယူတို့က ပိတ်ဆို့ကစားခဲ့သဖြင့် ပွဲပြီးချိန်တွင် မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**

# မြန်မာ–ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇန်နဝါရီ ၁၃**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် H&S Group က စီစဉ်သော မြန်မာနှင့်ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ အားကစားခန်းမ (ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်သည်။

### ဆွတ်ခူးထား

အဆိုပါ မြန်မာ-ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများတွင် တွေ့မရှောင် (နဂါးမာန်/မြန်မာ) နှင့် ဂျိုဝီဟ(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ တွေ့မရှောင်သည် ၂၀၁၃ ဒဂုံရွှေအောင်လံ (ပထမတန်း)၌ ဖိုးကေကို ပထမအချီ ၂ မိနစ် စက္ကန့် ၂၀ တွင် အလဲထိုးအနိုင်ရရှိခဲ့ပြီး ဒဂုံရွှေအောင်လံဆုကို ဆွတ်ခူးထားသည်။ ပြိုင်ပွဲအတွေ့အကြုံ ၄၅ ပွဲတွင် ပွဲ ၃၀ နိုင်ထားပြီး ၁၃ ပွဲ သရေ၊ နှစ်ပွဲသာရှုံးထားသူဖြစ်သည်။ နိုင်ငံတကာပြိုင်ပွဲတွင် လေးကြိမ်နိုင်ထားကာ မွေ့ထိုင်း လက်ဝှေ့သမားများနှင့်လည်း (၁၀) ကြိမ် ယှဉ်ပြိုင်ခဲ့ရာ ငါးကြိမ်အလဲထိုးနိုင်ကာ ငါးကြိမ်သရေဖြစ်ခဲ့သည်။ တွေ့မရှောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျိုဝီဟ (ထိုင်း)က ပြည်နယ်ချန်ပီယံ ဖြစ်သည်။ ဂျိုဝီဟ၏ ထိုးသတ်ခဲ့သော ပြိုင်ပွဲအတွေ့အကြုံပွဲပေါင်း ၄၀

တွေ့မရှောင် (မြန်မာ)

တွင် ၂၅ ပွဲ နိုင်ထားပြီး ငါးပွဲသရေ၊ ၁၀ ပွဲရှုံးထားသူဖြစ်သည်။ သူတို့နှစ်ဦး၏ ပြိုင်ပွဲကို ပွဲကောင်းတစ်ပွဲအဖြစ် ကြည့်ရှုရမည်ဖြစ်သည်။ နောက်တစ်တွဲမှာ ထွန်းထွန်းမင်း (မြန်မာ)နှင့် ပွန်ပက်(ထိုင်း)တို့ ဖြစ်သည်။ ထွန်းထွန်းမင်းသည် အာရှမွေ့ချန်ပီယံငွေဆုကို ဆွတ်ခူးထားသူဖြစ်သည်။ အထူး ဒဂုံရွှေအောင်လံပြိုင်ပွဲတွင် ဖဲလစ်(ဂျာမနီ)ကို ဒုတိယအချီ ၁ မိနစ် ၄၄ စက္ကန့်တွင် အလဲထိုးနိုင်ထားသည်။နိုင်ငံတကာပြိုင်ပွဲ၌ ၂၀၁၂ အာရှမွေ့ချန်ပီယံ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးထားပြီး မွေ့ထိုင်း လက်ဝှေ့သမားများနှင့် သုံးကြိမ်ထိုးသတ်ခဲ့ရာ နှစ်ပွဲနိုင် တစ်ပွဲသရေဖြစ်ခဲ့သည်။ ပြိုင်ပွဲပေါင်း ၃၀ တွင် ပွဲ ၂၀ နိုင်ထားပြီး ငါးပွဲသရေ၊ ငါးပွဲရှုံးထားသူ ဖြစ်သည်။

### အနိုင်ရ

ထွန်းထွန်းမင်းနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် ပွန်ပက်(ထိုင်း)က ပြည်နယ်ချန်ပီယံ ဖြစ်သည်။ ပြိုင်ပွဲပေါင်း ၅၀ ထိုးသတ်ခဲ့ရာ ပွဲ ၃၀ နိုင်ခဲ့ပြီး ၁၂ ပွဲသရေ ရှစ်ပွဲ ရှုံးထားသူဖြစ်သည်။ ပွန်ပက်က ထွန်းထွန်းမင်းနှင့် သက်တူရွယ်တူ ဝိတ်တန်းတူညီထားသဖြင့် သူတို့ နှစ်ဦး၏ ပြိုင်ပွဲက ပရိသတ်အကြိုက် ဖြစ်လာနိုင်သည်။ နောက်တွဲဆိုင်း တစ်တွဲမှာ ထူးထူး (မြန်မာ၊ နဂါးမာန်)နှင့် ပက်ပကိုင် (ထိုင်း)တို့ ဖြစ်သည်။ ထူးထူးသည် ဒုတိယတန်း ဒဂုံရွှေအောင်လံပွဲတွင် ဖိုးသားကြီး (မန္တလေး)ကို အမှတ်ဖြင့် အနိုင်ရ၍ ဒုတိယတန်း ဒဂုံရွှေအောင်လံ ဖလားကို ဆွတ်ခူးထားသည်။ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံ၌ ၂၀၁၂ အာရှမွေ့ ချန်ပီယံပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးခဲ့ပြီး မွေ့ထိုင်း လက်ဝှေ့သမားများနှင့် နှစ်ကြိမ်ထိုးသတ်ခဲ့ပြီး နှစ်ပွဲနိုင်ထားသူ ဖြစ်သည်။ ထိုးသတ်ခဲ့သောပြိုင်ပွဲပေါင်း ၃၀ တွင် ပွဲ၂၀ နိုင်ထားခဲ့ပြီး ငါးပွဲသရေ၊ ငါးပွဲရှုံးထားသူ ဖြစ်သည်။ ထူးထူးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်

*စာမျက်နှာ ၉ ကော်လံ ၇* ✳

ဂျိုဝီဟ (ထိုင်း)